# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၁ ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ်(၁၁၆)






နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တမူးမြို့ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တမူးမြို့ဒေသခံများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလေးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

## ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် ကြားဖြတ်စီမံဆောင်ရွက်ချက်များ ချမှတ်ပေးရန် လျှောက်ထားချက်အပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

# အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက မှတ်သားထားရှိ ရခိုင်ပြည်နယ်၌ လူမျိုးပြုန်းတီးစေရန် ဆောင်ရွက်မှုမရှိ

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် ကြားဖြတ်စီမံဆောင်ရွက်ချက်များ ချမှတ်ပေးရန် အပြည်ပြည်ဆိုင်ရာတရားရုံးသို့ လျှောက်ထားချက်နှင့် ပတ်သက်၍ ယနေ့ အပြည်ပြည်ဆိုင်ရာတရားရုံးက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံအစိုးရအနေဖြင့် မှတ်သားထားရှိသည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် လူမျိုးပြုန်းတီးစေမှုများ ဖြစ်ပွားခဲ့ကြောင်း ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်ဖြင့် တရားရုံးသို့ တင်ပြထားသည့် အမှုကိစ္စနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံးမှ တရားသူကြီးများအနေဖြင့် မှန်ကန်သည့်အချက်အလက်များ ရရှိနိုင်ရေးကို အထောက်အကူပြုစေရန်အတွက်

*စာမျက်နှာ ၅ ကော်လံ ၁* ❖


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ပင်လုံစိတ်ဓာတ် အမွေခံယူ

ပင်လုံသည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် တည်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့၏ လမ်းဆုံသည့် နေရာ၊ လွတ်လပ်ရေးမရမီက လဲချားစော်ဘွားနယ်အတွင်းပါရှိသော မြို့ကလေးတစ်မြို့ဖြစ်သည်။ နယ်ချဲ့ကိုလိုနီသွေးခွဲ အုပ်ချုပ်မှုစနစ်အရ တောင်တန်းဒေသများကို ပြည်မနှင့် ခွဲခြားအုပ်ချုပ်ခဲ့သည့်အလျောက် နယ်ခြားဒေသအတွင်းဝန်တစ်ဦး၏အောက်တွင် ဩဇာအာဏာကန့်သတ်မှုများဖြင့် စော်ဘွားများအား ၎င်းတို့၏ အရိုက်အရာကို ဆက်လက်ပေးအပ်ထားခြင်းအားဖြင့် တောင်တန်းများပေါ်၌ ပဒေသရာဇ်စနစ် ဆက်လက်တည်ရှိနေခဲ့သည်။ တိုင်းရင်းသားပြည်သူများ၏ ဘဝများမှာမူ ဖွံ့ဖြိုးတိုးတက်မှုကင်းမဲ့ကာ ဘိန်းနှင့် လောင်းကစားနွံတွင်း နစ်မြုပ်ခဲ့ကြရသူက များပြားခဲ့သည်။

နယ်ချဲ့အစိုးရလက်ထက် မြန်မာနိုင်ငံအုပ်ချုပ်ရေးတွင် ပြည်မနှင့် တောင်တန်းဒေသဟူ၍ ခွဲခြားခဲ့ရာ ၁၉၃၅ ခုနှစ် ဗမာနိုင်ငံအစိုးရအက်ဥပဒေအရ ရွေးကောက်တင်မြှောက်သည့် အစိုးရက ပြည်မကို အုပ်ချုပ်ခဲ့ပြီး တောင်တန်းဒေသများကို ဘုရင်ခံက အုပ်ချုပ်ခဲ့သည်။ တောင်တန်းဒေသ (ဝါ) နယ်စပ်ဒေသ (Frontier Areas) များကို အင်္ဂလိပ်တို့က ကန့်သတ်ဒေသများ (ဇယားဝင်ဒေသများ) (Scheduled Area) ဟုလည်း ခေါ်ဝေါ်ခဲ့သည်။ ၁၉၃၅ ခုနှစ် ဗမာနိုင်ငံအစိုးရ အက်ဥပဒေ၏ သီးသန့်ဇယားတွင် ထည့်သွင်းဖော်ပြထားခြင်းကြောင့် ဇယားဝင်ဒေသများဟု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ပြီး တောင်တန်းဒေသနေ လူထုမှာ နိုင်ငံရေးအရ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးဟူသော အကြောင်းပြချက်ဖြင့် ဘုရင်ခံက တိုက်ရိုက် အုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရယူရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းမှုကာလအတွင်း နယ်ချဲ့အစိုးရ၏ ကိုယ်စားလှယ်ဖြစ်သော နယ်ခြားဒေသ အတွင်းဝန်သည် တိုင်းရင်းသားများအကြား သွေးခွဲသပ်လျှိုမှုများ၊ သံသယပွားစေမည့် ရန်တိုက်ပေးမှုများကို ခြေလှမ်းသွက်သွက်ဖြင့် တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ အဓိကဦးတည်ချက်မှာ မြန်မာနိုင်ငံကို မဖြစ်မနေ လွတ်လပ်ရေးပေးရလျှင် ပြည်မကိုသာပေးအပ်ပြီး တောင်တန်းဒေသများကို ၎င်းတို့၏ အင်ပါယာကာကွယ်ရေးတွင် တစ်စိတ်တစ်ဒေသအသုံးပြုနိုင်ရန်အတွက် ချန်လှပ်ထားရန်ပင်ဖြစ်သည်။

နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု (Divide and Rule) အရ 'နယ်ခြားဒေသကျော်ဖြတ်မှု ချုပ်ကိုင်ရေးဥပဒေ' (Frontier Crossing Act) ဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း၊ နယ်နှင်ခြင်း အခွင့်အာဏာများဖြင့် တောင်တန်းဒေသနှင့် ပြည်မအကြား နိုင်ငံရေးအရ ဆက်သွယ်မှု မပြုလုပ်ရန် တင်းကျပ်စွာ တားမြစ်ထားခဲ့သည့်တိုင် တောင်တန်းဒေသမှ တိုင်းရင်းသား ခေါင်းဆောင်များသည် တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်ကြောင်းကို ပြသခဲ့ကာ လုံးဝလွတ်လပ်ရေးကို ဦးတည်သည့် ပင်လုံညီလာခံကြီးကို အောင်အောင်မြင်မြင် ပေါ်ပေါက်လာစေခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ ဦးဆောင်ကြိုးပမ်းမှုဖြင့် တောင်တန်းဒေသများနှင့် ပြည်မတို့ ပူးပေါင်းကာ လွတ်လပ်ရေးကို ရယူခဲ့ကြရသည်မှာ အလွယ်တကူ မဟုတ်ခဲ့။ ပင်လုံညီလာခံကျင်းပရန်သည်ပင် လွယ်ကူခဲ့သည်မဟုတ်ဘဲ ကိုယ်ကျိုးစီးပွား လက်မလွှတ်လိုသည့် ပဒေသရာဇ်များ၊ ကိုလိုနီနယ်ချဲ့များနှင့် ၎င်းတို့၏ ဩဇာခံများ၊ အာဏာရမ္မက်ငမ်းငမ်းတက်သည့် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများ၏ အနှောင့်အယှက်၊ အဖျက်အမှောင့်ပယောဂများကို ရင်ဆိုင်ကျော်လွှားခဲ့ကြရသည်။ လွတ်လပ်ရေးကို အတူတကွ ရယူလိုသည့် မျှော်မှန်းချက်၊ အေးအတူပူအမျှ တန်းတူရည်တူ ယှဉ်တွဲကာ နေထိုင်သွားလိုသည့် စိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်ခဲ့ကြခြင်းကြောင့်သာ ပင်လုံညီလာခံကြီး ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပြီး ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုခေတ်ထိုကာလက မိမိတို့ဘိုးဘေးများ၏ နှလုံးအိမ်၌ တည်ရှိခဲ့သော စိတ်ဓာတ်သည် "ပင်လုံစိတ်ဓာတ်"အဖြစ် ခေတ်သမိုင်းကို ရေးထိုးထားရစ်ခဲ့သည်။

ပင်လုံစာချုပ်ရေးထိုးခဲ့ကြသည်မှာ နှစ်ကာလအားဖြင့် (၇၃) နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး တစ်သွေးတည်း တစ်သားတည်းဖြစ်သည်ဟူသော စည်းလုံးညီညွတ်သည့်စိတ်ဓာတ်နှင့်ခွန်အားတို့မှာ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ရေး၏ သွေးနှင့်အသက်ပမာဖြစ်သည်ကို ထာဝရနှလုံးသွင်းနိုင်ကြပါစေကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

**ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့။**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် Young President Organization (YPO) Yangon Chapter အသင်းဝင်များ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် Young President Organization (YPO) Yangon Chapter အသင်းဝင်များ "မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး အလားအလာနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သင့်သည်များ" ခေါင်းစဉ်ဖြင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး/ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Young President Organization (YPO) Yangon Chapter အသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ၊ MSDP တွင် ပါဝင်သည့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် Project Bank လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ Project Bank ဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်နိုင်ရန် Public-Private Partnership (PPP) Center တည်ထောင်ထားရှိမှု၊ Digital Economy အောင်မြင်စွာ ပေါ်ထွန်းလာစေရန်နှင့် Digital Economy ကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူများ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပြီး အစွန်ဆိုင်ရာကိစ္စရပ်များနှင့် အကောက်ခွန်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နေသည့် အခြေအနေများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေဝန်ဆောင်မှုပေးနိုင်ရန် ချေးငွေအာမခံအဖွဲ့အစည်း ထူထောင်နိုင်ရေးကိစ္စ ဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်း ဆွေးနွေးခဲ့သည်။

ထို့နောက် Young President Organization (YPO) Yangon Chapter အသင်းဝင်များက မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးအလားအလာနှင့် ၎င်းတို့ လက်ရှိဆောင်ရွက်နေသည့် အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး သိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကြယ်အလင်းနဲ့ လှရအောင် ကလေးကဗျာများ စာအုပ်မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြေလတ်မောင်မြင့်သူ ရေးသားသည့် "ကြယ်အလင်းနဲ့ လှရအောင်" ကလေးကဗျာများ စာအုပ်မိတ်ဆက်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ကဗျာစာအုပ်သည် ၂၀၁၅ ခုနှစ် ထွန်းဖောင်ဒေးရှင်း စာပေဆုရ စာမူဖြစ်ပြီး အာဆီယံနိုင်ငံများမှ ကလေးများအတွက် ဗဟုသုတရစေမည့် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသည့် ကဗျာ ၇၅ ပုဒ် ပါဝင်သည်။

စာရေးသူ မြေလတ်မောင်မြင့်သူက "အဓိက က ကလေးရဲ့ အခြေခံစိတ်ဓာတ်နဲ့ နှလုံးသားကို အတင်းရိုက်သွင်းတာမျိုးမဟုတ်ဘဲနဲ့ ဒီကဗျာလေးတွေ ရွတ်ဆိုရင်း သူတို့ရဲ့ စိတ်ထဲမှာ ယဉ်ကျေးလိမ္မာတာတွေက လက်ပွန်းတတီးဖြစ်ပြီး နှလုံးသားထဲ စွဲသွားမှာပါ။ ဒါ့ကြောင့် ကလေးကဗျာတွေ၊ ကလေးစာပေတွေက လိုအပ်ပါတယ်" ဟု ပြောကြားသည်။

"ကြယ်အလင်းနဲ့ လှရအောင်" စာအုပ်သည် ကလေးများ ကြီးပြင်းလာသည့်အခါ လမ်းပြရှေ့ဆောင်ကြယ်များကဲ့သို့ ကိုယ်ပိုင်အလင်းရောင်ဖြင့် ဘဝကိုထူထောင်နိုင်ရန် ရည်ရွယ်ရေးသားထားသည့် ကလေးကဗျာဖြစ်၍ စွယ်တော်ပုံနှိပ်တိုက်မှ ပုံနှိပ်ပြီး ယဉ်မျိုး စာပေတိုက်မှ ထုတ်ဝေဖြန့်ချိကာ စာအုပ်ဈေးနှုန်းမှာ ငွေကျပ် ၄၅၀၀ ဖြစ်သည်။

စာအုပ်မိတ်ဆက်ပွဲတွင် ကဗျာဆရာ အယ်ဒီတာ မောင်ယဉ်မှူး၊ ဆရာကြည်မင်း၊ ဆရာ အောင်ဇော်မင်းနှင့် မောင်ရင့်မာ (ကျောင်းကုန်း) တို့က မုဒိတာစကားများ ပြောကြားကြသည်။

ဝင်းဝင်းမော်





နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တမူးမြို့ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူ၊ ပြည်သူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

● *ရွှေဖုံးမှ*

ထို့ပြင် တမူးမြို့တွင်း လမ်းမတစ်လျှောက်၌ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တမူးမြို့နယ် စက်ရောင်ဘီလူးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**❒ အများအတွက် စဉ်းစားခြင်းက ကိုယ့်အတွက် အများကြီး အကျိုးရှိတယ်။ အများရဲ့အမြင်နဲ့မြင်ဖို့ ကြိုးစားခြင်းက ကိုယ့်အမြင် ကျယ်လာပါတယ်။ အများရဲ့အတွေးနဲ့တွေးနိုင်ဖို့ ကြိုးစားခြင်းက ကိုယ့်ရဲ့ဦးနှောက်ကို ပိုပြီးထက်သန်လာတယ်ဆိုပြီး အဲဒီလိုမြင်စေချင်ပါတယ်။ အဲဒီလိုမြင်မယ်ဆိုရင် ပြည်သူပြည်သားတွေ တစ်နေ့ထက်တစ်နေ့ တိုးတက်ဖို့ပဲရှိပါတယ်**

### ပြည်သူတွေရဲ့နွေးထွေးမှု အင်အားတစ်ခုဖြစ်

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီနေ့တမူးကိုလာပြီး ပြည်သူပြည်သားတွေနဲ့ တွေ့ခွင့်ရတဲ့အတွက် ကျွန်မ အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့ကို သိုက်သိုက်ဝန်းဝန်း ကြိုဆိုတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်မ ဘယ်ကိုသွားသွား ပြည်သူတွေရဲ့ ကြိုဆိုမှု၊ ပြည်သူတွေရဲ့ နွေးထွေးမှုက ကျွန်မတို့အတွက် အင်အားတစ်ခု ဖြစ်ပါတယ်။ ဒီအင်အားတွေကိုစုပြီး ပြည်သူတွေအတွက် ပြန်ပြီးသုံးဖို့ ရည်ရွယ်ပါတယ်။

ကျွန်မ တမူးကိုလာတဲ့အခါ တိုင်းရင်းသားပေါင်းစုံကို တွေ့ခဲ့ရပါတယ်။ အဲဒီပြည်သူတွေထဲမှာ တမူးဘက်မှာ အနေများတဲ့ ဂေါ်ရခါးမျိုးနွယ် ပြည်သူတွေကိုလည်း တွေ့ရပါတယ်။ ဒီလိုတွေ့ရင် ကျွန်မ အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့ တိုင်းပြည်အတွင်းသာမက တစ်ကမ္ဘာလုံးမှာ လူသားတွေအချင်းချင်း အဆက်အစပ်ရှိတယ်ဆိုတာကို ဘယ်တော့မှ မမေ့သင့်ပါဘူး။

### နွေးနွေးထွေးထွေးကြိုဆို

တမူးမှာ နီပေါမျိုးနွယ်ဖြစ်တဲ့ ဂေါ်ရခါးမျိုးနွယ်တွေကို တွေ့ရပါတယ်။ ကျွန်မ နီပေါကိုသွားတဲ့အခါ နီပေါနိုင်ငံသူနိုင်ငံသားတွေက နွေးနွေးထွေးထွေး ကြိုဆိုကြပါတယ်။ ဒါကျွန်မတို့အားလုံး တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ဆက်စပ်မှုရှိနေတယ်ဆိုတာကို ပြတာပါ။ ကျွန်မတို့ နိုင်ငံမှာ လူမျိုးမရွေး၊ ဘာသာမရွေးအားလုံး ညီညီညွတ်ညွတ်နဲ့ အေးအေးချမ်းချမ်းနေနိုင်တယ်ဆိုရင် ဒါနိုင်ငံရဲ့ သိက္ခာပဲဆိုတာကို အားလုံးသဘောပေါက်စေချင်ပါတယ်။ တစ်ဦးနဲ့တစ်ဦး လေးစားရမယ်၊ တစ်ဦးနဲ့တစ်ဦး မေတ္တာထားရမယ်၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုပေးရမယ်။ ကိုယ်နဲ့မတူတဲ့သူတွေ ကိုယ့်နိုင်ငံထဲမှာ အေးအေးဆေးဆေး၊ ပျော်ပျော်ရွှင်ရွှင်နေနေတာကို မြင်ရင်စိတ်ချမ်းသာရမယ်။ ကျွန်မ အမြဲ အဲဒီအရာတွေကို ဂုဏ်ယူပါတယ်။

ဘယ်ကိုသွားသွား တိုင်းရင်းသားလူမျိုးစုမျိုးစုံ၊ နိုင်ငံသူ နိုင်ငံသားမျိုးစုံနဲ့ နိုင်ငံအတွင်း မှီတင်းနေထိုင်သူမျိုးစုံက တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နေနေတာကို တွေ့ရရင် ကျွန်မ အင်မတန်မှဂုဏ်ယူပါတယ်။ အင်မတန်မှ စိတ်ချမ်းသာပါတယ်။ ဒါနိုင်ငံရဲ့ အင်အားပါ။ ဒါနိုင်ငံရဲ့ အနာဂတ်ကို တည်ဆောက်ရမယ့် ပြည်ထောင်စုကြီးရဲ့ အခြေခံ စိတ်ဓာတ်ဖြစ်ပါတယ်။

ကျွန်မ စစ်ကိုင်းတိုင်းဒေသကြီး အနောက်ဘက်ပိုင်းကို မရောက်တာ တော်တော်ကြာပါပြီ။ ကျွန်မမရောက်တဲ့ အချိန်ကာလအတွင်းမှာ ပြောင်းလဲတိုးတက်မှုတွေ ရှိခဲ့ပါတယ်။ ကျွန်မတို့ တိုးတက်စေချင်သလောက် တိုးတက်တယ်လို့တော့ ပြောလို့မရသေးပါဘူး။ ဒါပေမယ့် အခက်အခဲတွေကြားထဲကနေပြီး တိုးတက်မှုရှိနေတာကို တွေ့ရပါတယ်။ ဒီတိုးတက်မှုတွေထဲမှာ လူငယ်တွေရဲ့ ကျောင်းနေတဲ့နှုန်းများလာတာကို ကျွန်မသိပ်ပြီး ဝမ်းသာပါတယ်။

သို့သော်ငြားလည်း လူငယ်တွေကြားထဲမှာ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းဟာ တက်လာတယ်ဆိုတာကို ကြားရတဲ့အတွက် ကျွန်မ ဒါကိုစိုးရိမ်ပူပန်မိပါတယ်။ လူငယ်တွေ ကျန်းမာရေးကောင်းအောင်၊ ပညာရေးကောင်းအောင် ကြိုးစားနေတဲ့အထဲမှာ ဒီမူးယစ်ဆေးဝါးအန္တရာယ်ကို မတိုက်ဖျက်နိုင်ဘူးဆိုရင် ဒီကြိုးစားမှုတွေက သဲထဲရေသွန်ဖြစ်သွားမှာပါ။ ဒါကလည်း တစ်နိုင်ငံလုံးမှာ ရှိနေတဲ့ ပြဿနာပါ။

### ကိုယ့်ကိုယ်ကိုယ် လုပ်ယူရမယ့်ကိစ္စ

ကလေးမြို့မှာ ရှိနေတုန်းက ကြားခဲ့ရတာရှိပါတယ်။ အဲဒီပတ်ဝန်းကျင်မှာ မူးယစ်ဆေးဝါးစွဲနေတဲ့လူငယ်တွေ ၇၅ ရာခိုင်နှုန်းကျော်ရှိတယ်လို့ ကြားခဲ့ရပါတယ်။ ဒါနိုင်ငံအတွက် အင်မတန်မှ ဝမ်းနည်းစရာ၊ စိုးရိမ်ဖွယ်ရာကိစ္စတစ်ခု ဖြစ်ပါတယ်။ ပထမဦးဆုံးမေးရမှာက ဘာဖြစ်လို့ လူငယ်တွေစပြီး မူးယစ်ဆေးဝါးသုံးကြသလဲ၊ လက်တည့်စမ်းတဲ့သဘောနဲ့ စကြတာလား၊ ဘေးကနေပြီး မူးယစ်ဆေးဝါးဖောက်ကားနေတဲ့သူတွေက နည်းအမျိုးမျိုးနဲ့ သုံးချင်အောင် မြူဆွယ်လို့ ပါသွားတာလား၊ ဘာကြောင့်ဆိုတာကို စဉ်းစားဖို့လိုပါတယ်။ လူငယ်တွေကို အစကတည်းက သတိပေးပါရစေ။ မူးယစ်ဆေးဝါးဆိုတာ လက်တည့်စမ်းရမယ့်ကိစ္စ မဟုတ်ပါဘူး။ ဒါကိုယ့်တစ်သက်လုံးအတွက် အန္တရာယ်ရှိမယ့်ကိစ္စဆိုတာကို သဘောပေါက်စေချင်ပါတယ်။ ဒါကို နှလုံးသွင်းစေချင်ပါတယ်။ လူငယ်တွေ ရှေ့ဆက်ရမယ့် ခရီးက အများကြီးကျန်ရှိနေပါသေးတယ်။ လူကြီးတွေအတွက် အချိန်က သိပ်မကျန်တော့ပါဘူး။ လူငယ်တွေ ရှေ့ဆက်ပြီးသွားရမယ့် အချိန်တွေ အများကြီးကျန်တဲ့အတွက် ကျန်းကျန်းမာမာ၊ စိတ်ချမ်းချမ်းသာသာနဲ့ သွားစေချင်ပါတယ်။ ဒီလိုကျန်းမာဖို့၊ စိတ်ချမ်းသာဖို့ ကိုယ့်ကိုယ်ကိုယ် လုပ်ယူရမယ့်ကိစ္စပါ။

### ကာယကံရှင်ကိုယ်တိုင်က လုပ်ယူရမှာဖြစ်

မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာအရ ကျွန်မကို လူကြီးတစ်ယောက်အနေနဲ့လာပြီး ကန်တော့တာတွေ ရှိပါတယ်။ တစ်နှစ်ထက်တစ်နှစ် ကန်တော့မယ့်သူတွေက ပိုများလာပါတယ်။ ကိုယ်က အသက်ကြီးလာတာနဲ့အမျှ ကိုယ့်ထက်ငယ်တဲ့သူတွေက ပိုများလာပါတယ်။ ဒီလိုလာပြီး ကန်တော့တဲ့အခါ ထုံးတမ်းစဉ်လာအရ ဆုပေးရပါတယ်။ ဆုပေးတယ်ဆိုတာ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးအန္တရာယ်အမျိုးမျိုးကင်းပါစေစသဖြင့် ဆုပေးတာပါ။ ဒါပေမယ့် ဆုပေးတဲ့သူက ပေးရုံပေးနိုင်တာပါ၊ ဒီဆုတွေ တကယ်ပြည့်ဖို့ဆိုတာ ကာယကံရှင်ကိုယ်တိုင်က လုပ်ယူရမှာ ဖြစ်ပါတယ်။

ကျွန်မက ကျန်းမာပါစေလို့ ဆုပေးလိုက်ပေမယ့်၊ ကျန်းမာအောင်လုပ်ဖို့က ဆုပေးခံရတဲ့ ကာယကံရှင်က ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေမှ ကျန်းမာမှာပါ။ ဆုပေးတဲ့သူက ဘယ်လိုစေတနာ၊ မေတ္တာနဲ့ ဘယ်လို ဆန္ဒတွေနဲ့ပေးပေး ယူတဲ့ကာယကံရှင်က ကျန်းမာအောင်မနေရင် ကျန်းမာမှာ မဟုတ်ပါဘူး။ ကျွန်မက ထပ်တလဲလဲ နိုင်ငံသူနိုင်ငံသားတွေ၊ ပြည်သူပြည်သားတွေနဲ့ အထူးသဖြင့် လူငယ်တွေ ကျန်းမာပါစေလို့ဆုပေးပေး လူငယ်တွေ ကျန်းမာအောင်မနေရင် ကျန်းမာမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကိုယ့်ကိုပေးလိုက်တဲ့ဆုကို တန်ဖိုးထားပြီး ဒီဆုပြည့်ဖို့အတွက် ကိုယ့်မှာတာဝန်ရှိတယ်ဆိုတာကို သဘောပေါက်စေချင်တယ်။

### စိတ်ချမ်းသာဖို့ အင်မတန်မှ အရေးကြီး

ကျွန်မက ချမ်းသာပါစေဆိုတဲ့ဆုကို ပေးပါတယ်။ ချမ်းသာပါစေဆိုတာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း နှစ်မျိုးလုံးကို ပြောတာပါ။ ကိုယ်၏ ချမ်းသာခြင်းဆိုတာ ဖူလုံတယ်၊ ကြောင့်ကြတောင့်တမှုမရှိရဘူး၊ မချို့တဲ့ရဘူးကို ဆိုလိုတာပါ။ ဒါက ရုပ်ပိုင်းဆိုင်ရာပါ။ ဒါပေမယ့် စိတ်ချမ်းသာဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မ ခဏခဏပြောပါတယ်။ ကျွန်မပေးတဲ့ဆုတွေထဲမှာ တန်ဖိုးအထားဆုံးက နှလုံးစိတ်ဝမ်း အေးချမ်းပါစေဆိုတဲ့ဆုပါ။ ကိုယ့်နှလုံးစိတ်ဝမ်း အေးချမ်းတယ်ဆိုရင် ကျန်းမာရေးလည်းကောင်းမှ အေးချမ်းနိုင်မှာပါ။ ကျန်းမာရေးမကောင်းတဲ့လူက ဘယ်လိုမှ စိတ်အေးလက်အေး မရှိနိုင်ပါဘူး၊ နှလုံးစိတ်ဝမ်း မအေးချမ်းနိုင်ပါဘူး။ ဒါကြောင့် စိတ်ချမ်းသာမှုက ကိုယ်ကျန်းမာမှုရှိမှ နှလုံးစိတ်ဝမ်းအေးချမ်းနိုင်ပါမယ်။

### ကိုယ်သာလျှင် အဓိကဖြစ်

ဒီလို နှလုံးစိတ်ဝမ်းအေးချမ်းဖို့က ကိုယ့်ဘာသာကိုယ်ပဲ လုပ်ယူရမှာပါ။ ဘေးက ဘယ်လောက်ဆုပေးပေး၊ ဘယ်လောက်မေတ္တာစေတနာတွေနဲ့ ပံ့ပိုးပေးပေး နောက်ဆုံး လူတိုင်းလူတိုင်း၊ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာ ကိုယ့်ရဲ့စိတ်ချမ်းသာမှုအတွက် ကိုယ်သာလျှင် အဓိက ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူပြည်သားတွေဟာ ကိုယ့်ကိုယ်ကိုယ် အားကိုးတဲ့စိတ်၊ ကိုယ့်အင်အားတွေကို မွေးပြီး ဒီအင်အားတွေကို ပတ်ဝန်းကျင်နဲ့ မျှဝေခံစားချင်တဲ့ စိတ်တွေကို မွေးစေချင်ပါတယ်။

နောက်တစ်ခုက ကျွန်မပေးတဲ့ဆုတွေထဲမှာ ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ ပြည့်စုံပါစေဆိုပြီး ပေးလေ့ရှိပါတယ်။ ကောင်းကျိုးလိုရာဆန္ဒအဝဝဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ ကိုယ်လိုချင်တဲ့ ဆန္ဒတွေအားလုံး ပြည့်ဝပါစေလို့ ပြောလိုက်ရင် ဆန္ဒပြည့်ဝခြင်းက အမြဲ စိတ်ချမ်းသာတာမဟုတ်ပါဘူး။ ဒါလည်း ခဏခဏ ဖြစ်တတ်ပါတယ်။ ကိုယ့်ဘဝကို ပြန်ပြီးစဉ်းစားကြည့်ရင် အထူးသဖြင့် နည်းနည်းအသက်ကြီးတဲ့အပိုင်းကနေ စဉ်းစားကြည့်ရင် ကိုယ့်ဘဝမှာ တောင်းခဲ့တဲ့ဆုတွေက ဒါလေးဖြစ်စေချင်လိုက်တာ၊ ဒါလေးလိုချင်လိုက်တာ၊ ဒါလေးရရပါလို၏၊ ဒါလေးဖြစ်ရပါလို၏ဆိုပြီး တောင်းခဲ့တဲ့ဆုတွေ အားလုံးကို ပြန်ပြီးစဉ်းစားကြည့်ရင် ဆုတောင်းတိုင်းပြည့်ပြီး စိတ်ချမ်းသာခဲ့ရဲ့လားဆိုတာကို တွေးကြည့်စေချင်ပါတယ်။

*စာမျက်နှာ ၄ သို့*




နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တမူးမြို့တွင်း လမ်းမတစ်လျှောက်၌ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

အနောက်တိုင်းကလာတဲ့ အဆိုတစ်ခုရှိပါတယ်။ **"မပြည့်တဲ့ဆုတွေကြောင့် ကျရတဲ့မျက်ရည်တွေက ပြည့်တဲ့ဆုတွေကြောင့် ကျရတဲ့မျက်ရည်ထက် ပိုများပါတယ်တဲ့"** ဒါဘာကိုပြောလဲဆိုရင် လူတွေက ဆန္ဒအရ ဒါဖြစ်ချင်ရဲ့၊ ဒါလိုချင်ရဲ့ဆိုပြီး၊ တကယ်ဖြစ်လာတော့ အကျိုးဆက်တွေက မကောင်းပါဘူး။ အကျိုးဆက်တွေက မကောင်းတဲ့အခါ စိတ်မချမ်းမသာဖြစ်ရပါတယ်။ ဒါကြောင့် ကောင်းကျိုးလိုရာ ဆန္ဒအဝဝပြည့်ပါစေဆိုတာ ကိုယ့်ဆန္ဒတွေ တကယ်ပဲ ကောင်းကျိုးဖြစ်မယ်ဆိုရင် ဒီဆန္ဒတွေပြည့်ဝပါစေဆိုတဲ့ ဆုကို ကျွန်မ ပေးတာဖြစ်ပါတယ်။ ဒါတစ်နိုင်ငံလုံးအတွက် ဆုပါ။ ကျွန်မတို့နိုင်ငံရဲ့ ကောင်းကျိုးလိုရာ ဆန္ဒအဝဝ ပြည့်ကြပါစေ၊ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ ကောင်းကျိုးလိုရာ ဆန္ဒအဝဝ ပြည့်ကြပါစေ။

### ဖြည့်ဆည်းပေးရမယ့် အရာတွေဖြစ်

ကျွန်မတို့ ပြည်သူပြည်သားတွေ ဘာဆုတွေ တောင်းကြသလဲ၊ တချို့ဆုတောင်းတွေက ရိုးရိုးလေးပါ။ တချို့ဆန္ဒတွေက ရိုးရိုးလေးပါ။ ကျွန်မတစ်ချိန်လုံး ကြားသိနေရတဲ့ကိစ္စတွေကို ဖြည့်ဆည်းပေးဖို့ ကြိုးစားနေရတဲ့ကိစ္စတွေရှိပါတယ်။ ဥပမာ - လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ ကောင်းတဲ့ပညာရေးစနစ်ရှိရေး ဒါတွေကို ထပ်တလဲလဲ တောင်းဆိုနေတာပါ။ ဒါဟာ ပြည်သူတွေရဲ့ တောင်းသင့်၊ တောင်းထိုက်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ တတ်နိုင်သမျှ ဖြည့်ဆည်းပေးရမယ့် အရာတွေဖြစ်ပါတယ်။ တစ်ခါတလေ ဒီလိုဆန္ဒတွေက အများအတွက်မဟုတ်ဘဲ ကိုယ့်အတွက် ဖြစ်သွားတာတွေကိုလည်း ကျွန်မတွေ့ရပါတယ်။ ဒါကို ပြည်သူပြည်သားတွေက ဆင်ခြင်စေချင်ပါတယ်။

### တစ်နေ့ထက်တစ်နေ့ တိုးတက်ဖို့ပဲရှိ

အများအတွက် စဉ်းစားခြင်းက ကိုယ့်အတွက် အများကြီးအကျိုးရှိတယ်။ အများရဲ့အမြင်နဲ့ မြင်ဖို့ကြိုးစားခြင်းက ကိုယ့်အမြင်ကျယ်လာပါတယ်။ အများရဲ့အတွေးနဲ့ တွေးနိုင်ဖို့ ကြိုးစားခြင်းက ကိုယ့်ရဲ့ဦးနှောက်ကို ပိုပြီးထက်သန်လာတယ်ဆိုပြီး အဲဒီလိုမြင်စေချင်ပါတယ်။ အဲဒီလို မြင်မယ်ဆိုရင် ပြည်သူပြည်သားတွေ တစ်နေ့ထက်တစ်နေ့ တိုးတက်ဖို့ပဲရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ပတ်ဝန်းကျင်မှာ လူတွေဘယ်လောက်များသလဲ၊ ကျောင်းတက်တဲ့ ကလေးတွေဆိုရင် တစ်တန်းတည်းမှာ ကလေးတွေ ဘယ်လောက်များသလဲ၊ တခြားကိုယ်နဲ့ မတူတဲ့ကလေးတွေရဲ့ အမြင်တွေ၊ သူတို့ရဲ့ အားသာချက်တွေ၊ ဒါတွေကို လေ့လာမယ်၊ အားသာချက်အတွက် ကိုယ်က ဝမ်းသာရမယ်၊ မုဒိတာပွားရမယ်၊ သူများရဲ့အားသာချက်ကို ကိုယ်က စိတ်ချမ်းသာပေးတာက မုဒိတာပွားတာပါ။ ဒီလိုစိတ်နဲ့ သူက တော်လိုက်တာ၊ သူက မြန်မာစာမှာ မတော်ပေမယ့် သင်္ချာမှာတော်လိုက်တာ၊ သင်္ချာနဲ့ပတ်သက်ရင် သူ့အကူအညီတွေရနိုင်ပါရဲ့ဆိုတဲ့ စိတ်ဓာတ်ထားနိုင်ရင် ကိုယ့်အတွက် အများကြီး ပိုပြီးတန်ဖိုးရှိပါတယ်။ ပြည်သူပြည်သားတွေကို ဒီလိုပဲစဉ်းစားစေချင်ပါတယ်။

> ❐ **တမူးမြို့က နယ်စပ်မှာဆိုတော့ ဟိုဘက်နိုင်ငံက အခြေအနေတွေ ဘယ်လိုရှိသလဲဆိုတာကို တခြားနယ်စပ်မှာမဟုတ်တဲ့ မြို့တွေထက် ပိုပြီးသိနိုင်တဲ့ အခြေအနေတွေရှိပါတယ်။ ဒီလိုသိနိုင်တဲ့ အခြေအနေရှိတဲ့အတွက် တခြားနိုင်ငံမှာ ဘာကြောင့် ဒီလိုအခြေအနေတွေရှိလဲဆိုတာကို လေ့လာစေချင်ပါတယ်။ ကောင်းတဲ့အရာတွေကို အတုခိုးရမယ်၊ မကောင်းတဲ့အရာတွေကို ရှောင်ရပါမယ်။ သူတို့ရဲ့ ကောင်းတာတွေကို မနာလိုသဝန်တိုစိတ်မဟုတ်ဘဲ အားကျပြီး နမူနာယူချင်တဲ့စိတ်ဓာတ်နဲ့ လုပ်သွားမယ်ဆိုရင် ကျွန်မတို့ တိုးတက်မှုရမှာပါ**

### နမူနာယူချင်တဲ့စိတ်ဓာတ်နဲ့လုပ်

တမူးမြို့က နယ်စပ်မှာဆိုတော့ ဟိုဘက်နိုင်ငံက အခြေအနေတွေ ဘယ်လိုရှိသလဲဆိုတာကို တခြားနယ်စပ်မှာမဟုတ်တဲ့ မြို့တွေထက် ပိုပြီးသိနိုင်တဲ့ အခြေအနေတွေရှိပါတယ်။ ဒီလိုသိနိုင်တဲ့ အခြေအနေရှိတဲ့အတွက် တခြားနိုင်ငံမှာ ဘာကြောင့် ဒီလိုအခြေအနေတွေရှိလဲဆိုတာကို လေ့လာစေချင်ပါတယ်။ ကောင်းတဲ့အရာတွေကို အတုခိုးရမယ်၊ မကောင်းတဲ့အရာတွေကို ရှောင်ရပါမယ်။ သူတို့ရဲ့ ကောင်းတာတွေကို မနာလိုသဝန်တို စိတ်မဟုတ်ဘဲ အားကျပြီး နမူနာယူချင်တဲ့စိတ်ဓာတ်နဲ့ လုပ်သွားမယ်ဆိုရင် ကျွန်မတို့ တိုးတက်မှုရမှာပါ။

ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုရှိပါ။ တခြားသူတွေကိုလည်း လေးစားတန်ဖိုးထားပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိမှ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်မှ တခြားသူတွေကို ယုံကြည်နိုင်မယ်၊ တန်ဖိုးထားနိုင်မယ်။ ဒါကြောင့် ဘယ်တော့မဆို ကိုယ်နဲ့ပဲ စရတာပါ။ ကျွန်မတို့ မေတ္တာပို့တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်စပြီး မေတ္တာပို့တာကို တချို့အမှတ်တမဲ့ကြည့်ရင် ဒါက တစ်ကိုယ်ကောင်းဆန်အောင်လို့ သင်ပေးသလို ဖြစ်နေပါတယ်။ ကိုယ့်ကိုယ်ကိုယ်စပြီး မေတ္တာပို့ရမယ်ဆိုတာ တကယ်တော့ တစ်ကိုယ်ကောင်းဆန်အောင်လို့ သင်ပေးတာမဟုတ်ပါဘူး။ လက်တွေ့ကျကျလုပ်တဲ့ကိစ္စ ဖြစ်ပါတယ်။

လူတိုင်းလူတိုင်းက စိတ်ချမ်းသာချင်တယ်။ လူတိုင်းလူတိုင်းက ပျော်ပျော်ရွှင်ရွှင်နေချင်တယ်။ လုံလုံလောက်လောက်ရှိချင်ကြတယ်။ ငါဒီလို ပျော်ချင်တယ်၊ ဖူလုံချင်တယ်ဆိုရင် တခြားသူတွေလည်း ဒီလိုစိတ်ဓာတ်ရှိမှာပဲဆိုပြီး တခြားသူတွေကို ကိုယ်ချင်းစာတဲ့စိတ်ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် နံပါတ်တစ်ကနေ စရပါတယ်။ နံပါတ်တစ်မှာ ရပ်ထားဖို့မဟုတ်ပါဘူး။ ကလေးတွေကို သင်္ချာသင်ရင် တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး ရေးတဲ့အခါမှာ တစ် တစ်ခုတည်းကို သင်ပေးလို့မရပါဘူး။ တစ်ဆိုပြီး ဆက်မသင်ရင် ဘယ်တော့မှ ပညာတတ်မှာ မဟုတ်ပါဘူး။ တစ် ပြီးရင် နှစ်၊ သုံး၊ လေး၊ ငါး သင်ရပါတယ်။ ပြီးရင် ရာဂဏန်း၊ ထောင်ဂဏန်း၊ သိန်းဂဏန်း၊ သန်းဂဏန်းက ဘယ်လို စသည်ဖြင့် သင်သွားရပါတယ်။

### တစ်နဲ့စပြီး တစ်နဲ့ဆုံးလို့မဖြစ်

ဘဝရဲ့ သင်ခန်းစာတွေကလည်း ဒီလိုပါပဲ။ တစ်နဲ့စပြီး တစ်နဲ့ ဆုံးလို့မဖြစ်ပါဘူး။ ကိုယ်နဲ့စပြီး ကိုယ်နဲ့ဆုံးလို့ မဖြစ်ပါဘူး။ စတာတော့ ကိုယ်နဲ့စရမှာ ဒါကသဘာဝပါ။ ဒါပေမယ့် အဆုံးမှာ အသိုင်းအဝိုင်းတွေ များနိုင်သလောက် များများပါနိုင်ရင် အားလုံးအတွက် ကောင်းလေပါ။

ဒါကြောင့် နိုင်ငံထဲကိုသွားပြီး ပြည်သူတွေနဲ့ ထိတွေ့မှုရှိဖို့ ကြိုးစားကြတယ်ဆိုရင် မြို့ကြီးတွေကိုပဲ သွားလို့မရပါဘူး။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အဓိက မြို့ကြီး ၃ မြို့ကို သွားနေလို့ မလုံလောက်ပါဘူး။ ဒါကြောင့် တတ်နိုင်သမျှ နိုင်ငံအတွင်းမှာရှိတဲ့ မြို့ကြီးတွေကိုလည်း သွားရတယ်။ မြို့လေးတွေကိုလည်း သွားနိုင်သမျှသွားဖို့ ကြိုးစားရပါတယ်။

တကယ်တော့ အစိုးရအလုပ်လုပ်တဲ့အချိန်မှာ အရင်တုန်းကလောက်သွားတဲ့၊ လာတဲ့နေရာမှာ လွတ်လွတ်လပ်လပ်မရှိပါဘူး။ အရင်တုန်းက ကားလမ်းကသွားမယ်ဆိုရင် လမ်းကရွာလေးတွေကိုရပ်ပြီး ရွာသူရွာသားတွေနဲ့ စကားပြောရတာ အင်မတန်မှ တန်ဖိုးရှိပါတယ်။ ရွာသူရွာသားတွေကလည်း သူတို့စိတ်ထဲမှာရှိတဲ့ လိုအပ်ချက်ကလေးတွေ၊ စိုးရိမ်မှုလေးတွေကို ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်။ ကျွန်မတို့ကလည်း ကျွန်မတို့ရဲ့ ရည်ရွယ်ချက်တွေနဲ့ နိုင်ငံရေးအမြင်တွေကို ဖလှယ်နိုင်ပါတယ်။ နိုင်ငံရေး လုပ်နေတဲ့သူတွေဆိုတော့ ပြည်သူတွေနဲ့ နိုင်ငံရေးဖလှယ်ဖို့က တာဝန်တစ်ခု ဖြစ်ပါတယ်။

### လိုလိုလားလားနဲ့ ထမ်းဆောင်

ဒါကြောင့် ဒီတာဝန်ကို ကျွန်မတို့ လိုလိုလားလားနဲ့ ထမ်းဆောင်နေပါတယ်။ တာဝန်တစ်ခုကို ကျေပွန်ဖို့ဆိုရင် ဒီတာဝန်ထမ်းဆောင်ရတဲ့ စိတ်ဓာတ်ဟာ တကယ့်ကို လိုလိုလားလားရှိရမယ်။ မလုပ်ချင်လုပ်ချင်နဲ့ လုပ်နေလို့ မဖြစ်ပါဘူး။ ဒီကိစ္စကို လုပ်တော့မယ်ဆိုရင် စိတ်ပါလက်ပါနဲ့ ကိုယ့်ရဲ့ဦးနှောက်၊ နှလုံးသားနဲ့ ကာယအစွမ်းတွေ အားလုံးကို သုံးရပါမယ်။ ဒါမှတာဝန်ကို ကျေပွန်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ပြည်သူလူထုနဲ့ထိတွေ့ဖို့က တာဝန်တစ်ခုဖြစ်သလို ကျွန်မအတွက် စိတ်ချမ်းသာမှုတစ်ခုလည်း ဖြစ်ပါတယ်။ ပြည်သူတွေနဲ့ မထိတွေ့ဘူးဆိုရင် ကျွန်မရဲ့တာဝန်မကျေရာလည်း ရောက်ပါတယ်။ တစ်နည်းအားဖြင့် တစ်ဖက်က ကိုယ်ရနိုင်တဲ့၊ အခွင့်အရေးရှိတဲ့ စိတ်ချမ်းသာမှုတွေကို ဆုံးရှုံးရမှာဖြစ်ပါတယ်။ ပြည်သူတွေအချင်းချင်းလည်း ဒီလိုပဲ စိတ်ထားစေချင်တယ်။ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်ဆက်ဆံဖို့၊ တစ်ယောက်အပေါ်တစ်ယောက် စေတနာ၊ မေတ္တာထားဖို့ ဒါဟာ တာဝန်ဖြစ်ပါတယ်။ ဒါပေမယ့် ဒီတာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ခြင်းဖြင့် ကိုယ့်အတွက် စိတ်ချမ်းသာမှုတွေ ရရှိပါတယ်။ ဒါကြောင့် တစ်ယောက်တည်းအတွက် မဟုတ်ဘဲနဲ့ အများအတွက် စဉ်းစားပါ။

### တစ်ချိန်လုံးသင်ယူနေရ

တစ်ကနေစပြီး ရေတွက်လို့မရတဲ့ ဂဏန်းအထိ ပြေးတဲ့ စိတ်ဓာတ်တစ်ခုကို မေတ္တာ၊ စေတနာတွေနဲ့အတူ အချင်းချင်းအပေါ်မှာထားကြပါလို့ တောင်းဆိုချင်ပါတယ်။ ပြည်သူတွေနဲ့ သွားတွေ့တဲ့အခါမှာ တစ်ချိန်လုံး သင်ယူ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

နေရပါတယ်။ ဥပမာ တချို့မြို့တွေမှာ ပြည်သူတွေနဲ့ တွေ့ဆုံပွဲက ပိုပြီးကျေကျေနပ်နပ်ရှိပါတယ်။ တချို့မြို့တွေမှာ သိပ်ကျေနပ်စရာမရှိပါဘူး။ သိပ်ကျေနပ်စရာမရှိဘူးဆိုတာ က တချို့မြို့တွေမှာ အခင်းအကျင်းက ပြည်သူတွေနဲ့ နီးစပ်နိုင်သလောက်နီးစပ်တဲ့ အခင်းအကျင်းမျိုး မဟုတ်တဲ့အခါ ကျေနပ်မှုမရှိဘူးလို့ ပြောရမှာပါ။ ပြည်သူလူထုနဲ့ နီးနီးကပ်ကပ် တရင်းတနှီးပြောနိုင်ဆိုနိုင် တွေ့နိုင်တဲ့ အခွင့်အရေးမျိုးရှိတဲ့ အခင်းအကျင်းမျိုးဆိုရင် ကျွန်မ အကြိုက်ဆုံးပါ။ တကယ်အကောင်းဆုံးက ကွင်းပြင်ကြီးမှာ လုပ်တာအကောင်းဆုံးပါ။

ကျွန်မ ပြည်သူတွေနဲ့ တွေ့တဲ့အခါမှာ ပြည်သူတွေက သူတို့သိချင်တဲ့ ကိစ္စတွေ၊ လိုအင်ဆန္ဒတွေကို တင်ပြကြပါတယ်။ တင်ပြတာတွေကို ပြန်ဖြေပါတယ်။ တချို့မေးခွန်းတွေကို ကြိုတင်ပြီး တင်ပြပါတယ်။ ဒါက အချိန်အကန့်အသတ်ကြောင့်ပါ။ အချိန်က ကိုယ်ပေးချင်သလောက်လည်းပေးလို့ မရပါဘူး။ ပေးချင်တဲ့စိတ်ကရှိပါတယ်။ တစ်နေ့လုံး ထိုင်ပြီး ပြောနေလို့ရရင် ကောင်းပါတယ်။ ဒါပေမယ့် လက်တွေ့ကျတော့ မဖြစ်နိုင်ပါဘူး။

**တတ်နိုင်သမျှ ပြေလည်အောင်လုပ်**

ဒါကြောင့် တချို့မေးခွန်းတွေကို ကြိုတင်လက်ခံပြီး အဲဒါတွေကို သက်ဆိုင်ရာဌာနတွေ၊ တိုင်းဒေသကြီးအစိုးရတွေ၊ ပြည်ထောင်စုအဆင့်ဌာနတွေကနေ ပြန်ပြီးဖြေကြားပါတယ်။ နောက်မဲနှိုက်ပြီး ပရိသတ်ထဲကနေ မေးခွန်းမေးဖို့ဆိုတာကလည်း လက်တွေ့မကျတဲ့အခါ မဲနှိုက်ပြီး မဲပေါက်တဲ့သူတွေရဲ့ မေးခွန်းတွေကို လက်ခံနားထောင်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ တတ်နိုင်သမျှ ပြေလည်အောင်လုပ်ပါတယ်။ ပြည်သူဘက်ကလည်း တတ်နိုင်သမျှ ပြေလည်အောင် လုပ်ပေးစေချင်ပါတယ်။ တချို့နေရာတွေမှာ မဲမပေါက်တဲ့သူတွေက မဲမပေါက်ဘဲ အတင်းမေးချင်ပါတယ်ဆိုပြီး ပြဿနာရှာတာတွေ ရှိပါတယ်။

အဲဒါက မလုပ်သင့်၊ မလုပ်ထိုက်တဲ့ကိစ္စပါ။ ဒါက တာဝန်မသိတဲ့ကိစ္စ၊ ဒါက ကိုယ့်စည်းကိုယ်မစောင့်တဲ့ကိစ္စပါ။ မဲဆိုတာက ကံပါ၊ ကံအရပေါက်သွားတဲ့သူက ပေါက်သွားမှာပါ။ ပေါက်သွားတဲ့သူကို မေးခွန်းမေးမယ်။ မပေါက်တဲ့သူက စာရေးပြီး မေးခွန်းတွေကို တင်လို့ရပါတယ်။ တိုင်စာဌာနလည်း ဖွင့်ထားပါတယ်။ တိုင်စာဌာနဆိုတာ တိုင်ဖို့သာမဟုတ်ပါဘူး။ တင်ပြချင်တဲ့ကိစ္စတွေကိုလည်း တင်ပြဖို့ ဖြစ်ပါတယ်။ တချို့က တိုင်စာဌာနဆိုတာ တိုင်စရာရှိမှ တိုင်ရမယ်လို့ထင်နေတာ ရှိပါတယ်။ ကိုယ့်ရဲ့ လိုချင်တာတွေရှိရင် တင်ပြလို့ရပါတယ်။ အကြံပြုချင်တာရှိရင်လည်း တင်ပြလို့ရပါတယ်" ဟု ပြောကြားသည်။

**လျှပ်စစ်ဓာတ်အားရရှိရေး**

ယင်းနောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် တမူးမြို့ ဈေးတန်းရပ်မှ ဦးလှမောင်က တမူးမြို့ စီးပွားရေးဇုန် ဖော်ထုတ်ပေးရေး၊ ဈေးတန်း(၈)ရပ်ကွက်မှ ဦးတင်ထွန်းဦးက တမူးမြို့အား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမြန်သွယ်တန်းပေးရေး၊ ဈေးတန်းရပ်ကွက်မှ ဦးအောင်သူချမ်းက တမူးမြို့ စက်ရောင် ဘီလူးအားကစားခန်းမအား အကြီးစားပြုပြင် ပေးရေး၊ မြို့မ(၈)ရပ်ကွက်မှ ဦးကျော်လင်းက တမူးမြို့ရှိ ကွင်းညီညောင်ကွင်းနှင့် ဦးစူးကျေးရွာအကြားရှိ သစ်တောရေိယာ ဧက ၅၀၀ အား လယ်မဲ့ယာမဲ့များအတွက် လယ်မြေဖော်ထုတ်ပေးရေး၊ စန္ဒကူးရပ်ကွက်မှ ဦးရဲမိုးမြင့်က စန္ဒကူးရပ်ကွက် မဟူရာချောင်းကမ်းပါးရှိ နေအိမ်များ ရေတိုက်စားမှုမှကာကွယ်နိုင်ရန် ကျောက်စီရေကာနံရံများ တည်ဆောက်ပေးရေး၊ စော်ဘွားအင်းရပ်ကွက်မှ ဦးဟန်မော်က တမူးမြို့ နန်းမြင့်ဟန် ချောင်းကူးတံတား တစ်စင်း အမြန်ဆောင်ရွက်ပေးရေး၊ တမူးမြို့နယ် ခမ်းပါတ်မြို့ အမှတ်(၄)ရပ်ကွက်မှ ဦးမှဲတ်အဲလ်က ခမ်းပါတ်မြို့တွင်း လမ်းပေါ်ရှိ တံတား ကိုးစင်းနှင့် လမ်းအား ကွန်ကရစ်ဖြင့် ဆောင်ရွက်ပေးရေး၊ တမူးမြို့နယ် မြို့သစ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဦးအောင်မြင့်ငွေက တမူးမြို့နယ် မြို့သစ်မြို့ ယူချောင်းဘေလီ တံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရေးမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ တိုင်းဒေသကြီးဝန်ကြီးများက ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် စိစစ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

**သိမ်းဆည်းလယ်ယာမြေကိစ္စ**

ထို့နောက် ခန်းမအတွင်းမှ မေးခွန်းမေးမြန်းတင်ပြ လိုသူ ၁၆ ဦးအနက် မဲပေါက်သူ သုံးဦးဖြစ်သည့် တမူးမြို့ ကျွန်းတော ရေစင်ကျေးရွာမှ ဦးပေါင်ဒါလ်မန်က အထောက်အထားအပြည့်အစုံဖြင့် ငါးကန်တူးဖော်မှုကို အရေးယူမည်ဖြစ်ကြောင်း ပြောဆိုခဲ့မှု၊ မော်တော်ယာဉ်မတော်တဆမှုတွင် ဒဏ်ကြေးများစွာကောက်ခံခဲ့မှု၊ ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် မသမာမှုအား စိစစ်ပေးရေးနှင့် မူးယစ်ဆေးဝါးဖမ်းဆီးမှုတွင် မသမာမှုများရှိနေခြင်းအား ပြန်လည်စိစစ်ပေးရေး၊ နန်းဖာလုံရပ်ကွက်မှ ဦးဆေးဂင်က သိမ်းဆည်းလယ်ယာမြေကိစ္စနှင့် လူမျိုး ၁၃၅ မျိုးတွင် ချင်းကူကီးမျိုးနွယ်စုအမည်အား အသိအမှတ်ပြုပေးရေး၊ မြို့မ (၅)ရပ်ကွက်မှ ဦးစိုင်းလှကျော်က တမူးဒေသတွင် ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ်ရွေးချယ်ခွင့်ရရှိရေးနှင့် ရှမ်းတိုင်းရင်းသားစာပေအား ကျောင်းသင်ခန်းစာတွင် ထည့်သွင်းသင်ကြားပေးရေးမေးခွန်းတို့ကိုလည်းကောင်း။

**ကျောင်းသားအားကစားပွဲများကျင်းပရေး**

ခန်းမအပြင်မှ မေးခွန်းမေးမြန်း တင်ပြလိုသူ ခုနစ်ဦးအနက် မဲပေါက်သူ သုံးဦးဖြစ်သည့် ဈေးတန်း(၂) ရပ်ကွက်မှ ဦးနန္ဒထူးအောင်က တမူးမြို့တွင် မူးယစ်ဆေးဝါးသုံးစွဲမှုများအား တားဆီးဆောင်ရွက်ပေးရေး၊ ဈေးတန်း(၁၂)ရပ်ကွက်မှ ဦးယဉ်ကိုဦးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းသားအားကစားပွဲတော်များ ကျင်းပရေး၊ ကနန်အမှတ်(၄)ရပ်ကွက်မှ ဦးရိန်းလျန်နာက ကနန်ရွာရေကာတာ ဆက်လက်တည်ဆောက်ပေးရေးနှင့် ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် လယ်မြေများအား ထပ်မံမဖြစ်စေရန် ဆောင်ရွက်ပေးရေး မေးခွန်းတို့ကိုလည်းကောင်း တင်ပြမေးမြန်းကြသည်။

တင်ပြမေးမြန်းချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တောင်သူများ၏ လယ်ယာမြေ လိုအပ်ချက်အတွက် သစ်တောမြေအစားအခြား နည်းလမ်းဖြင့် ကူညီပေးမည်ဖြစ်ကြောင်း၊ သစ်တောကဏ္ဍမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စဉ်းစားဆောင်ရွက်နေ ရပါကြောင်း၊ ငါးကန်ကိစ္စကို တိုင်းဒေသကြီးအစိုးရက စိစစ်ပေးရန်လိုကြောင်း၊ မော်တော်ယာဉ်မတော်တဆမှု ဒဏ်ကြေးကိစ္စကို ပြန်လည်စိစစ်ပေးမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအရေးကိစ္စကိုလည်း အလေးထားဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးမည်ဖြစ်ကြောင်း၊ လက်ရှိ သင်ကြားနေသည့် ဘာသာရပ်များ များပြားနေပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်များ မူးယစ်ဆေးဝါး မသုံးစွဲစေရန် ပညာပေးမှုများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိဘ၊ ဆရာ ပါဝင်ရန်လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါးမှာ အန္တရာယ်ကြီးပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲဖူးသည့် ကလေးများသည် ဆေးဖြတ်လိုက်သော်လည်း ဦးနှောက်မှတ်ဉာဏ် ကျဆင်းသွားပါကြောင်း၊ လုပ်ငန်းခွင်တွင်လည်း မမြဲတော့ပါကြောင်း၊ တစ်သက်တာလုံး ဆိုးကျိုးဖြစ်သည်ကို လူငယ်များသိရန် လိုအပ်ပါကြောင်း၊ မိဘ၊ ဆရာ၊ ရပ်မိရပ်ဖများအားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီရန် လိုအပ်ပါကြောင်း၊ ကလေးများအတွက် သင့်တော်ရာ အားကစား၊ အနုပညာကို ဆောင်ရွက်စေရန် လိုကြောင်း၊ ကနန်ရွာလယ်မြေများ ရေတိုက်စားမှုကိစ္စကို တိုင်းဒေသကြီး အစိုးရအဖွဲ့အား ညွှန်ကြားခဲ့မည်ဖြစ်ကြောင်း၊ တမူးဒေသခံပြည်သူများ က မိမိအား နွေးနွေးထွေးထွေး ကြိုဆိုသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ တမူးပြည်သူများအားလုံး ကျန်းကျန်းမာမာချမ်းချမ်းသာသာဖြင့် ကောင်းကျိုးလိုအင်ဆန္ဒပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကလေးမြို့၌ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူ အကအဖွဲ့က ရိုးရာအကဖြင့် ကြိုဆိုကြစဉ်။

သတင်းစဉ်

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့်အဖွဲ့သည် တမူးမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ကလေးမြို့သို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**ယာကြီး-ကလေးဝလမ်းအဆင့်မြှင့်တင်**

ယခုအခါ ထိုင်း-မြန်မာ-အိန္ဒိယ အာဆီယံလမ်းမကြီးကို ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာကြီး-ကလေးဝ အပိုင်း(၇၅ မိုင် ၅ ဖာလုံ)အား အိန္ဒိယနိုင်ငံ အကူအညီဖြင့် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ကလေးဝ-ကျီကုန်း-တမူးလမ်းပိုင်း ၉၃ မိုင်အပေါ်ရှိ တံတား ၆၉ စင်းကိုလည်း အိန္ဒိယနိုင်ငံ အကူအညီဖြင့် ပြန်လည်ပြုပြင်ခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများသည် ခန့်မှန်း ၂၀၂၁ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**နယ်စပ်ကုန်သွယ်ရေးဇုန်တည်ဆောက်နိုင်ရေး**

အဆိုပါလမ်းမကြီးပြီးစီးပါက မြန်မာ-အိန္ဒိယ (နှစ်နိုင်ငံ) နယ်စပ်ကုန်သွယ်ရေး ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် တမူးမြို့၌ မြေဧရိယာ (၃၂ ဒသမ ၁၇၆) ဧကအား နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်နိုင်ရေးအတွက် ခွင့်ပြုချထားပေးကာ အဆိုပါ မြေဧရိယာတွင် နယ်စပ်ကုန်သွယ်ရေးဇုန်တစ်ခု ဖြစ်ပေါ်လာရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ Master Plan တစ်ခု ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ ***ရှေ့ဖုံးမှ***

အပြည်ပြည်ဆိုင်ရာတရားရုံး ရှေ့မှောက်တွင် မြန်မာနိုင်ငံမှ တက်ရောက်ရှင်းလင်းခဲ့ပြီးဖြစ်သည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry–ICOE)၏ အစီရင်ခံစာတွင် ကောက်ချက်ချထားသကဲ့သို့ ရခိုင်ပြည်နယ်၌ လူမျိုးပြုန်းတီးစေရန် မည်သည့်ကျူးလွန် လုပ်ဆောင်ချက်မျိုးမျှ ဖြစ်ပွားခြင်းမရှိခဲ့ပါ။ စစ်မက်ပဋိပက္ခဆိုင်ရာ ရာဇဝတ်မှု ကျူးလွန်မှုများရှိသည်ဟု ကော်မရှင်က တွေ့ရှိခဲ့ပြီး ယင်းရာဇဝတ်မှုများကိုမြန်မာနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှုစနစ်အရ စုံစမ်းစစ်ဆေးအရေးယူလျက်ရှိသည်။

ယခုအမှုကိစ္စတွင် မူလလျှောက်ထားချက်၏ ခိုင်လုံမှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တရားရုံးအနေဖြင့် အချက်အလက်မှန်များကို အခြေခံကာ မှန်ကန်သည့် စီရင်ဆုံးဖြတ်ချက် ချမှတ်သွားရေးမှာ မြန်မာနိုင်ငံအတွက် အရေးကြီးသည်။ လူ့အခွင့်အရေးလှုပ်ရှားသူအချို့က တင်သွင်းခဲ့ကြသည့် အထောက်အထား ခိုင်လုံမှုမရှိသည့် စွပ်စွဲမှုများ၊ ရှုတ်ချမှုများကြောင့် ရခိုင်ပြည်နယ်၏ အခြေအနေကို လိုရာဆွဲ၍ လွဲမှားစွာပုံဖော်လျက်ရှိနေသည့်အတွက် မြန်မာနိုင်ငံနှင့် အခြားသောနိုင်ငံများ၏ ဆက်ဆံရေးအပေါ် ထိခိုက်မှုများ ဖြစ်စေခဲ့သည်။ ယင်းသို့သော အခြေအနေများသည် ရခိုင်ပြည်နယ် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများချမှတ်ရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် အဟန့်အတားဖြစ်စေခဲ့သည်။

အပြည်ပြည်ဆိုင်ရာ တရားရုံးအနေဖြင့် အမှုကိစ္စကို စတင်ကိုင်တွယ်ဆောင်ရွက်ချိန်တွင် အကာအကွယ်ပေးရေး အစီအမံများချမှတ်ရန် ပျက်ကွက်ခဲ့သည်ဟု စွပ်စွဲခံရနိုင်သည့် အလားအလာများမှ ကာကွယ်နိုင်ရန် ကြားဖြတ်စီမံဆောင်ရွက်ချက်များကို ချမှတ်ခဲ့လေ့ရှိသော အစဉ်အလာရှိသည်ကိုလည်း မိမိတို့အားလုံးအနေဖြင့် သိရှိထားသင့်သည်။ "တရားရုံး၏ ယနေ့ ဆုံးဖြတ်ချက်သည် ယင်းအမှု၏ ဆီလျော်ခိုင်မာမှု(merits) အား တရားရုံးက စီရင်ဆုံးဖြတ်ပိုင်ခွင့် ရှိ-မရှိအပေါ်တွင် လည်းကောင်း၊ လျှောက်ထားသည့် အမှုကို လက်ခံကြားနာခွင့် ရှိ-မရှိနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမှု၏ ဆီလျော်ခိုင်မာမှု(merits)နှင့် ပတ်သက်၍ လည်းကောင်း၊ ကြိုတင်ဆုံးဖြတ်သည့်သဘော လုံးဝသက်ရောက်စေမည် မဟုတ်ကြောင်း" အပြည်ပြည်ဆိုင်ရာ တရားရုံးက အတည်ပြုပြောကြားခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်**


ပြည်ထောင်စုဝန်ကြီး
နိုင်သက်လွင်


ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်


ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း


ကယားပြည်နယ်ဝန်ကြီးချုပ်
ဦးအယ်လ်ဖောင်းရှို

* *ကျောဖုံးမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ကျင်းပနိုင်ရေးနှင့် ၂၀၂၀ ပြည့်နှစ် မေလအတွင်း ကျင်းပရန် လျာထားသည့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

ပထမအကြိမ် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံ အားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ကချင်ရိုးရာ မနောအကကို ပွဲတော်အကအဖြစ် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယခုနှစ် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပြီး အဓိကအကကို ကယားရိုးရာ တံခွန်တိုင်အကဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

## ရည်ရွယ်ချက်များ

ယခုနှစ်ကျင်းပမည့် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀" ပွဲတော်ကို မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံသည် ချစ်ကြည်ရင်းနှီးစွာ စည်းစည်းလုံးလုံးနေထိုင်ကြောင်းနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို မြန်မာနိုင်ငံသားများသာမက အခြားနိုင်ငံသားများပါ သိရှိစေရန်၊ မြန်မာနိုင်ငံ၏ လှပသောတောတောင်ရေမြေအလှကို သိရှိစေရန်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်များ၊ ရိုးရာအဝတ်အထည်များ စသည်တို့ကို နိုင်ငံတွင်းမှသည် နိုင်ငံတကာဈေးကွက်များဆီသို့ တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရန်နှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ယခုပွဲတော်သည် ပြည်ထောင်စုပွဲကဲ့သို့သော တိုင်းရင်းသားများ တွေ့ဆုံနိုင်ရန်နှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် ပွဲတော်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအပြင် တိုင်းရင်းသားဒေသများတွင် ခရီးသွားလုပ်ငန်းနှင့် ဒေသန္တရခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်သည့် ပွဲတော်လည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် သဘာဝအလှအပများနှင့် ပြည့်စုံကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် သဘာဝအခြေပြု ခရီးသွားလုပ်ငန်းများကို မြှင့်တင်နိုင်ခြင်းဖြင့် တိုင်းရင်းသားဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများ ကို ပြည်တွင်းနှင့် နိုင်ငံတကာမှ သိရှိနိုင်စေရန် မီဒီယာ များ၏ အခန်းကဏ္ဍသည် အရေးပါသည့်အတွက် မီဒီယာများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုပါကြောင်း။

ပွဲတော်ကိုပါဝင်ဆင်နွှဲကြသည့် တိုင်းရင်းသားလူမျိုးများအနေဖြင့်လည်း မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို ပိုမိုအလေးထားတတ်၊ ပိုမိုချစ်တတ်လာစေပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာစေရေး စသည့် အသိပညာများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားများကိုယ်တိုင် မိမိတို့ဒေသ၊ မိမိတို့ရပ်ရွာနှင့် မိမိတို့နေအိမ်မှအစပြု၍ ဒေသန္တရခရီးသွားလုပ်ငန်းများတွင် မည်သို့ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုသည့် အသိပညာများကိုလည်း တစ်ပါတည်းရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့ တိုင်းရင်းသားများ၏ ဒေသအလိုက် သဘာဝအလှတရားများ ပျောက်ပျက်မှုမရှိစေဘဲ ဖွံ့ဖြိုးတိုးတက်မှုအကျိုးကို ခံစားကြရမည်ဖြစ်ပါကြောင်း။

## ရှုထောင့်ပေါင်းစုံမှဆောင်ရွက်

ပွဲတော်ကျင်းပရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်ကို အဓိကမထားဘဲ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်များကို မျက်ခြည်မပြတ်စေဘဲ လုံခြုံရေးနှင့် စည်းကမ်းစနစ်တကျရှိရေးတို့ကို ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

❑ ယခုပွဲတော်သည် ပြည်ထောင်စုပွဲကဲ့သို့သော တိုင်းရင်းသားများ တွေ့ဆုံနိုင်ရန်နှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် ပွဲတော်ဖြစ်

❑ ပွဲတော်ကိုပါဝင်ဆင်နွှဲကြသည့် တိုင်းရင်းသားလူမျိုးများအနေဖြင့်လည်း မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို ပိုမိုအလေးထားတတ်၊ ပိုမိုချစ်တတ်လာစေပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာစေရေး စသည့် အသိပညာများ ရရှိနိုင်မည်ဖြစ်

ပထမအကြိမ် တိုင်းရင်းသားလူမျိုးများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ပါကြောင်း၊ အဆိုပါဖိုရမ် ရလဒ်များအရ တိုင်းရင်းသားလုပ်ငန်းရှင်အသင်းများ ဖွဲ့စည်းလာနိုင်ခဲ့သည့်အတွက် ဆွေးနွေးပွဲရလဒ်များသည် အရေးကြီးသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် မေလအတွင်း ကျင်းပရန်လျာထားသည့် တိုင်းရင်းသားလူမျိုးများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို တိုင်းရင်းသားလုပ်ငန်းရှင်များ အချင်းချင်း ဆက်သွယ်ချိတ်ဆက်နိုင်မှု အားကောင်းလာစေရန်၊ စီးပွားရေးတိုးမြှင့်ဖော်ဆောင်ရာတွင် တိုင်းရင်းသားကဏ္ဍ ပိုမိုပါဝင်လာနိုင်စေရန်၊ ဒေသထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် နိုင်ငံတကာသို့ ထိုးဖောက်နိုင်စေရန်၊ စီးပွားရေးဈေးကွက်အခွင့်အလမ်းများ ပိုမိုအားကောင်းလာစေရန်နှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ တိုင်းရင်းသားဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်ကို သိရှိရပါကြောင်း။

## ထိရောက်စွာဆောင်ရွက်နိုင်မည်

တိုင်းရင်းသားလူမျိုးများ၏ လိုအပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် စဉ်းစားရာတွင် ဒေသခံတိုင်းရင်းသားများ၏ အသံများသည် လွန်စွာအရေးကြီးပါကြောင်း၊ တိုင်းရင်းသားများ၏ လိုအပ်ချက်များကို သိရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စီးပွားရေးဖိုရမ်များ ကျင်းပရန်လိုအပ်ပါကြောင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ တိုင်းရင်းသားလုပ်ငန်းရှင်များက ဦးဆောင်၍ စီးပွားရေးဖိုရမ်များကို ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် ကချင်ပြည်နယ် စီးပွားရေးဖိုရမ်သို့ မိမိအနေဖြင့် တက်ရောက်အားပေးခဲ့ပါကြောင်း။

ထို့ကြောင့် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း တိုင်းရင်းသားလုပ်ငန်းရှင်များ စုစည်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီးပွားရေးဖိုရမ်များကို ကျင်းပစေလိုပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားလုပ်ငန်းရှင်များက ဆောင်ရွက်သည့် စီးပွားရေးဖိုရမ်များ၏ ရလဒ်များကို စုစည်း၍ ပြည်ထောင်စုအဆင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ကျင်းပမည်ဆိုပါက ပိုမိုထိရောက်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ လိုအပ်ချက်များကို အသေးစိတ်နားထောင်ပြီး ဖိုရမ်အတွက် အချက်အလက်များရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားများ၏ လူမှုဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ရုပ်ဝတ္ထုများ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာလာစေရန် မျက်ခြည်မပြတ် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀" အောင်မြင်စွာကျင်းပနိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ကျင်းပနိုင်ရေးအတွက် အစည်းအဝေး တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအနေဖြင့် အပြုသဘောဆောင်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း၊ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့်ကာလတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်က "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀" ပွဲတော်နှင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်နှင့် စပ်လျဉ်း၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀" ပွဲတော်နှင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆောင်ရွက်သွားမည့်အစီအမံများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံပိုင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာများ၏ အခန်းကဏ္ဍ၊ Digital Promotion ဆောင်ရွက်ထားရှိမှုများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာများ၊ ပွဲတော်ကျင်းပရေး ရန်ပုံငွေဆိုင်ရာကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရန် ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ဘီးလင်း ဇန်နဝါရီ ၂၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မည့် အလူးလေးကျေးရွာ မြစိမ်းရောင်ကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းထော်စံက အမှာစကားပြောကြားပြီး ရန်ပုံငွေလွှဲပြောင်းပေးသည်။

ဘီးလင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ယူနစ် (၁၂)၊ ကျေးရွာပေါင်း ၁၄ ရွာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

### အခြေခံမဲဆန္ဒရှင် စာရင်းပြုစု

အစည်းအဝေး၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်း ဖြစ်စေရေးဆိုသည့် စံ (၅) ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးခွင့် မဆုံးရှုံးစေရေးအတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဆိုလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုပြီး ဖြစ်ပါကြောင်း၊ ၎င်းမဲစာရင်းများကို စဉ်ဆက်မပြတ်စိစစ်ပြင်ဆင်သွားမှသာ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိမည်ဖြစ်ပါကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာချိန်တွင်လည်း မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုစေရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

### မဲဆန္ဒနယ်များကြိုတင်ကြေညာရမည်

၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာလွှတ်တော်အလိုက် မဲဆန္ဒနယ်များ ကြိုတင်သတ်မှတ်ကြေညာရမည်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်သတ်မှတ်ရန်အတွက် နိုင်ငံတော်လူဦးရေ၏ (၀ ဒသမ ၁) ရာခိုင်နှုန်းနှင့်အထက် ရှိသည့် တိုင်းရင်းသားလူမျိုးစာရင်း ရရှိရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ ပြင်ဆင်ပြီး စာအုပ်များ ပုံနှိပ်ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်ကတည်းက ရေးဆွဲကျင့်သုံးခဲ့သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် Code of Conduct (CoC) ကို လက်ရှိအခြေအနေများနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်မွမ်းမံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရန် စေ့စပ်ညှိနှိုင်းရေး ကော်မတီနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သတင်းမီဒီယာ သမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်နှင့်ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ ရဲဝန်ထမ်းကျင့်ဝတ်များကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

### သတင်းအမှားများ မပြန့်ပွားရေး

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ Facebook Team တို့နှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်လျက်ရှိသည့်အပြင် ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်းသည့် သတင်းအမှန်ထုတ်ပြန်နိုင်ရန် သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး ကော်မရှင်ရုံးတွင် သတင်းများ အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများနှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန်၊ မှန်ကန်သည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ပြည်သူလူထုထံသို့ ထိထိရောက်ရောက်နှင့် လျင်မြန်စွာ ရောက်ရှိစေရန်၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သတင်းအမှားများ၊ သတင်းအတုများ မပြန့်ပွားစေရေးအတွက် UEC Facebook Page ကို မကြာမီကာလအတွင်း အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုနှင့် အရည်အသွေး မြင့်မားနေမှသာ ရွေးကောက်ပွဲလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။

### အကြံပြုချက်များ ဆွေးနွေး

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၏ အကြံပြုတင်ပြချက်များနှင့် မေးမြန်းချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တက်ရောက်လာသူများနှင့် အတူ ယာယီမဲရုံနမူနာခင်းကျင်းထားရှိမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ပူတာအိုခရိုင်အတွင်း ဆောင်ရွက်နေသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းနှင့်အတူ ဇန်နဝါရီ ၂၂ ရက်တွင် ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်၍ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၏ ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

### လုပ်ငန်းများ ကြည့်ရှု

ယင်းနောက် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ ရုံးဝင်းအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လက်ရှိဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် မာမိန်-မာမိန်ရှီးဒီ ကျေးရွာချင်းဆက်လမ်း (၂/၆) မိုင် ပြုပြင်ထိန်းသိမ်းမှုနှင့် မာမိန်ရှီးဒီဘေလီတံတားတို့အား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

### ကျောင်းသား/သူများနှင့် တွေ့ဆုံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို) သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိဒေသ၊ မိမိပြည်နယ်၊ မိမိနိုင်ငံတော်အကျိုး သယ်ပိုးနိုင်မည့် နောင်တစ်ခေတ်၏ ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ဖြစ်လာစေရေး ရည်မှန်းချက်ထားပြီး နိုင်ငံတော်က ထောက်ပံ့ပြုစုပျိုးထောင်နေသော မောင်တို့မယ်တို့ကို စာပေပညာရပ်အပြင် စိတ်ဓာတ်၊ စည်းကမ်း၊ ပေါင်းသင်းဆက်ဆံရေး၊ စာပေဖတ်ရှုသည့်အလေ့အထ၊ အချိန်ကို တန်ဖိုးထားစနစ်တကျ ခွဲဝေတတ်ခြင်း၊ ငွေကြေးခြိုးခြံချွေတာ စုဆောင်းခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး လက်တွေ့ဆောင်ရွက်ရမှုတို့ကို လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်သဖြင့် မောင်တို့မယ်တို့အနေဖြင့် ဤအခွင့်အရေးကို အလေးထားတန်ဖိုးထားပြီး ဇွဲလုံ့လဝီရိယအပြည့်ဖြင့် ကြိုးစားအားထုတ်သွားကြရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို) ၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

### လိုအပ်သည်များ ဖြည့်ဆည်း

ယင်းနောက် နေ့လယ်စာအား ကျောင်းသား ကျောင်းသူများနှင့်အတူ စားသုံးခဲ့ပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်လိုသော ခွင့်တူညီမျှ ထာဝရပေါင်းစည်းသည့် ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်

## ဟံသာဝတီ - ဦးအုန်းကြိုင်

ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့လေး၌ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှု၊ မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ တိကျမှန်ကန်သော လမ်းညွှန်မှုတို့ကြောင့် ဗြိတိသျှကိုလိုနီ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့သည်မှာ ယခု ၇၂ - နှစ်ကျော်ခဲ့လေပြီ။ ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားကိုလည်း (၇၃)နှစ်မြောက် ဆင်ယင်ကျင်းပကြတော့မည်။

### လုံးဝလွတ်လပ်သော နိုင်ငံတော်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှတို့၏ ကိုလိုနီဘဝ၊ ကိုလိုနီတစ်ပိုင်းဘဝ၊ ဒိုမီနီယံ ကျွန်တစ်ပိုင်း ပြန်ခံဘဝတို့နှင့် လုံးဝမဆက်စပ်၊ မဟပ်စပ်သော၊ ဗြိတိသျှဩဇာခံ ဓနသဟာယအဖွဲ့နှင့်လည်း နီးနွယ်ရောယှက်မှု မရှိသော၊ လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ဆိုက်ရောက်အောင် ပုံဖော်ဖန်တီးတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

### ဦးဆွေးဆံမြည့် ထိန်းသိမ်းကြရေး

ထိုသို့ တည်ဆောက်ရာတွင် ဗိုလ်ချုပ်အောင်ဆန်း အဓိကရည်မျှော်သော ဦးတည်ချက်မှာ ထိုလုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေကို ပြည်ထောင်စုဖွားတိုင်းရင်းသားအပေါင်းတို့က တစ်ပေါင်းတစ်စည်းတည်း၊ ထာဝရမခွဲ အမြဲတမ်းလက်တွဲလျက်ရှိကြသည့် တည်တံ့ခိုင်မြဲနေသော ဂုဏ်သိက္ခာကို လည်းကောင်း၊ နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ လေပြင်တို့ကို အချုပ်အခြာအာဏာပိုင်ပိုင် စိုးမိုးအုပ်ချုပ်နိုင်သော အခွင့်အာဏာများကို လည်းကောင်း၊ တရားမျှတခြင်းနှင့်တကွ တိုင်းကြီးပြည်ကြီးများ၏ ဥပဒေတို့နှင့်အညီ အရှည်တည်တံ့အောင်၊ ဦးဆွေးဆံမြည့် ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်းကောင်း ဦးတည်ရည်ရွယ်ခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ကိုယ်တိုင် ထိုစဉ်က မူကြမ်းအဖြစ် ရေးသားခဲ့သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြဋ္ဌာန်းရာ၌ ထည့်သွင်းမည့်စကားရပ်ကို ကျွန်ုပ်တို့ကိုယ်တိုင် ဖတ်ရှုမှတ်သားခဲ့ရပါသည်။

### လွတ်လပ်ရေး အစဉ်ထာဝရ တည်တံ့ရေးအတွက် အဓိဋ္ဌာန်ပြုချက်

ထိုစဉ်က ဗိုလ်ချုပ်ကိုယ်တိုင်ရေးသားသော စာမူတွင် မြန်မာ့လွတ်လပ်ရေး အစဉ်ထာဝရတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတကာနှင့် ရင်းနှီးချစ်ကြည်ငြိမ်းချမ်းစွာ ပူးပေါင်း ဆောင်ရွက်မည်ဟု လွတ်လပ်ရေး အဓိဋ္ဌာန်ပြုချက်ကိုလည်း အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

" ကျွန်ုပ်တို့ ချစ်မြတ်နိုးသော လွတ်လပ်သည့် နိုင်ငံတော်သည် ကမ္ဘာပေါ်တွင် တရားသဖြင့် ရသင့်ရထိုက်သည်လည်းဖြစ်၍၊ ဂုဏ်ကျက်သရေနှင့်လည်း ပြည့်စုံသော အဆင့်အတန်းကိုရရှိ၍၊ လူသတ္တဝါခပ်သိမ်းတို့၏ အကျိုးစီးပွားကို တိုးတက်စေရန်၊ မိမိ၌ တာဝန်ရှိသည့်အလျောက် အစွမ်းကုန်အားထုတ်ဆောင်ရွက်ပြီးလျှင်၊ ပြည်ထောင်အချင်းချင်း တရားမျှတမှုနှင့် လောကဝတ်တရားတို့ကို ထောက်ကာ၊ အိမ်နီးချင်းနိုင်ငံတို့နှင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မည်ဟု ခိုင်မြဲသောအဓိဋ္ဌာန်ကို ပြုပါသည်။ "



၉ - ၆ - ၁၉၄၇ ရက်က တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်လာသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ဝင်များ။

### ဗိုလ်ချုပ်၏အရှည်မျှော်သော လမ်းညွှန်ချက်

ထို့ပြင် အချုပ်အခြာ အာဏာအားလုံးကို တိုင်းသူပြည်သားတို့ထံမှသာ ခံယူသုံးစွဲရန် အတွက်ကိုလည်း ဗိုလ်ချုပ်သည် အရှည်ရည်မျှော်၍ အခြေခံဥပဒေရေးဆွဲရာတွင် အဓိကလမ်းညွှန်ခဲ့သည်ကို ၎င်းကိုယ်တိုင် ရေးသားခဲ့သော အောက်ပါစာပိုဒ်ဖြင့် ဖတ်ရှုမှတ်သားခဲ့ရပါသည် -

### အချုပ်အခြာအာဏာ ပြည်သူ့ထံမှသာ ရယူရန်

လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံတော်သည် လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်များသည် လည်းကောင်း၊ ပြည်ထောင်စုအစိုးရဌာနများသည် လည်းကောင်း၊ အသီးသီးတို့သည် မိမိတို့၏ အမိန့်အာဏာနှင့် အာဏာအားလုံးတို့ကို၊ တိုင်းသူပြည်သားတို့ထံမှသာ ခံယူသုံးစွဲရမည်ဟု ဗိုလ်ချုပ်လမ်းညွှန်ချမှတ်ခဲ့ပါသည်။

### နိုင်ငံသားတို့၏ လွတ်လပ်ခွင့် အာမခံချက်

တိုင်းသူပြည်သား နိုင်ငံသားတို့၏ လွတ်လပ်ခွင့် အခွင့်အရေးနှင့် ပတ်သက်၍လည်း -

လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းတူညီမျှမှု၊ ထို့ပြင် တရားဥပဒေကို လည်းကောင်း၊ လောကဝတ္တရားကို လည်းကောင်း ထောက်၍၊ လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟရေးသားဖော်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန်သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသန ရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုစု ဆောင်ရွက်နိုင်မှုတို့ကို ပြည်သူပြည်သားအားလုံးတို့ ရရှိခံစားနိုင်အောင် ထိုအခြေခံဥပဒေတို့က အာမခံချက်ရှိရမည်ဟု ဗိုလ်ချုပ်လမ်းညွှန်ချမှတ်ခဲ့ပါသည်။

### အောင်ဆန်း - အက်တလီစာချုပ်

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့က ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် မြန်မာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှအစိုးရ နန်းရင်းဝန် မစ္စတာအက်တလီတို့ တွေ့ဆုံဆွေးနွေးကာ မြန်မာ့လွတ်လပ်ရေးကို ရှေးရှုသော အောင်ဆန်း - အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

### တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ

ထိုစာချုပ်အရ တိုင်းပြုပြည်ပြုလွှတ်တော် ( Constituent Assembly ) ရွေးကောက်ပွဲကို ဧပြီလတွင် ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်က ၉၅ ဒသမ ၃ ရာခိုင်နှုန်းဖြင့် သောင်ပြိုကမ်းပြိုရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

### ပဏာမပြင်ဆင်မှုညီလာခံ

ရွေးကောက်ပွဲပြီးသည့်နောက် မကြာမီ ကျင်းပမည့် တိုင်းပြုပြည်ပြုလွှတ်တော် လုပ်ငန်းများချောမောစေရန်၊ ထိုနှစ် မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံကို ကျင်းပပြီး မြန်မာနိုင်ငံကို လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ နိုင်ငံတော်အဖြစ် တည်ဆောက်ရန်လိုအပ်သည့် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကို အဖွဲ့ဝင် (၁၁၁) ဦး ပါဝင်သော ကော်မရှင်ဖြင့် စတင်ဆွေးနွေးပြီးနောက် မူကြမ်းချမှတ်ကြသည်။

### အခြေခံဥပဒေရေးဆွဲခြင်း

ထိုမှနောက် တိုင်းပြုပြည်ပြုလွှတ်တော်ကို ထိုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် စတင်ကျင်းပ၍၊ ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံ ဆုံးဖြတ်ချက်နှင့်အညီ၊ အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံအုပ်ချုပ်ရေးဥပဒေကို ရေးဆွဲရာ၊ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ပြီးစီးလေသည်။

### အာဏာလွှဲပြောင်းရေးမစ်ရှင်အဖွဲ့

ထိုတွင် မြန်မာ့လွတ်လပ်ရေးအာဏာလွှဲပြောင်းရေးအတွက် ကြိုတင်လမ်းခင်းပြီးဖြစ်စေရန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သခင်နု၊ ဦးတင်ထွဋ်၊ ဦးကိုကိုကြီး၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်ကလေးနှင့် ဗိုလ်ထွန်းလင်းတို့ပါဝင်သော မြန်မာ့မိတ်ဆက် မစ်ရှင်အဖွဲ့ကို အင်္ဂလန်သို့ စေလွှတ်ခဲ့သည်။

### ပထမဆုံးသော နိုင်ငံတော်အလံ၊ တံဆိပ်၊ သီချင်း

တိုင်းပြုပြည်ပြုလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဆုံးသော နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော်သီချင်းတို့ကိုလည်း ရွေးချယ်အတည်ပြု ပြဋ္ဌာန်းခဲ့လေသည်။

### လွတ်လပ်ရေးအတွက် လုပ်ငန်းအဆင့်ဆင့်

ဤသို့ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြီးနောက်၊ ဦးတင်ထွဋ်၊ ဦးကိုကိုကြီး၊ ဗိုလ်မှူးအောင်၊ မန်းဝင်းမောင်၊ ဒေါက်တာအေးမောင်၊ မိုးမိတ်စော်ဘွားကြီး၊ ဦးဝမ်ကိုဟောနှင့် ဦးလဘန်ကရောင်းတို့ ပါဝင်သော ကော်မရှင်တစ်ရပ်ကို လန်ဒန်မြို့သို့ ရှေ့ပြေးအဖွဲ့အဖြစ် စေလွှတ်ပြီးနောက်၊ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် သခင်နု၊ ဗိုလ်လက်ျာနှင့် ဗိုလ်ထွန်းလင်းတို့ကို ဘိလပ်သို့သွားရောက်စေပြီး မြန်မာနိုင်ငံကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ် အသိအမှတ်ပြု၍ အာဏာလွှဲပြောင်းအပ်နှံရန် မြန်မာ့လွတ်လပ်ရေးစာချုပ်ကို သခင်နုနှင့် ဗြိတိသျှနန်းရင်းဝန် မစ္စတာ ကလီမင့်အက်တလီတို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီးသည့်နောက် မြန်မာနိုင်ငံတော်ကြီးသည် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လုံးဝလွတ်မြောက်ကာ လွတ်လပ်ရေးအောင်ပွဲအလီလီ ဆင်နွှဲနိုင်ခဲ့ကြခြင်းဖြစ်သည်။

### ဗိုလ်ချုပ်၏တိုင်းရင်းသားများအပေါ် သဘောထား

ဤသည့်နောက်တွင်ကား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံဖွား တိုင်းရင်းသားလူနည်းစုများအရေးနှင့် ပတ်သက်၍ သဘောထားရပ်တည်ချက်ထားရှိပုံများနှင့် အကောင်အထည် ဖော်ဆောင်ခဲ့ပုံများကို အနည်းငယ်ဖြည့်စွက်တင်ပြလိုပါသည်။

### တိုင်းရင်းသားတို့အခွင့်အရေး

တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေး တင်းပြည့်ကျပ်ပြည့်ရရှိရေးအတွက် ဖဆပလအဖွဲ့ချုပ် စတင်တည်ထောင်စဉ်ကတည်းမှစ၍ ဗိုလ်ချုပ်သည် အထူးပင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့မြင်သိရှိကြရပါသည်။

### တိုင်းရင်းသားတို့ သွေးစည်းညီညွတ်ကြရေး

ဗြိတိသျှနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ဝါးအစည်းပြေသလို သွေးကွဲနေကြသော တိုင်းရင်းသားအချင်းချင်း နားလည်ရင်းနှီးချစ်ကြည် လာနိုင်ကြစေရန်၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် သခင်နု၊ ဒီးဒုတ်ဦးဘချို တို့နှင့်အတူ ရှမ်းပြည်၊ ကရင်နီနယ်၊ ကချင်နယ်၊ ချင်းနယ်၊ ရခိုင်နယ်များသို့ လှည့်လည်ကာ ဆောင်ရွက်ခဲ့ကြပြီးနောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ကလေးတွင် ကျင်းပသော ပင်လုံညီလာခံတွင် မြန်မာပြည်မနှင့် တိုင်းရင်းသားသွေးရင်းသားချင်းတို့ တစည်းတလုံးတည်း အတူတကွ ပူးပေါင်းကြရန် ဆုံးဖြတ်ကြလေသည်။

### လူနည်းစုအကျိုး အများဆုံးပေးနိုင်အောင်

ထိုဆုံးဖြတ်ချက်နှင့်အညီ ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံတွင် တိုင်းရင်းသားလူနည်းစုများသည် (၁)လူတို့၏ အခွင့်အရေး၊ (၂)လူမျိုးဓလေ့စရိုက် ထုံးတမ်းအခွင့်အရေး၊ (၃) ကိုယ်ပိုင်ယဉ်ကျေးမှု ပြဋ္ဌာန်းခွင့်ကို မထိခိုက်စေဘဲ လွတ်လပ်စွာ ပေါင်းသင်းဆက်ဆံနိုင်သော အခွင့်အရေး၊ (၄) ဥပဒေပြုအဖွဲ့တွင် ထိုက်သင့်သော ကိုယ်စားလှယ်ဦးရေ ပါဝင်ရေးများ ရရှိစေရမည်ဟု ခံဝန်ချက်ရှိခဲ့ကြသည့်အတိုင်း တိုင်းရင်းသားလူနည်းစုတို့၏ အကျိုးကို အများဆုံး ပေးအပ်နိုင်အောင် ဗိုလ်ချုပ်ကိုယ်တိုင် ဦးဆောင်ကြိုးပမ်း ပြဋ္ဌာန်းခဲ့လေသည်။

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

**မန်ခန်ရွာချစ်ကြည်ရေးအဖွဲ့**

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များဖြစ်ကြသော ကချင်အမျိုးသားခေါင်းဆောင်များသည် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်တွင် မြစ်ကြီးနားမြို့နှင့် ၅ မိုင်ခန့်ဝေးသော မန်ခန်ရွာ စာသင်ကျောင်းဝင်းအတွင်း ချစ်ကြည်ရေးမဏ္ဍပ်ကြီး၌ အထူးယုံကြည်အားထားရသော မိတ်ဆွေစစ်ဖြစ်ကြောင်း အထိမ်းအမှတ် မင်္ဂလာပန္နက် စိုက်ထူနိုင်ခဲ့ကြလေသည်။ ဤသည်မှာ ပြည်ထောင်စုလွတ်လပ်ရေးသမိုင်းတွင် အထူးမော်ကွန်းထိုး မှတ်တမ်းတင်ကြရမည့် အပိုင်းကဏ္ဍတစ်ရပ်ဖြစ်ပါသည်။

**မိတ်စစ်ဆွေစစ်တို့၏ ထမင်းစားပွဲကြီး**

ကချင်အမျိုးသား ယဉ်ကျေးမှုထုံးတမ်းအရ ဗိုလ်ချုပ်အောင်ဆန်းအား ၎င်းတို့အထူးယုံကြည်အားထားရသည့် မိတ်စစ်ဆွေစစ်ဖြစ်ကြောင်း ကမ္ပည်းမော်ကွန်းတင်အထိမ်းအမှတ်အဖြစ်ဖြင့် ကချင်အမျိုးသမီးတို့၏ ထုံးစံနှင့်အညီ အထူးထမင်းစားပွဲကြီးတွင် ဝါးကျည်တောက်ဖြင့် ခေါင်ရည်တိုက်ခြင်း၊ ဖက်ခင်း၍ ထမင်းကျွေးခြင်း၊ ကချင်ဓားလွယ်ဆက်ခြင်း၊ ကောင်းချီးဩဘာပေးခြင်း စသည်ဖြင့် ချစ်ကြည်ရင်းနှီးမှုထုံးစလေ့အတိုင်း ဆောင်ရွက်ကြလေသည်။

**ဗိုလ်ချုပ်၏သဘောထားနှင့် စေတနာ**

ထို ကချင်ရိုးရာ အထူးထမင်းစားပွဲတွင် ဗိုလ်ချုပ်က ကချင် - ဗမာ သွေးစည်းချစ်ကြည်ရေးနှင့် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး အရေးကြီးပုံနှင့် တိုင်းရင်းသားများအပေါ် ထားရှိသော ဗိုလ်ချုပ်အောင်ဆန်း၏ သဘောထားနှင့် စေတနာများကို ပွင့်လင်းရိုးသားစွာ အရှိ အရှိအတိုင်း အမှန် အမှန်အတိုင်း မိန့်ကြားသွားလေသည်။

**အပြောမဟုတ် လက်တွေ့လုပ်ပေးခြင်း**

“ ဒူးဝါးကြီးနှင့်တကွ ဂျင်းဖော အမျိုးသား အမျိုးသမီးအပေါင်းတို့၊ ကျွန်တော်သည် ဂျင်းဖောလူမျိုးများအား မေတ္တာရှိ၍ ကျွန်တော်၏ သွေးသားရင်းချာကဲ့သို့ သဘောထားပါတယ်။ မြန်မာနိုင်ငံဖွား တိုင်းရင်းသားအချင်းချင်းတို့ အပေါ်၌ ရင်းချာသော ညီအစ်ကိုကဲ့သို့ သဘောထားကြောင်းမှာ အပြောအားဖြင့် မဟုတ်၊ အလုပ်သဘောအားဖြင့်လည်း ပြခဲ့ပါပြီ။ ဥပမာ တစ်ခုအနေ တင်ပြရလျှင် ဂျင်းဖောစစ်တပ် သီးသန့်တည်ရှိလာရခြင်းမှာ ကျွန်တော်၏ ကြိုးစားလုံးပန်းမှုကြောင့် ဖြစ်လာရကြောင်း သိကြစေလိုပါတယ်။ အရှေ့အာရှတောင်ပိုင်း မဟာမိတ်တို့ရဲ့ စစ်သေနာပတိချုပ် မောင့်ဘက်တန်နဲ့ ကျွန်တော်တို့ သဘောတူ စာချုပ်ချုပ်ဆိုလာခဲ့တဲ့အတွက် အခုလို ဖြစ်ပေါ်လာရတာ ဖြစ်တယ်။ ”

**သူ့တပ်နဲ့ သူ့ဗိုလ်တွေ ခန့်ထားရန်**

အဲဒီစာချုပ်ထဲမှာ သူ့ဆိုင်ရာ ဆိုင်ရာ တိုင်းရင်းသားစစ်တပ်နဲ့ သူ့တိုင်းရင်းသား စစ်ဗိုလ်များထားရှိရမယ်လို့ သဘောတူစာချုပ်ထဲမှာ ပါရှိပါတယ်။ ယခုအခါမှာ တိုင်းရင်းသားမဟုတ်သူများက တိုင်းရင်းသားစစ်တပ်များမှာ စစ်ဗိုလ်များအဖြစ်နဲ့ ရှိနေကြသေးသော်လည်း၊ ဒါတွေကိုရုပ်သိမ်းအောင် ကြိုးစားလျက်ရှိနေပါတယ်။ စာချုပ်မှာ ပါရှိပြီးဖြစ်တဲ့အတွက် မရုပ်သိမ်းနိုင်စရာ အကြောင်း မရှိပါဘူး။

**ယခင် အနှိမ်ခံဘဝ**

ဟိုအရင်ကဆိုလျှင် တိုင်းရင်းသားများ အနှိမ်ခံခဲ့ကြရပါတယ်။ စစ်ဗိုလ်အတတ်တွေ တတ်ကြသော်လည်းပဲ သူတို့နဲ့ တန်းတူ

## “ဗိုလ်ချုပ်မျှော်မှန်း တည်ဆောက်အကောင်အထည်ဖော်လိုသော မြန်မာနိုင်ငံတော်မှာ ယခုအခါ တိုင်းရင်းသားခေါင်းဆောင်ကြီးများအားလုံး၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကြ၍ ထာဝရငြိမ်းချမ်းသာယာဝပြောသော တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း အခွင့်တူညီမျှ ချမ်းသာကြရမည့် ဒီမိုကရေစီ ဖက်ဒရယ် နိုင်ငံတော်သစ်ကြီး အောင်အောင်မြင်မြင် အမြန်တည်ဆောက်ကြမည့် ပြည်ထောင်စုကြီးမျိုးသာလျှင်ဖြစ်”

အဆင့်မပေးကြပါဘူး။ ဂျမဒါလောက်၊ ဆူဗေဒါလောက်သာ ပေးခဲ့ကြတယ်။ အခုက ဒီလိုမဟုတ်တော့ပါဘူး။ တန်းတူရည်တူ အဆင့်အတန်းရကြတော့မှာ ဖြစ်တယ်။ ဒါဟာလည်း တိုင်းရင်းသားတွေအားလုံး အပေါ်မှာ ကျွန်တော်ရဲ့ စေတနာထားပုံ သက်သေသာဓကတစ်ရပ် ဖြစ်ပါတယ်။

**တိုင်းရင်းသားတွေ ကိုယ်တိုင်အုပ်ချုပ်ရန်**

ဒါ့အပြင် ကျွန်တော်တို့ အစိုးရရဲ့ ပေါ်လစီကို ထုတ်ပြန်ကြေညာရာမှာလည်း တောင်တန်းဒေသနယ်ပယ်များမှာ သူ့နယ်နဲ့သူဆိုင်ရာ တိုင်းရင်းသားများကိုယ်တိုင် အုပ်ချုပ်၍ ဗမာပြည်မနှင့် စုပေါင်းညီညွတ်စွာရှိရန် ရည်ရွယ်ချက်ထားရှိကြောင်းကိုလည်း အတိအလင်းကြေညာပြီး ဖြစ်ပါတယ်။ ဒါဟာလည်း တိုင်းရင်းသားများအပေါ်မှာ စေတနာထားရှိပုံ သက်သေတစ်ရပ်ဖြစ်ပါတယ်။

**ဗမာအစိုးရ၏ အထူးလိုလားချက်**

ကျွန်တော်တို့ ဗမာအစိုးရဟာ တောင်တန်းနယ်ဆိုင်ရာ တိုင်းရင်းသားတွေရဲ့ စီးပွားရေးတိုးတက်ရေးကို အထူးလိုလားပါတယ်။ အခုတော့ ဗမာပြည်လွတ်လပ်ရေး မရသေးတဲ့အတွက် ကျွန်တော်တို့စိတ်တိုင်းကျ လုပ်ချင်သလောက် မလုပ်ပေးနိုင်ဘဲ ရှိနေပါတယ်။ အခုက တောင်တန်းနယ်များကို (ဗြိတိသျှ) ဘုရင်ခံတစ်ဦးတည်းက တာဝန်ယူ အုပ်ချုပ်နေတာ ဖြစ်ပါတယ်။

**ဗိုလ်ချုပ်၏ လိုလားချက်**

ကျွန်တော်တို့ လိုလားချက်က ရှမ်းပြည်၊ ဂျင်းဖောနယ်၊ ချင်းတောင်များကို ဘုရင်ခံက တာဝန်မယူဘဲ တောင်တန်းနယ်များဆိုင်ရာ ရှမ်းတို့၊ ဂျင်းဖောတို့၊ ချင်းအမျိုးသားတို့ကို တာဝန်ပေးအပ်ကာ ဆောင်ရွက်အုပ်ချုပ်စေရန် ဖြစ်ပါတယ်။ ဒီအတိုင်း ကျွန်တော်တို့ ချမှတ်ထားပြီး ဖြစ်ပါတယ်။ အခုလို ချမှတ်ဆောင်ရွက်တာတွေကပင် ကျွန်တော်တို့က ဂျင်းဖောစတဲ့ တိုင်းရင်းသားတွေအပေါ်မှာ စေတနာကောင်းထားကြောင်း၊ ချစ်ခင်ရင်းနှီးတဲ့ စိတ်ထားရှိကြကြောင်း သက်သေသာဓကများပဲ ဖြစ်ပါတယ်။

**တစ်ဦးတည်း မရပ်တည်နိုင်**

အထူးသတိပြုစေလိုတဲ့ အချက်တစ်ခုမှာ ယခုအခါမှာ ကမ္ဘာပေါ်တွင် အရေးပါအရာရောက်နေကြတဲ့ နိုင်ငံကြီးများပင်လျှင် မိမိတစ်ဦးတည်း အပေါင်းအသင်းမရှိဘဲ မနေနိုင်၊ မရပ်တည်နိုင်ကြပါဘူး။ အချင်းချင်း နီးစပ်ရာ နီးစပ်ရာ နိုင်ငံများနဲ့ ပူးပေါင်းနေနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေကြရပါတယ်။

**ဗမာပြည်အားရှိနေအောင်**

ဗမာပြည်လည်း နီးစပ်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်ရပါမယ်။ အားရှိအောင် ဖန်တီးရပါမယ်။ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန်လည်း အထူးအရေးကြီးပါတယ်။ ဂျင်းဖောက တခြား၊ ချင်းကတစ်ဖုံ၊ ရှမ်းကတစ်မျိုး ဆိုသလို အကွဲကွဲအပြားပြား ဖြစ်နေကြမယ်ဆိုလျှင် ဘယ်သူမှ အင်အားရှိကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် တသီးတခြားစီနေကြလျှင် ဘေးအန္တရာယ်နှင့် မကင်းတာကို သတိပြုကြပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိကြရန် အထူးလိုလားကြစေလိုပါတယ်။

**ကိုယ်ပိုင်အုပ်ချုပ်သည့်နယ်မြေများ**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံဖွား တိုင်းရင်းသားများအပေါ် ထားရှိသည့် သဘောထားအတိုင်း လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံအဖြစ်သို့ ရောက်ရှိတော့မည့် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲအပ်သော နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် တိုင်းရင်းသားတို့ ကိုယ်ပိုင်အုပ်ချုပ် စီမံဆောင်ရွက်နိုင်ကြသော နယ်မြေအဆင့်အတန်းများကို အောက်ပါအတိုင်း စီမံပြဋ္ဌာန်းခဲ့လေသည်-

**ဥပဒေအရပေးသည့် အဆင့်အတန်းများ**

အောက်ပါ အင်္ဂါလက္ခဏာများအားလုံးနှင့်သော်လည်းကောင်း၊ အချို့နှင့်သော်လည်းကောင်း ပြည့်စုံသည့်နယ်မြေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းသတ်မှတ်သော တရားဥပဒေနှင့်အညီ “ ပြည်ထောင်စုပြည်နယ် ” အဆင့်အတန်းကို ဖြစ်စေ၊ “ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ” ပြည်နယ် အဆင့်အတန်းကိုဖြစ်စေ၊ “ လူမျိုးစုပြည်နယ် ” အဆင့်အတန်းကိုဖြစ်စေ ရရှိစေရမည်ဖြစ်သည်။

**ပြည်နယ်ရထိုက်သော အဆင့်အတန်း**

အင်္ဂါလက္ခဏာများ

၁။ ပထဝီအနေအထားအရ နယ်နိမိတ် အထင်အရှားရှိခြင်း၊
၂။ မြန်မာစကားနဲ့မတူသော ဘာသာစကားတစ်မျိုးတည်းရှိခြင်း၊
၃။ ယဉ်ကျေးမှုတစ်မျိုးတည်းရှိခြင်း၊
၄။ ရာဇဝင်(သမိုင်း) အစဉ်အလာ တစ်မျိုးတည်းရှိသော လူစုရှိခြင်း၊
၅။ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများနှင့် စီးပွားရေးလုံလောက်မှုတို့ရှိသော လူစုရှိခြင်း၊
၆။ လူဦးရေအတော်အတန်ရှိခြင်း၊
၇။ ပြည်ထောင်စုသီးခြား “အဖွဲ့ဝင်တစ်ခု ” အဖြစ်ဖြင့် မိမိ၏ကိုယ်ပိုင် ထင်ရှားချက်အတိုင်း နေလိုသော ဆန္ဒရှိခြင်းတို့ဖြစ်သည်။

**အခြေခံဥပဒေရေးဆွဲကြစဉ်က**

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲကြစဉ်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း (၆၇) မျိုးသာရှိသည်ကိုလည်း ဗိုလ်ချုပ်တို့ပြုစုခဲ့သည့် မှတ်တမ်းစာရင်းများအရ အောက်ပါအတိုင်း သိရှိကြရပါသည်-

ဤအချက်ကို ဖော်ပြရခြင်း ရည်ရွယ်ချက်မှာ ပြည်ထောင်စုတိုင်းရင်းသားတိုင်း အထူးသိရှိ မှတ်သားနိုင်ကြစေရန်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးများ**

(၁) ကယား (ကရင်နီ)
(၂) ကရင် (စကော)
(၃) ကရင် (ပကူး)
(၄) ကရင် (ပိုး)
(၅) ကရင်ဖြူ
(၆) ကေခု
(၇) ကေဘာ
(၈) ကဲခို
(၉) ကော်
(၁၀) ကိုးကန့်
(၁၁) ခမွေး
(၁၂) ခေါင်းပုံ
(၁၃) ချင်း
(၁၄) ချင်း (ဆလိုင်း)
(၁၅) ဂဏန်း
(၁၆) ဂဒူး
(၁၇) ဂုံ
(၁၈) ဂျင်းဖော
(၁၉) ဆလုံ
(၂၀) တောင်ရိုး
(၂၁) ထရုံ
(၂၂) ထိုင်းလွယ် (တောင်ပေါ်ရှမ်း)
(၂၃) ပလောင်
(၂၄) ဒိုင်နက်
(၂၅) ဓနု
(၂၆) နာဂ
(၂၇) ပဒေါင်
(၂၈) ပရချီး
(၂၉) ပရဲ
(၃၀) ပလောင် (ငွေပလောင်)
(၃၁) ပလောင် (ရွှေပလောင်)
(၃၂) ပအို့
(၃၃) ဗမာ (ထားဝယ်)
(၃၄) ဗမာ (တိုင်း)
(၃၅) ဗမာ (ပသျှူး)
(၃၆) ဗမာ (မြိတ်)
(၃၇) ဗရမာကြီး
(၃၈) ဘွဲ့
(၃၉) မနုမနော
(၄၀) မရူ
(၄၁) မရို
(၄၂) မွန်
(၄၃) မြန်မာ
(၄၄) မြောင်း
(၄၅) ယင်းကြား
(၄၆) ယင်းတလဲ
(၄၇) ယင်းနက်
(၄၈) ယင်းဘော်
(၄၉) ရခိုင်
(၅၀) ရှမ်း
(၅၁) ရှမ်းကလေး
(၅၂) ရှမ်းကြီး
(၅၃) ရှမ်း (ကွေ့ရှမ်း)
(၅၄) ရှမ်း(ဆင်ကလိုင်၊ ခန္တီး)
(၅၅) ရှမ်း (ပူတာအို)
(၅၆) ရှမ်း (မောရှမ်း)
(၅၇) ရှမ်း (တရုတ်)
(၅၈) လေရှီး
(၅၉) လဝမ်
(၆၀) လားဟူ
(၆၁) လီစူး
(၆၂) လူရှိုင်း
(၆၃) လွယ်
(၆၄) ဝ
(၆၅) သက်
(၆၆) အင်း
(၆၇) အင်းသား

**စေတနာစကားများ**

ဤသည်တို့ကား မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ကိုယ်ကျိုးမဖက် တိုင်းပြည်နှင့် လူမျိုးအတွက်၊ အားခဲ၍ ကြိုးပမ်းဖော်ဆောင်ခဲ့သော ယခု ၇၂ - နှစ်ကျော် အောင်ပွဲခံယူနေကြပြီဖြစ်သည့် အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သည့် မြန်မာနိုင်ငံတော်ကြီး၏ သမိုင်းဝင်ပုံရိပ်များပင်ဖြစ်ပါသည်။ နှောင်းလူတို့ အသိပညာဗဟုသုတဖြစ်ကြပါစိမ့်သောငှာ ကိုယ်တိုင်ပါဝင် ဖြတ်သန်းခဲ့ရပါသော ဗဟုသုတ အကြောင်းအချက်များ၏ တစ်စိတ်တစ်ပိုင်းကို စေတနာ မေတ္တာထား၍ တင်ပြအပ်ပါသည်။

**လွတ်လပ်ရေးနေ့ အပြောချင်ဆုံးစကား**

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ သမိုင်းတစ်လျှောက် ပြောလျှင်ပြောသလိုလုပ်၍ လုပ်တိုင်းလည်း အောင်မြင်ကာ ပေးလိုက်သည့်ကတိစကားအတိုင်းလည်း တည်သည့် တစ်ဦးတည်းသာရှိသော နိုင်ငံခေါင်းဆောင်မှာ ဗိုလ်ချုပ်အောင်ဆန်းသာ ဖြစ်ပါသည်။

**ဗိုလ်ချုပ်၏ ရဲရဲတောက် ကတိ**

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမ ဆင်ဝင်ထက်ပေါ်မှ ကျင်းပသော လူထုစည်းဝေးပွဲကြီးတွင် “ တစ်နှစ်အတွင်း လွတ်လပ်ရေး လုံးဝရစေရမယ် ” ဟု ဗိုလ်ချုပ်ကိုယ်တိုင် လူထုကို ရဲရဲကြီး ကတိပေးခဲ့သည်။

**ကတိပေး၊ ပေးသည့်အတိုင်းဖြစ်**

ထိုကတိစကားအတိုင်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (တစ်နှစ်မပြည့်မီ) တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ ဤကဲ့သို့ ကတိပေး၊ ပေးသည့်အတိုင်း ဖြစ်ရသောအဖြစ်တို့သည် လောက၌ ဖြစ်ခဲ၏။ ဖြစ်ခဲသည့် အဖြစ်သည် အမှန်တကယ်ဖြစ်ခဲ့ရသည်မှာ အလွန်တရာ ထက်သန် စူးရှရဲရင့်ပြောင်မြောက်လှသော သူရဲကောင်းတို့၏ အလွန်တရာ ပြင်းထန်သော စိတ်လှိုင်းရိုက်ခတ်ချက်ကြောင့် ဖြစ်ရသည်ဆိုသော်ငြား ကတိပေး၊ ပေးသည့် ကတိအတိုင်း ဖြစ်ခဲ့ရသည်။

ထိုသို့ပေးသည့် ကတိအတိုင်း တည်သည့်တစ်ဦးတည်းသော ပုဂ္ဂိုလ်ထူးမှာ ဗိုလ်ချုပ်အောင်ဆန်းသာဖြစ်ကြောင်း (၇၃) နှစ်ပြည့် ပြည်ထောင်စုနေ့ အခါသမယတွင် အပြောချင်ဆုံးစကား အဖြစ် ပြောကြားလိုက်ရပါသည်။

**ဗိုလ်ချုပ်တည်ဆောက်လိုသည့်နိုင်ငံတော်**

ထိုထက်ဖြည့်စွက်၍ ပြောကြားလိုသည့် စကားမှာ ဗိုလ်ချုပ်မျှော်မှန်းတည်ဆောက်အကောင်အထည်ဖော်လိုသော မြန်မာနိုင်ငံတော်မှာ ယခုအခါ တိုင်းရင်းသားခေါင်းဆောင်ကြီးများအားလုံး၊ လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်ကြ၍၊ ထာဝရငြိမ်းချမ်းသာယာဝပြောသော တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း အခွင့်တူညီမျှ ချမ်းသာကြရမည့် ဒီမိုကရေစီ ဖက်ဒရယ် နိုင်ငံတော်သစ်ကြီး အောင်အောင်မြင်မြင် အမြန်တည်ဆောက်ကြမည့် ပြည်ထောင်စုကြီးမျိုးသာလျှင် ဖြစ်ပါကြောင်း အပွင့်လင်းဆုံး ပြောကြားပါရစေခင်ဗျား။ ။

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**စိတ်အားထက်သန်မှုများရှိနေ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ဌာန၏ လုပ်ငန်းများလှုပ်ရှားသက်ဝင်လာအောင်၊ ဌာနကို ပိုမိုဖွံ့ဖြိုးရှင်သန်လာအောင် အားလုံးဝိုင်းဝန်း ဆောင်ရွက်နေကြသည်ကို မြင်ရသည့်အတွက် အင်မတန်ဝမ်းမြောက်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် တာဝန်ယူထားသည့် ပုဂ္ဂိုလ်အသီးသီးက မိမိဒေသအတွက် မရှိမဖြစ်လိုအပ်သည့် ပုဂ္ဂိုလ်များ ဖြစ်အောင် ဆောင်ရွက်လိုသည့် စိတ်အားထက်သန်မှုများ ရှိနေသည်ကိုလည်း မြင်ရပါကြောင်း။

ယခုအခါ စာဖြင့် ရေးသားတင်ဆက်သည့် သတင်းများထက် ဗီဒီယိုကလစ်များဖြင့် တင်ဆက်သည့် သတင်းများကို ကြည့်ရှုသူများလာသည့်အတွက်သတင်းသမားများအနေဖြင့် စာဖြင့် သတင်းရေးသားတင်ပြရုံသာမကဘဲ ရုပ်သံများရိုက်ကူးခြင်း၊ နောက်ခံစကားပြောခြင်းတို့ကိုလည်း လေ့ကျင့်ကြစေ လိုပါကြောင်း၊ စာကြည့်တိုက်မှူးများသည် စာကြည့်တိုက်လုပ်ငန်းကို စိတ်ပါဝင်စားမှုသာမကဘဲ ယခုထက်မက ထင်ထင်ရှားရှားဖြင့် စာကြည့်တိုက်လောကတွင် ဂုဏ်တင်ရသည့် အရာဝင်သည့်သူများ ဖြစ်လာသည်အထိ ဆောင်ရွက်နိုင်ပါကြောင်း၊ စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးအောင် ဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းများလည်းရှိရာ ထိုအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းပြီးလည်း ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခရိုင်အဆင့်လုပ်ငန်းဆောင်ရွက်နိုင်မှု အကောင်းဆုံး ပထမဆုရ ဘားအံခရိုင်ရုံးမှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

**လုပ်ငန်းဆောင်ရွက်နိုင်မှု ဆုချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခရိုင်အဆင့် လုပ်ငန်းဆောင်ရွက်နိုင်မှု အကောင်းဆုံး ပထမဆုရရှိသည့် ဘားအံခရိုင်ရုံး၊ ဒုတိယဆုရရှိသည့် ပြင်ဦးလွင်ခရိုင်ရုံးနှင့် တတိယဆုရရှိသည့် ဟားခါးခရိုင်ရုံးတို့မှ တာဝန်ရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြို့နယ်အဆင့် လုပ်ငန်းဆောင်ရွက်နိုင်မှု ပထမဆုရရှိသည့် ဒေးဒရဲမြို့နယ်ရုံး၊ ဒုတိယဆုရရှိသည့် ပုသိမ်ကြီးမြို့နယ်ရုံး၊ တတိယဆုရရှိသည့် ချောင်းဦးမြို့နယ်ရုံးတို့မှ တာဝန်ရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

**ထူးချွန်ဆုရဝန်ထမ်းများ ဆုချီးမြှင့်**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ခေတ္တဦးဆောင် ညွှန်ကြားရေးမှူး ဦးသက်ဆွေတို့က မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်မှု အထူးဆုရရှိကြသည့် ပျဉ်းမနား၊ ကျိုက်မရော၊ ဒီးမော့ဆိုမြို့နယ်တို့မှ တာဝန်ရှိသူများအား လည်းကောင်း၊ သတင်းပေးပို့မှုနှင့် ထုတ်လွှင့်ဖော်ပြမှု အများဆုံး ဆုရရှိသူများအားလည်းကောင်း၊ အခြားကဏ္ဍများတွင် ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအားလုံးအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ် ရရှိသူများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**မှတ်တမ်းဗီဒီယို ပြသ**

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် တစ်နှစ်တာ ဆောင်ရွက်ချက်ကို မှတ်တမ်းတင်ထားသည့် "ပြည်သူ့အတွက် ခရီးဆက်၊ လှုပ်ရှားသွက်လက်တို့ ပြန်/ဆက်" မှတ်တမ်းဗီဒီယိုကို ပြသသည်။ ဆက်လက်၍ ဆုရရှိသူများကိုယ်စား အရာထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**ကံစမ်းမဲဖောက်ပေး**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗလာမပါ ကံစမ်းမဲဖောက်ပေးသည့် အစီအစဉ်ကို ကျင်းပရာ ကံစမ်းမဲဆုကြီးများ ကံထူးသည့် ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က လည်းကောင်း၊ ကျန်ဆုမဲများအား တာဝန်ရှိသူများက လည်းကောင်း အသီးသီး ဆုများပေးအပ်ခဲ့ကြသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကျင်းပမည့် ပွဲများ

**ပန်းမန်နှင့် သစ်သီးဝလံ ပြပွဲ၊ ပြိုင်ပွဲ**

(၁၉)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်နှင့် သစ်သီးဝလံပြပွဲ၊ ပြိုင်ပွဲကို ကန်တော်ကြီး မဟာမြိုင်ကျွန်း ဆင်ဖြူတော်ရုပ်တုများအနီး သဘာဝဥယျာဉ်၌ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပမည်။

**(၁၈)ကြိမ်မြောက် City FM Radio Station ဆုပေးပွဲ**

(၁၈)ကြိမ်မြောက် City FM Radio Station ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ကျင်းပမည်။

**အိမ်မွေးခွေး အလှပြပွဲ၊ ပြိုင်ပွဲ**

(၆)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား အိမ်မွေးခွေးအလှပြပွဲ၊ ပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ဒုတိယအကြိမ် စနူကာချန်ပီယံရှစ်ပြိုင်ပွဲ**

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ Urban Cue Billiards and Snooker Club က ဒုတိယအကြိမ်မြောက် ကြီးမှူးကျင်းပမည့်2020 Urban Cue Snooker Championship ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်မြို့ ၄၈ လမ်းရှိ Urban Asia Center ၌ ကျင်းပမည်ဖြစ်သည်။

**အေကေလင်း - စုစည်းတင်ပြသည်**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တာအပ်ချုပ်စက်သင်တန်းဖွင့်

**သာယာဝတီ ဇန်နဝါရီ ၂၃**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် လက်ပံတုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းသူများအား ခရိုင်ဦးစီးမှူး ဦးသန်းလွင်နှင့် မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းတို့က သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကာ သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုထူး**

## အသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၃**
ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ရပ်ကွက်များ၌ မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားရေး၊ မူးယစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက်က အထက(၆) စက်ဆန်းတွင် ပြုလုပ်ရာ စက်ဆန်းနယ်မြေစခန်းမှူး ရဲအုပ်ကျော်မင်းနှင့် အဖွဲ့က ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားငူကျေးရွာ ပဒန်ရေကျော်ကျေးရွာအုပ်စု အထက(ခွဲ)တွင် ဇန်နဝါရီ ၂၃ ရက်က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တားဆီးကာကွယ်ရေးအတွက် ခလောက်ချိုက်နယ်မြေရဲစခန်းမှ ဒုရဲအုပ် စံဝင်း ပညာပေး ဟောပြောစဉ်။ ရဲပြန်ကြား

# နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ တပ်မတော်သတင်းစာ ရှင်းလင်းပွဲပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၃

**တပ်မတော်သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်စိုးနိုင်ဦးက ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ၂၀၁၉ ခုနှစ်၊ တစ်နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်ခဲ့မှုများ၊ ၂၀၁၉ ခုနှစ်၊ တစ်နှစ်တာအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ် ထွန်းထွန်းညီက ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတကာဆက်ဆံရေးနှင့် ချစ်ကြည်ရေးများ တိုးတက်ကောင်းမွန်စေရေးတပ်မတော်၏ ဆောင်ရွက်ချက်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပြည်ပချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့မှု၊ ပြည်ပမှ ဧည့်သည်တော်များ လာရောက်မှုနှင့်တွေ့ဆုံခဲ့မှု၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ NGO ၊ INGO များနှင့်တွေ့ဆုံခဲ့မှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းဌာနအသီးသီးတို့က သိရှိလိုသည်များကို မေးမြန်းရာ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများက လည်းကောင်း၊ ICC နှင့် ICJ ဆိုင်ရာ ကိစ္စရပ်များ၊ ICOE အစီရင်ခံစာနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ စစ်တရားရုံးစစ်ဆေးစီရင်မှုဆိုင်ရာ ကိစ္စရပ်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဥပဒေချုပ်ရုံးမှ ဒုတိယစစ်ဥပဒေချုပ် ဗိုလ်ချုပ်သောင်းနိုင်က လည်းကောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်စစ်သမိုင်းပြတိုက်၌ တပ်မတော်သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။**
ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဇန်နဝါရီ ၂၃**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်း သာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ် ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံဖြင့် ကျား ၁၂၃၂၈ ဦး၊ မ ၃၄၂၇၉ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၄၆၆၀၇ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖြန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်း ဖြန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း လက်ခံရရှိမှု ၁၁၁ မှုတွင် ကျေအေးမှု ၄၀ မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၄ မှု၊ ပိတ်သိမ်းမှုခုနစ်မှုနှင့် ငွေကြေးအကျိုးခံစားခွင့် ၅၀ မှု တို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၁၅၄ ဦးအား ငွေကျပ် ၈၅,၈၀၆,၂၀၄ ကို ခံစားခွင့် ရရှိစေခဲ့သည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန် လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြု လက်မှတ်များထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်းဖြစ်သည်-

### ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများတွင် ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | စက်ချုပ်သင်တန်း(မြောက်ဒဂုံ) | ၈-၁၁-၁၉ မှ ၁၀-၁-၂၀၂၀ အထိ | ၁ | ၁၈ | ၁၉ |
| ၂။ | စက်ချုပ်သင်တန်း(မြောက်ဒဂုံ) | ၅-၁၂-၁၉ မှ ၇-၂-၂၀၂၀ အထိ | ၂ | ၂၃ | ၂၅ |
| ၃။ | စက်ပြင်သင်တန်း(မြောက်ဒဂုံ) | ၅-၁၂-၁၉ မှ ၇-၂-၂၀၂၀ အထိ | ၆ | - | ၆ |
| ၄။ | ကြီးကြပ်ရေးမှူးသင်တန်း(မြောက်ဒဂုံ) | ၄-၁၂-၁၉ မှ ၂၀-၁၂-၁၉ အထိ | ၂ | ၁၆ | ၁၈ |
| ၅။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း (မြောက်ဒဂုံ) | ၂၈-၁၁-၁၉ မှ ၂၅-၁၂-၁၉ အထိ | ၄,၂၅၅ | ၁,၂၂၈ | ၅,၄၈၃ |
| ၆။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း (မန္တလေး) | ၅-၁၂-၁၉ မှ ၂၈-၁၂-၁၉ အထိ | ၄,၀၅၃ | ၈၄၄ | ၄,၈၉၇ |
| စုစုပေါင်း | | | ၈,၃၁၉ | ၂,၁၂၉ | ၁၀,၄၄၈ |

### ၂၀၁၉ခုနှစ်၊ဒီဇင်ဘာလတွင် စစ်ဆေးခဲ့သော ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းဇယား

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Electrician | Level-1 | ၈၃ | ၉ | ၉၂ | ၈၂ | ၉ | ၉၁ |
| ၂။ | Brick Layer | Level-1 | ၃၃ | ၁ | ၃၄ | ၃၀ | - | ၃၀ |
| ၃။ | MMAW | Level-1 | ၈ | - | ၈ | ၇ | - | ၇ |
| ၄။ | GMAW | Level-1 | ၃ | - | ၃ | ၃ | - | ၃ |
| ၅။ | FCAW | Level-1 | ၂၉ | - | ၂၉ | ၂၈ | - | ၂၈ |
| ၆။ | Carpenter | Level-1 | ၂၀ | - | ၂၀ | ၁၅ | - | ၁၅ |
| ၇။ | Bell Person | Level-1 | ၁၁ | - | ၁၁ | ၉ | - | ၉ |
| ၈။ | Bar Bander | Level-1 | ၂၄ | - | ၂၄ | ၂၂ | - | ၂၂ |
| ၉။ | Waiting Staff | Level-1 | ၉ | ၆ | ၁၅ | ၉ | ၈ | ၁၇ |
| ၁၀။ | Garment | Level-1 | - | ၁၀၅ | ၁၀၅ | - | ၁၀၀ | ၁၀၀ |
| ၁၁။ | Automotive | Level-1 | ၁၆ | - | ၁၆ | ၁၁ | - | ၁၁ |
| | **စုစုပေါင်း** | | ၂၃၆ | ၁၂၁ | ၃၅၇ | ၂၀၇ | ၁၁၇ | ၃၃၄ |
| **၁။** | **Air Con** | Level-2 | ၂၄ | - | ၂၄ | ၂၄ | - | ၂၄ |
| **စုစုပေါင်း (Level-1 & Level-2)** | | | ၂၆၀ | ၁၂၁ | ၃၈၁ | ၂၄၁ | ၁၁၇ | ၃၅၈ |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၅၉၀၀၀ ကျော်နှင့် အမေရိကန် ဒေါ်လာ ၈၆၅၈၁ ဒသမ ၄၆၀ ကို ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာ ရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ(၃၀၀)ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု (၂၁၁)ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့်အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင်(၁၇)မှုနှင့် ခုံသမာဓိကောင်စီတွင် (၆)မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၄၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၁၆၂ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ် သိန်း ၁၀၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

### ဆေးဝါးကုသပေးမှုအခြေအနေ

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၈၁၅၁ ဦး ၊ အတွင်းလူနာ ၅၆၄ ဦး) | ၈၇၁၅ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ တိုင်းရင်းဆေးခန်း၊ ဌာနကြီးဆေးခန်း(၅၈)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း(၉)ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇)ခန်း တို့မှ ဆေးကုသပေးမှု | ၇၆၆၆၃ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၃)ကြိမ် | ၈၇၇ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၉၁)ကြိမ် | ၂၀၃၁ ဦး |
| င | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် အလုပ်ဌာန (၂၄၃) ဌာနရှိ အာမခံအလုပ်သမားများအား ဆေးကုသပေးမှု | ၅၁၉၇ ဦး |

**သတင်းစဉ်**

ရာဇဝတ်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ရေကြည်မြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၄ ၊ ၂၅ )ရက် ၊ ( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
တေဇာသီရိခန်းမ ၊ အ.ထ.က ၊ ရေကြည်မြို့။

ရာဇဝတ်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ကြံခင်းမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၇ ၊ ၂၈ )ရက် ၊ ( တနင်္လာ ၊ အင်္ဂါ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အောင်ကျော်ခန်းမ ၊ အ.ထ.က(၁) ၊ ကြံခင်းမြို့။

# စတုတ္ထအကြိမ်မြောက် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် ရန်ကုန်၌ စည်ကားစွာကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

စတုတ္ထအကြိမ်မြောက် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်တွင် ရန်ကုန်မြို့ လသာမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"တရုတ်နှစ်သစ်ကူးပွဲတော်ကို ရန်ကုန်မြို့မှာ ကျင်းပလာတာ စတုတ္ထအကြိမ်ရှိပါပြီ။ မြန်မာပြည်မှာရှိတဲ့ တရုတ်မျိုးနွယ်အားလုံးကို ကိုယ်စားပြုပြီး ဟူးကျန့်တရုတ်အမျိုးသားလူငယ်အသင်းက ဦးဆောင်ကျင်းပတာပါ။ တစ်နှစ်ကို လူမျိုးတစ်စုနဲ့ ကျင်းပတာဖြစ်ပါတယ်။ ပြည်သူတွေလာရောက်အပန်းဖြေ ပျော်ရွှင်စရာနေရာအဖြစ် ဖန်တီးထားတာပါ" ဟု မြန်မာနိုင်ငံ တရုတ်လူငယ်စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ကိုနေလင်းမောင်က ပြောသည်။



တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရန် ပြင်ဆင်ထားမှုကို ဇန်နဝါရီ ၂၃ ရက်တွင် တွေ့ရစဉ်။ ဓာတ်ပုံ- တင်စိုး

အဆိုပါပွဲတော်တွင် တရုတ်မီးပုံးအလုံး ၃၀၀၀ ကျော်ကို မဟာဗန္ဓုလလမ်း၊ လမ်းမတော်၊ ဘုရားလမ်း၊ ကမ်းနားလမ်းကြားတို့တွင် လုပဝေဆာစွာ ဖေဖော်ဝါရီ ၂၀ ရက်အထိ ချိတ်ဆွဲထားမည်ဖြစ်ပြီး စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ အရောင်းဆိုင်များ၊ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းနေရာနှင့် ညပိုင်းတွင် ဖျော်ဖြေမှုအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံ ခြင်္သေ့၊ နဂါးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၁၅) ကြိမ်မြောက် စဥ့်အိုးတန်းလမ်း (အထက်)တရုတ်ရိုးရာ ခြင်္သေ့စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဟူးကျန့်တရုတ်အမျိုးသားလူငယ်အသင်းက ဦးဆောင်ပြီး ညနေပိုင်းတွင် သံဃာတော် အပါး ၁၀၀၀ နှင့် သီလရှင် အပါး ၅၀၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူသွားမည် ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

---

❖ *ကျောဖုံးမှ*

ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းသည် အိမ်ကွင်းလက်ခံကစားရမည့်အပြင် ပထမအကျော့ ဂိုးပြတ်အနိုင်ရလဒ်ကြောင့် ခြေစစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိနေခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက အုပ်စု (F) တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ (လာအို) တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဇန်နဝါရီ ၂၂ ရက်က ဘရူနိုင်းနိုင်ငံ၌ ကစားသည့် ပထမအကျော့ပွဲတွင် ၁၁ မိနစ်မှာပင် ရန်ကုန်အသင်း ဂိုးစရခဲ့ပြီး သန်းပိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ အဖွင့်ဂိုးသွင်းယူခဲ့သည့် သန်းပိုင်သည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ၁၆ မိနစ်တွင် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

ပထမပိုင်းပြီးခါနီးတွင် ဘာဖိုက ရန်ကုန်အသင်းအတွက် တတိယဂိုး သွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ် အနိုင်ရနေသည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းက ပွဲကို ဆက်လက်ထိန်းချုပ် ကစားနိုင်ခဲ့ပြီး ၅၂ မိနစ်တွင် ဘာဖို၊ ၆၃ မိနစ်တွင် မောင်မောင်လွင်၊ ၇၁ မိနစ်တွင် အောင်ကျော်နိုင် တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ အင်ဒရာ အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၆ မိနစ်တွင် မာဆယ်လိုက သွင်းယူခဲ့သည်။

**ညီမြတ်သော်တာ**

---

❍ *ကျောဖုံးမှ*

ထိုင်းအသင်းနှင့် ခြေစမ်းကစားခြင်းဖြစ်ပြီး ယင်းပွဲအပြီးတွင် အပြီးသတ်ကစားသမား ၂၀ ရွေးချယ်မည်ဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲ ကစားပြီးနောက်ပိုင်း ယခုမှ ပြန်လည်ခြေစမ်းခြင်းဖြစ်ပြီး မန္တလေးမြို့တွင် ၂၀၁၇ ခုနှစ်က နောက်ဆုံးခြေစမ်းပြီးနောက်ပိုင်း သုံးနှစ်နီးပါးအကြာမှ ပြန်လည်ကစားခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲအတွက် ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ထိုင်းအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲအပြီးတွင် ကစားသမားခြောက်ဦး လျှော့ချရမည်ဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**– ဦးတင်မြင့်အောင်၊ **ယာယီနည်းပြချုပ်**– ဦးခင်မောင်ထွေး၊ **လက်ထောက်နည်းပြ**– ဒေါ်သန်းသန်းထွေး၊ ဒေါ်မာလာဝင်း၊ **ဂိုးနည်းပြ**– ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး**– မြဖူးငုံ၊ မေဇင်နွယ်၊ သန္တာဦး၊ ဇူးလတ်နဒီ၊ **နောက်တန်း**– ခင်မျိုးဝင်း၊ နော်ထက်ထက်ဝေ၊ ခင်သန်းဝေ၊ ဇွန်ယုယဦး၊ အိရတနာဖြိုး၊ အေးအေးမိုး၊ ဝေဝေအောင်၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဖြူဖြူဝင်း၊ **အလယ်တန်း**– မိုးမိုးသန်း၊ လင်းမြင့်မိုရ်၊ ငယ်ငယ်ထွေး၊ ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ ခင်မိုးဝေ၊ မြတ်နိုးခင်၊ **ရှေ့တန်း**– နုနုရီရီဦး၊ ဝင်းသိင်္ဂီထွန်းနှင့် ဂျူလိုင်ကျော်တို့ ပါဝင်နေသည်။

**ညီမြတ်သော်တာ**

---

## ရွှေပြည်သာမြို့နယ် သာခုဆံတော်ရှင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရွှေပြည်သာမြို့နယ် ရေးဟောင်းသမိုင်းဝင် သာခုဆံတော်ရှင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဟု စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းထံမှ သိရသည်။ ဗုဒ္ဓပူဇနိယပွဲတော်အကြိုကုသိုလ်ကောင်းမှုအဖြစ် ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ စေတီတော်မြတ်ကြီးရင်ပြင်တော် ရာဟုတန်ဆောင်း၌ အဘိဓမ္မာ (၇)ကျမ်း အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

မြင့်သန်းကြည် (ရွှေပြည်သာ)

---

## မင်းဓမ္မကုန်းတော် (ကျောက်တော်ကြီးဘုရား) ဗုဒ္ဓပူဇနိယပွဲတော် ၁၅ ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်ထားသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်မှ တပို့တွဲလပြည့်ကျော် ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးသိန်းဝင်းထံမှ သိရသည်။

"ပွဲတော်ရဲ့ အစဉ်အလာအရ နိုင်ငံတစ်ဝန်းမှာရှိတဲ့ မြန်မာ့ရိုးရာ ခြင်းပညာရှင်တွေ အများအပြားလာကြပါလိမ့်မယ်။ ပွဲတော်ရက်အတွင်း ခြင်းခတ်အဖွဲ့ ၃၀ ကျော်လေ့ရှိပါတယ်။ မြန်မာ့ရိုးရာခြင်းအလှခတ်ဖျော်ဖြေပွဲက အဓိကပါပဲ။ ဓာတ်ပွဲ၊ အငြိမ့်ပွဲ၊ နမ်းထမနဲထိုးပွဲ၊ ဆွမ်းဆန်စိမ်းလောင်းပွဲ၊ ဈေးအရောင်းဆိုင်ခန်းတွေနဲ့ ပျော်ပွဲရွှင်ပွဲတေးဂီတပွဲတွေနဲ့ ဖေဖော်ဝါရီ ၁၂ ရက်အထိ ၁၅ ရက်တိုင် ကျင်းပသွားမှာဖြစ်ပါတယ်" ဟု ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင် ဦးမောင်မောင်မြင့်အေးက ပြောသည်။

မျိုးမင်းသိန်း (မရမ်းကုန်း)

---

## "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်၌ ဒုတိယအကြိမ် တိုင်းရင်းသူအလှမယ်ပြိုင်ပွဲ ကျင်းပမည်

တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသူ အလှမယ်ပြိုင်ပွဲ (Miss Ethnic Myanmar 2020) ကို ဖေဖော်ဝါရီ ၁ ရက်တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ပူးပေါင်းကျင်းပမည်ဖြစ်သည်။ ဒုတိယအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကြီးတွင် တိုင်းရင်းသူအလှမယ်များအား ကြိုဆိုခြင်းနှင့် ဆန်ခါတင်ပြိုင်ပွဲဝင်များအား စာနယ်ဇင်းမိတ်ဆက်ပွဲကို ဇန်နဝါရီ ၂၁ ရက်က သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း သုဝဏ္ဏဘောလုံးကွင်းဝင်းအတွင်းရှိ Myanmar Sports ဟိုတယ်မြက်ခင်းပြင်၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ တိုင်းရင်းသူအလှမယ် ၄၀ တို့က တစ်ဦးချင်း မိတ်ဆက်ကြပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်၊ ၂ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး**

---

# ပရီမီယာလိဂ် ပွဲစဉ် (၂၄) မန်ယူတို့ အိမ်ကွင်းတွင် ဘန်လေကို ရှုံးနိမ့်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၂၄) မှ ဇန်နဝါရီ ၂၃ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် မန်ယူနှင့် ဘန်လေပွဲတွင် နှစ်ဂိုး–ဂိုးမရှိဖြင့် ဘန်လေအသင်း အနိုင်ရရှိခဲ့သည်။

**အဖွင့်ဂိုးသွင်းယူ**

ယင်းပွဲတွင် အိမ်ရှင်မန်ယူအသင်း ၄–၂–၃–၁ ကစားကွက်ဖြင့် မာရှယ်ကို အထောင်တိုက်စစ်တွင် အသုံးပြုခဲ့ပြီး ဧည့်သည် ဘန်လေအသင်းသည် ၄–၄–၂ ပုံစံဖြင့် တိုက်စစ်တွင် ဂျေးရိုဒရီဂွက်ဇ်နှင့် ခရစ်ဝုဒ်တို့ ပွဲထွက်ခဲ့သည်။ ဘန်လေအတွက် အနိုင်ဂိုးများကို ပထမပိုင်း ပွဲချိန် ၃၉ မိနစ်တွင် တိုက်စစ်မှူး ခရစ်ဝုဒ်က ဘန်လေအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ယင်း၏ ပရီမီယာလိဂ် ၁၀ ဂိုးမြောက် သွင်းဂိုးလည်းဖြစ်သည်။ ဘန်လေအတွက် ဒုတိယဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် ဂျေးရိုဒရီဂွက်ဇ်က သွင်းယူခဲ့သည်။ ယင်းပွဲတွင် မန်ယူအသင်းသည် အိမ်ကွင်း၌ ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာလည်း ၂၄ ကြိမ်အထိ ရရှိကာ ခုနစ်ကြိမ် ဂိုးပေါက်ဒြိမ်းခြောက်နိုင်ခဲ့ရာ ဘန်လေဂိုးသမား လက်စွမ်းပြမှုကြောင့် ဂိုးမရရှိခဲ့ပေ။ ဧည့်သည် ဘန်လေသည် ဂိုးကန်သွင်းခွင့် ငါးကြိမ်သာရရှိခဲ့ပြီး နှစ်ကြိမ် ဂိုးပေါက်ဒြိမ်းခြောက်နိုင်ကာ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ဘန်လေဂိုးသမား နစ်ပိုပီသည် ယနေ့ပွဲတွင် အကောင်းဆုံး လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည့် ကစားသမားဖြစ်ခဲ့သည်။

**အခြားပွဲရလဒ်များ**

ပရီမီယာလိဂ် ပွဲစဉ်(၂၄) ကြာသပတေးနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် အခြားပွဲစဉ်ရလဒ်များအဖြစ် လက်စတာနှင့် ဝက်စ်ဟမ်းပွဲတွင် အိမ်ကွင်း၌ လေးဂိုး–တစ်ဂိုးဖြင့် လက်စတာအသင်း အနိုင်ရရှိခဲ့ပြီး စပါးအသင်းသည်လည်း အိမ်ကွင်းတွင် နော့ဝှစ်ချ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပရီမီယာလိဂ်ဇယား ရပ်တည်မှုများမှာ လက်စတာသည် ရမှတ် ၄၈ မှတ်ဖြင့် အဆင့်(၂)မှ မန်စီးတီး၏ သုံးမှတ်ဖြတ်ထားခြင်း ခံခဲ့ရပြီး အဆင့် (၃) တွင် ရပ်တည်နေကာ အဆင့် (၄) တွင် ရမှတ် ၄၀ ဖြင့် ချယ်လ်ဆီး၊ မန်ယူနှင့် စပါးတို့က ရမှတ် ၃၄ မှတ်စီဖြင့် အဆင့် (၅) နှင့် (၆) တွင် ရပ်တည်နေသည်။ ယခုနှစ်ရာသီ ပရီမီယာလိဂ် သွင်းဂိုးအများဆုံး သွင်းယူထားသူမှာ လက်စတာ တိုက်စစ်မှူး ဗာဒီဖြစ်ပြီး သွင်းဂိုး ၁၇ ဂိုး သွင်းယူထားသည်။ မန်စီးတီး တိုက်စစ်မှူး အဂူရိုက သွင်းဂိုး ၁၆ ဂိုးဖြင့် ဗာဒီနောက်တွင် ရပ်တည်နေပြီး အာဆင်နယ်မှ အူဘာမီယန်း၊ ဆောက်သမ်တန်မှ ဒန်နီအင့်စ်နှင့် မန်ယူမှ ရက်ရှ်ဖို့ဒ်တို့က ၁၄ ဂိုးစီ သွင်းယူထားသည်။

**သီဟ**

# ပေါက်မြို့နယ် သရက္ကန်ကျေးရွာအနီး ရေနံမှော်၌ ရေနံတွင်းမီးလောင်မှုဖြစ်ကာ တစ်ဦးဒဏ်ရာရ

**ပေါက် ဇန်နဝါရီ ၂၃**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် သရက္ကန်ကျေးရွာအနီး တရားမဝင် ရေနံလက်ယက်တွင်းတိမ်လုပ်ငန်း ဧရိယာအတွင်း၌ ဇန်နဝါရီ ၂၁ ရက် ညနေ ၅ နာရီခန့်က မီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။

ပေါက်မြို့နယ် သရက္ကန်ကျေးရွာနေ မြေပိုင်ရှင် ဦးဖိုးခွေး မြေနေရာကို ငှားရမ်းလုပ်ကိုင်သည့် ရေနံကျင်းပိုင်ရှင် မြိုင်မြို့နယ် ဝယ်တောင် (မြောက်) ကျေးရွာနေသူ ဦးခင်မောင်လွင် တူးဖော်နေသောရေနံကျင်းမှ ရေနံ၊ ဂက်စ်၊ ရေများထွက်နေစဉ် အင်ဂျင်စက်မှ မီးပွားများလွင့်စဉ်၍ ထိတွေ့မှုကြောင့် မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ ပေါက်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးတိုးချိန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြိုင်မြို့နယ်၊ ရေပြာနယ်မြေနှင့် ရေခါးကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ်များ၊ အမြှုပ်ဆေးဘူးများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ရေနံစိမ်း ဂါလန်၂၀၀၀ ခန့်နှင့် အင်ဂျင်စက်နှစ်လုံး ပျက်စီးဆုံးရှုံးပြီး ရေနံကျင်းပိုင်ရှင် ဦးခင်မောင်လွင်တွင် မီးလောင်ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှု ခံယူလျက်ရှိသည်။ အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ရေပြာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ ရေနံချက်ဖို မီးလောင်မှုဖြစ်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နှင့် သုံးမိုင်ခန့်အကွာ ဆင်တိုင်းကန်ကျေးရွာအုပ်စုရှိ ကျောက်ပန်းတောင်း-ရေနံချောင်းလမ်း ကန်ကြိုးဇရပ်အနီး ရေနံချက်ဖိုတစ်ခုတွင် ယနေ့ နံနက် ၉ နာရီခွဲခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်း-ရေနံချောင်းလမ်းဘေး ကန်ကြိုးဇရပ်အနီးရှိ ဦးပေါက်ပိုင်ဆိုင်သည့် ရေနံချက်ဖိုအဆောက်အအုံအတွင်း မီးသွေးပုံရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် ရေနံချက်ဖိုသို့ ကူးစက်လောင်ခဲ့ရာ အဆောက်အအုံ တစ်လုံးနှင့် ရေနံ ပီပါ ၂၂ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်ရာနေရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ဌေး ဦးဆောင်သည့် မီးသတ် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ လူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ကျောက်ပန်းတောင်းမြို့နေသူ ဦးပေါက်အား ကျောက်ပန်းတောင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# မိတ္ထီလာ၌ ပိုက်ဆံအိတ် လုယက်လာသူများကို အရေးယူ

**မိတ္ထီလာ ဇန်နဝါရီ ၂၃**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ပိုက်ဆံအိတ် လုယက်လာသူများကို ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိသဖြင့် အရေးယူထားကြောင်း မိတ္ထီလာမြို့မရဲစခန်းမှ သိရသည်။

မိတ္ထီလာမြို့မရဲစခန်းမှ ဒုရဲအုပ်မြင့်လွင်နှင့်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် ည ၈ နာရီခန့်က မိတ္ထီလာ - ကျောက်ပန်းတောင်း ကားလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်သည် မိတ္ထီလာပြည်သူ့ဆေးရုံကြီး ရှေ့တွင် လဲကျသွားသဖြင့် သွားရောက် ကြည့်ရှုရာ ဆိုင်ကယ်မောင်းနှင်သူမှာ ထွက်ပြေးသွားပြီး ဆိုင်ကယ်နောက်မှလိုက်ပါလာသည့် မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်နယ်မြေ - ၁နေ ချစ်ဆန်းသူ ဆိုသူကို ဘွဲ့နှင်းသဘင်ဖိတ်စာနှင့် ငွေကျပ် ၇၀၀၀၀ ကျော်ပါ အမျိုးသမီးကိုင် ပိုက်ဆံအိတ်တစ်လုံးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိရ၍ စစ်မေးရာ ထွက်ပြေးသွားသည့် ဖုန်းမြင့်ဆိုသူနှင့်အတူ လုယူလာသည့် ပိုက်ဆံအိတ်ဖြစ်ကြောင်းသိရသဖြင့် မိတ္ထီလာမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



ချစ်ဆန်းသူအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



အသက်အန္တရာယ်ကင်းဝေးစေဖို့
အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်ကို
မေးသိုင်းကြိုးတပ်ဆင်၍ ဆောင်းကြစို့

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၁-၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၉:၁၀ - “နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇ သာယာကုန်း ပြဿဒ်ကျောင်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း”
- ၁၁:၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂:၃၅ - တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ ဟောကြားသော “ရဟန်းတစ်ပါးကြွလာသည့် တရားတော်”

**ညပိုင်း**

- ၁၇:၀၅ - “အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂျေယောဝူ နှင့် တွေ့ဆုံမေးမြန်းခန်း”
- ၁၇:၁၅ - ကျန်းမာရေးမဂ္ဂဇင်း “တီဘီရောဂါနှင့် ဆေးယဉ်ပါး တီဘီရောဂါအကြောင်း သိကောင်းစရာ”
- ၁၈:၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “မြက်နု+ဂန္ဓဗ္ဗ”
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စစ်ဆိုသည်မှာ” (အပိုင်း-၃၀)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ - “ICJ နှင့် မြန်မာနိုင်ငံ” (စကားဝိုင်း)
- မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုအစီအစဉ်များ “စည်သူ ဗိုလ်ကလေးတင့်အောင်နှင့် သူ၏ အနုပညာ”(အပိုင်း-၁)
- မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုအစီအစဉ် “လိပ်ပြာကူးထူးခြားသူများ” အကယ်ဒမီ ချိုပြုံး

# မြောက်ဦက္ကလာပ၊ တာချီလိတ်၊ ကွမ်းလုံနှင့် မဘိမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် ညနေ ၄ နာရီခွဲက မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက် သုဓမ္မာလမ်းပေါ်တွင် တွေ့ရှိသူ ကျော်ဇင်လတ် အား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက် မေယု (၅) လမ်း အမှတ် (၃၂) ရှိ ၎င်း၏နေအိမ်ကို ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၈၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



ဇင်လင်း၊ ဇက်ခေါင်ဂျယ်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေ ရပ်ကွက်(ပါလျံ-၃)၊ ဗိုလ်ချုပ်လမ်းရှိ တည်းခိုခန်း၏ ယာဉ်ရပ်နားရန် နေရာတွင် ဝေယံ (ခ) ရီဝေယံ မောင်းနှင်ပြီး တင်အောင်လင်း (ခ) ကယား လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ရဲရင့်သူရ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ်၊ ကောင်းကျဲကျေးရွာအနီး တောလမ်းတွင် လီကွေးအန် မောင်းနှင်လာသည့် တိုယိုတာဝစ် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၇၁၀ ၊ ဘိန်းဖြူ သုည ဒသမ ၀၁၁ ကီလိုတို့ကို လည်းကောင်း။

အလားတူ ည ၈ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် မဘိမ်းမြို့နယ် ဘဟဲကျေးရွာအုပ်စု မြစ်ဆုံကူးတို့ဆိပ်အနီး မဘိမ်း - မိုးမိတ် သွား ကားလမ်းပေါ်တွင် ဇင်လင်း မောင်းနှင်ပြီး ဇက်ခေါင်ဂျယ် လိုက်ပါလာသည့် နစ်ဆန်းဝင်းရှဒ် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၃၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၆၆၀၀၀၀ နှင့် လက်ကိုင် ဖုန်းနှစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ခေတ်သစ်လိမ်နည်း၊ မက်ဆင်ဂျာမှ ငွေချေးခြင်း

လွန်ခဲ့သော သောကြာနေ့က ကျွန်မ၏ အမည်ဖြင့်ဖွင့်ထားသော ဖေ့စ်ဘုတ်အကောင့်ကို ဟက် (Hack) ခံရပါသည်။ ထို့နောက် ကျွန်မ၏ ဖေ့စ်ဘုတ်အကောင့် ကိုသုံးပြီး မက်ဆင်ဂျာမှ ကျွန်မအယောင်ဆောင်ကာ မန္တလေးတွင်နေသော ကျွန်မ၏ တပည့်ထံ “xxxx”ငွေလွှဲမှတစ်ဆင့် ပိုက်ဆံငါးသိန်းပို့ရန် တောင်းခံပါသည်။ စင်ကာပူရှိ ကျွန်မ၏ အစ်ကိုဝမ်းကွဲထံလည်း ကျွန်မ အယောင်ဆောင်ကာ ပိုက်ဆံကို “xx xx”ငွေလွှဲဖြင့် ပို့ရန်တောင်းခံပါသည်။ ထို့ပြင် ရန်ကုန်တွင်ရှိသောသူ တစ်ဦးထံမှလည်း ကျွန်မအယောင်ဆောင်ကာ ငွေငါးသိန်း “x x x x”ငွေလွှဲမှပို့ရန် တောင်းခံပါသည်။

စင်ကာပူရှိ ကျွန်မ၏ အစ်ကိုဝမ်းကွဲက video call ခေါ်သောအခါ အဆိုပါ ဖုန်းမခေါ်ရန် ပြောပါသည်။ ထို့နောက် ကျွန်မတူမလေးထံ ငွေငါးသိန်း ငွေလွှဲမှ ပို့ရန် မက်ဆင်ဂျာမှ စာပို့သည့်အခါ တူမလေးက မဖြစ်နိုင်မှန်းသိ၍ video call ခေါ်ရန် စာရေးလိုက်သည့်အခါ ဖုန်းမခေါ်တော့ပါ။ ငွေလည်းမတောင်းခံတော့ပေ။

စနေနေ့တွင် ခေတ္တငြိမ်နေပြီးနောက် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ကျွန်မ၏ အစ်မကြီးနှင့် ကျွန်မ၏ ဂျူနီယာတစ်ဦးထံ ငွေတောင်းခံပါသည်။ video call ခေါ်ပြပြီး လိုင်းမကောင်း၍ ပြောမရကြောင်း၊ စာရိုက်ပြီးပြောမည် ဖြစ်ကြောင်းနှင့် ငွေငါးသိန်းကို အနီးရှိ “ x x x x ” မှ ငွေလွှဲပို့ရန် စာပို့ပါသည်။ ဤလိမ်နည်းဖြင့် ငွေတောင်းခံနေကြောင်း အများပြည်သူသိရှိရန် ဤသို့ ရေးသားရခြင်းဖြစ်ပါသည်။

ကျွန်မ၏ဖေ့စ်ဘုတ်အကောင့်ကို ကျွန်မ၏ အီးမေးလ်မှ ဟက်ကာအုပ်စု၏ အီးမေးလ်သို့ပြောင်းထားပြီး Password လည်း ပြောင်းထားပါသည်။ လွန်ခဲ့သော သုံးရက်က ကျွန်မ၏ ဖေ့စ်ဘုတ်မိတ်ဆွေအစ်မကြီး၏ အကောင့်ကို ဟက်ထားပါသည်။ ထိုအစ်မကြီးမှတစ်ဆင့် ကျွန်မ၏ ဖေ့စ်ဘုတ်အကောင့်ကို ဟက်ခြင်းဖြစ်ပါသည်။ နောက်သုံးရက်ကြာသောအခါ ကျွန်မ၏ မိတ်ဆွေစာရင်းမှ ကျွန်မ၏သူငယ်ချင်းကို ဟက်ပါသည်။ ဤနည်းဖြင့် သုံးရက်လျှင် တစ်ယောက်နှုန်းဖြင့် ဖေ့စ်ဘုတ်များကို ဟက်ကာအုပ်စုက ဟက်ပြီး ငွေများ လိမ်လည်ချေးယူနေပါသည်။ သို့ဖြစ်ပါ၍ မက်ဆင်ဂျာမှ ငွေလွှဲပို့ရန် စာပို့လျှင် မယုံပါနှင့်။ ဟက်ကာ (Hacker) လူလိမ်ဖြစ်ပါသည်။

ခေတ်ပေါ်လိမ်နည်းကို သိရှိကြပြီး ဟက်ကာ လူလိမ်၏ လိမ်လည်ခြင်းမှ လွတ်ကင်းကြပါစေ။

“လုပ်သားပြည်သူတစ်ဦး(မန္တလေး)”

မှတ်ချက်။ ။ “xxxx”ငွေလွှဲ၏ အမည်ကို ချန်လှပ်ထားပါသည်။

# ဩစတြေးလျ၌ တောမီးငြိမ်းသတ်နေစဉ် မီးသတ်လေယာဉ်ပျက်ကျမှုကြောင့် အမေရိကန် မီးသတ်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ကင်ဘာရာ ဇန်နဝါရီ ၂၃

တောမီးလောင်မှု အပြင်းအထန် ရင်ဆိုင်နေရသည့် ဩစတြေးလျ၌ ဇန်နဝါရီ ၂၃ ရက်က မီးသတ်လေယာဉ်တစ်စင်း တောမီးငြိမ်းသတ်မှု ဆောင်ရွက်နေစဉ် ပျက်ကျမှုဖြစ်ပွားခဲ့ရာ အမေရိကန် မီးသတ်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

စီ ၁၃၀ ဟာကျူလီ မီးသတ်လေယာဉ်သည် နှင်းများထူထပ်သည့်အမျိုးသားဥယျာဉ်တစ်ခုအတွင်း တာဝန်ဆောင်ရွက်နေစဉ် မွန်းလွဲ ၁ နာရီခွဲခန့်က ပျက်ကျခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ လေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို မသိရှိရသေးပေ။ သို့ရာတွင် နယူးဆောက်ဝေးလ်ကျေးလက်မီးသတ်ဌာနအကြီးအကဲ ရှာနီဖစ်ဆိုင်မွန်က အဆိုပါနေ့ အစောပိုင်းတွင် လေပြင်းများ တိုက်ခတ်နေမှုကြောင့် မီးသတ်လေယာဉ်များကို အခက်အခဲဖြစ်စေခဲ့သည်ဟု ပြောကြားခဲ့သည်။

အဆိုပါ ဧရိယာအတွင်း၌ တောမီးကို ထိန်းချုပ်နိုင်စေရန် မီးတောက်များနှင့် ရင်ဆိုင်ကာ ကြိုးစားပမ်းစား အလုပ်လုပ်နေကြသည့် မိမိတို့၏ မီးသတ်တပ်ဖွဲ့ဝင် အမြောက်အမြားနှင့် ဝန်ထမ်းအမြောက်အမြား ရှိနေကြောင်း ဖစ်ဆိုင်မွန်က ပြောသည်။ ဩစတြေးလျ၌ တောမီးလောင်မှု စတင်ဖြစ်ပွားခဲ့သည့် စက်တင်ဘာလမှ စတင်ကာ တောမီးကြောင့် သေဆုံးသူ ၃၂ ဦးထက် မနည်း ရှိခဲ့ပြီဖြစ်သည်။

မီးသတ်လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးခဲ့သည့် အမေရိကန်မီးသတ်တပ်ဖွဲ့ဝင် သုံးဦးတို့သည် တောမီးငြိမ်းသတ်ရေး အကူအညီပေးရန် ကန်ထရိုက် ချုပ်ဆိုထားသည့် ကနေဒါ ကုမ္ပဏီ Coulson Aviation အတွက် အလုပ်လုပ်ပေးနေကြသူများဖြစ်ကြောင်း သိရသည်။ မီးသတ်လေယာဉ်ပျက်ကျမှုသည် ဩစတြေးလျအရှေ့တောင်ဘက်တစ်လွှား၌ မီးတောက်များကို ငြိမ်းသတ်ရန် ကြိုးပမ်းနေရသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ အန္တရာယ်ကို မီးမောင်းထိုးပြခဲ့သည်။

**အေအက်ဖ်ပီ**



တောမီးငြိမ်းသတ်နေသည့် စီ ၁၃၀ ဟာကျူလီ မီးသတ်လေယာဉ်ကို တွေ့ရစဉ်။

# ဒီမိုကရက်များက သမ္မတ ဒေါ်နယ်ထရမ့်ကို ရာထူးမှ ဆင်းပေးရန် တောင်းဆို

ဝါရှင်တန် ဇန်နဝါရီ ၂၃

အမေရိကန် ဒီမိုကရက်တစ်များက သမ္မတဒေါ်နယ်ထရမ့်ကို ယူကရိန်းအရေး တရားစွဲဆိုခံနေရသည့် ကိစ္စနှင့်ပတ်သက်ပြီး ရာထူးမှဆင်းပေးရန် ဇန်နဝါရီ ၂၃ ရက်က တောင်းဆိုလိုက်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လွန်ခဲ့သောလက ဒီမိုကရက်တစ်အမတ်အများစု ထိန်းချုပ်ထားသည့် အောက်လွှတ်တော်က သမ္မတဒေါ်နယ်ထရမ့်သည် နိုင်ငံရေးအကျိုးအမြတ် ရရှိရန် ၎င်း၏အာဏာကိုအသုံးချကာ ယူကရိန်းကို ဖိအားပေးခဲ့သည်ဟုဆိုကာ သမ္မတဒေါ်နယ်ထရမ့်အား အာဏာအလွဲသုံးမှုနှင့်ပတ်သက်ပြီး တရားစွဲဆိုခဲ့သည်။ ထို့အတူ လွှတ်တော်၏ လုပ်ငန်းဆိုင်ရာများကိုလည်း တားဆီးပိတ်ဆို့ခဲ့သည်ဆိုကာ အောက်လွှတ်တော်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို စွပ်စွဲခဲ့သည်။ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်အားတရားစွဲဆိုမှုအပေါ် အငြင်းပွားမှုများဖြင့် စတင်လျက် ရီပတ်ဘလစ်ကန်အမတ်အများစု ထိန်းချုပ်ထားရာ အထက်လွှတ်တော်တွင် ယမန်နေ့က ကြားနာစစ်ဆေးခဲ့သည်။

အစိုးရရှေ့နေတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သော ဒီမိုကရက်တစ်ကိုယ်စားလှယ် အဒမ်စကဖ်က သမ္မတ ဒေါ်နယ်ထရမ့်သည် ပြန်လည်ရွေးကောက်ခံရန် နိုင်ငံခြားအကူအညီရရှိဖို့အရေး အမေရိကန်ဒေါ်လာ မြောက်မြားစွာကို ထိမ်ချန်ထားသည်ဆိုပြီး ပြောကြားခဲ့သည်။

ဒီမိုကရက်တစ်များသည် သမ္မတထရမ့်အပေါ် စွပ်စွဲပြစ်တင်မှုကို သုံးရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် သမ္မတထရမ့်၏ ခုခံကာကွယ်သူများက သမ္မတ ထရမ့်အပေါ် စွပ်စွဲမှုများကို သုံးရက်တိုင်တိုင် ခုခံချေပမှုများ ပြုလုပ်မည်ဖြစ်သည်။

ဒီမိုကရက်များကလည်း ရီပတ်ဘလစ်ကန်လွှတ်တော်အမတ်များကို အနိုင်ရရှိရေး ကြိုးစားနေကြသည်။ သမ္မတထရမ့်၏ ယခင်အမျိုးသား လုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်ကို မျက်မြင်သက်သေအဖြစ် ထွက်ဆိုပေးရန် ဆင့်ခေါ်ထားသည်။ ရီပတ်ဘလစ်ကန်များကလည်း စွပ်စွဲမှုအားလုံးကို ယခုလမကုန်မီ အပြီးသတ်ရန် ဆန္ဒစောလျက်ရှိကြောင်းလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။


တရုတ်သမ္မတ ရှီကျင့်ဖျင် ပြင်သစ်သမ္မတမက်ခရွန် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်

# တရုတ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် မက်ခရွန်နှင့် မာကယ် ကူညီမည်

ပေကျင်း ဇန်နဝါရီ ၂၃

တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးတွင် အခြားနိုင်ငံများနှင့်အတူ အနီးကပ်ပူးပေါင်းလုပ်ဆောင်နေကြောင်း ဇန်နဝါရီ ၂၃ ရက်က အလေးအနက်ထား ပြောကြားလိုက်သည်။

ဇန်နဝါရီ ၂၂ ရက်က တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကို ဖုန်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မက်ခရွန်အနေဖြင့် တရုတ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်မှုကို တက်ကြွစွာ ကိုင်တွယ်ဆောင်ရွက်ရာတွင် ကူညီထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ဖော်ပြခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် ပြင်သစ်နိုင်ငံက ဆန္ဒရှိကြောင်းလည်း ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု စတင်ဖြစ်ပွားကတည်းက တရုတ်နိုင်ငံသည် ယင်းရောဂါပိုးကို ကာကွယ်တားဆီးနိုင်ရေးအတွက် အစွမ်းကုန်လုပ်ဆောင်ခဲ့သည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က ရှင်းလင်းပြောကြားခဲ့သည်။ ထို့အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကိုလည်း အသိပေးခဲ့သလို အခြားနိုင်ငံများကိုလည်း အသိပေးခဲ့သည်ဟု ဆိုသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့ ဆွေးနွေးကြရာတွင် ဂျာမနီနိုင်ငံအနေဖြင့် တရုတ်နိုင်ငံကို ကူညီပေးရန် အဆင်သင့်ရှိကြောင်း အိန်ဂျလာမာကယ်က ပြောကြားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ကလည်း အိန်ဂျလာမာကယ်၏ ကူညီမှုအပေါ် ကျေးဇူးတင်စကား ပြောကြားပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်လုပ်ဆောင်ရန်အတွက်လည်း ကတိကဝတ်ပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဗင်နီဇွဲလားနိုင်ငံပိုင် လေယာဉ် ၁၅ စင်းကို အမေရိကန်က အမည်ပျက်စာရင်းသွင်း

ဝါရှင်တန် ဇန်နဝါရီ ၂၃

ဗင်နီဇွဲလားအစိုးရအား ဖိအားပေးရန် လုပ်ဆောင်သည့်အနေဖြင့် ဗင်နီဇွဲလားနိုင်ငံပိုင် Petroleos de Venezuela ရေနံကုမ္ပဏီပိုင် လေယာဉ် ၁၅ စင်းကို အမေရိကန်အစိုးရက အမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်ကြောင်း သိရသည်။

အဆိုပါလေယာဉ်အများစုသည် မာဒူရိုအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိများက သွားလာရေးတွင် အသုံးပြုခဲ့ကြသည့် လေယာဉ်များဖြစ်ကြောင်း သိရသည်။ အဆိုပါလေယာဉ်များအား အမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်ပြီဖြစ်သည့်အတွက် အမေရိကန်ပြည်သူများအနေဖြင့် ယင်းလေယာဉ်များနှင့် လုပ်ငန်းလုပ်ဆောင်ခွင့်ရတော့မည် မဟုတ်ကြောင်း သတိပေးခဲ့သည်။

အမေရိကန်သည် ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ထောက်ခံပြီး ဗင်နီဇွဲလားအစိုးရကို ဆန့်ကျင်သည့်အနေဖြင့် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့ပြီး သံတမန်ဆက်ဆံရေး ဖြတ်တောက်မှုများ လုပ်ဆောင်ခဲ့သည်။ ယခုလအစောပိုင်းကလည်း ဗင်နီဇွဲလား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက အမည်ပျက်စာရင်း သွင်းခဲ့သည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်၌ မီးတောင်ပေါက်ကွဲမှု ဒဏ်ခံခဲ့ရသည့် လူမှုအဖွဲ့အစည်းများအတွက် တရုတ်နိုင်ငံက ငွေကြေး အကူအညီပေးအပ်

မနီလာ ဇန်နဝါရီ ၂၃

ဖိလစ်ပိုင်နိုင်ငံ၌ တားလ်မီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် လူမှုအဖွဲ့အစည်းများကို အကူအညီပေးအပ်ရန် တရုတ်နိုင်ငံက ယွမ်ငွေတစ်သန်း ( အမေရိကန်ဒေါ်လာ ၁၄၄၀၀၀ ) ကို လှူဒါန်းခဲ့ကြောင်း ဖိလစ်ပိုင်ရှိ တရုတ်သံရုံးက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဟွမ်စီလျန်သည် မနီလာမြို့ရှိ ပြည်ပရေးရာဌာနရုံးချုပ်၌ ဖိလစ်ပိုင် ပြည်ပရေးရာ ဌာနဒုတိယအကြီးအကဲ အန်းရစ်မာနာလိုထံသို့ လှူဒါန်းငွေကို လွှဲပြောင်းပေးအပ်ခဲ့သည်။

မကြာသေးမီက ဖိလစ်ပိုင်၌ ဖြစ်ပွားခဲ့သည့် မီးတောင်ပေါက်ကွဲမှုတွင် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအပေါ် လွန်စွာကိုယ်ချင်းစာနာမိပါကြောင်း ပြည်ပရေးရာဝန်ကြီး အန်းရစ်မာနာလိုက ဖော်ပြခဲ့သည်။ ဖိလစ်ပိုင် ပြည်သူများအနေဖြင့် အခက်အခဲဒုက္ခများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် ထိခိုက်ခံစားရသူများအနေဖြင့် ၎င်းတို့၏ နဂိုမူလ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်စေရန် တရုတ်နိုင်ငံက ပိုမိုကူညီပေးသွားရန် စီစဉ်နေကြောင်း ဟွမ်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်ရှိ တရုတ်သံရုံးက တားလ်မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက်တွင် ဖိလစ်ပိုင်နိုင်ငံရှိ တရုတ်သံရုံးက ထိခိုက်ခံစားခဲ့ရသည့်ပြည်သူများသို့ နှာခေါင်းစည်းများ၊ ဆန်အိတ်များနှင့် အခြားသော သက်သာချောင်ချိရေး အကူအညီပစ္စည်းများကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံ၏ အင်္ဂါဂြိုဟ်လေ့လာရေးခရီးစဉ် ဇူလိုင်လတွင် စတင်မည်

**ပေကျင်း ဇန်နဝါရီ ၂၃**

တရုတ်နိုင်ငံသည် ၎င်း၏ ပထမဆုံး အင်္ဂါဂြိုဟ်လေ့လာရေး ခရီးစဉ်ကို ယခုနှစ် ဇူလိုင်လတွင် စတင်နိုင်မည်ဖြစ်ကြောင်း တရုတ်လူငယ်နေ့စဉ်သတင်းစာတွင် ဇန်နဝါရီ ၂၃ ရက်က ဖော်ပြလိုက်သည်။ ယခုလို အင်္ဂါဂြိုဟ်လေ့လာရေးခရီးစဉ်ကို ထုတ်ဖော်ပြောကြားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်လေ့လာရေး ခရီးစဉ်အတွက် Long March-5 Y4 သယ်ဆောင်ရေးဒုံးပျံကို စေလွှတ်မည်ဖြစ်ကြောင်း တရုတ်အာကာသသိပ္ပံနှင့်နည်းပညာ အဖွဲ့အစည်း၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။

Long March-5 Y4 ဒုံးပျံသည် ၎င်း၏ ဟိုက်ဒရိုဂျင်-အောက်ဆီဂျင်အင်ဂျင်၏ အမြင့်ဆုံးတွန်းကန်အားစမ်းသပ်မှုကိုလည်း အောင်မြင်စွာစမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း၊ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်ကို ဂြိုဟ်ပတ်လမ်းအတွင်း လွှတ်တင်မည်ဖြစ်ပြီး အဆိုပါယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်တွင် လေ့လာမှုများ ပြုလုပ်မည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် Long March-5 Y4 ဒုံးပျံသည် အာကာသတာဝန်များကို အများအပြားဆောင်ရွက်မည်ဖြစ်သည်။ **ဆင်ဟွာ**

### အရက်နှင့်ဆေးရွက်ကြီး ထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံမည့် ဥပဒေ ဒူတာတေး လက်မှတ်ရေးထိုး

**မနီလာ ဇန်နဝါရီ ၂၃**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် အရက်နှင့်ဆေးရွက်ကြီး ထုတ်ကုန်များအား အခွန်တိုးမြှင့်ကောက်ခံရေး ဥပဒေကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းဥပဒေကြမ်းသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်သက်ရောက်ခဲ့ပြီးဖြစ်ကြောင်း သမ္မတရုံး၏ သတင်းထုတ်ပြန်ချက်ကို နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၂၃ ရက်က ဖော်ပြလိုက်သည်။

ဒူတာတေးအစိုးရသည် ပိုလျှံသော အခွန်အတုတ်များကို အစိုးရ၏ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အသုံးပြုရန် စီစဉ်ထားကြောင်းနှင့် အရက်နှင့်ဆေးရွက်ကြီး ပစ္စည်းများကြောင့်ဖြစ်ပေါ်လာမည့် လူမှုကိစ္စရပ်သို့မဟုတ် ဆိုးကျိုးများကို ကာကွယ်ရန်လည်း ရည်ရွယ်ထားကြောင်း၊ ဘီယာနှင့် အခြားအချဉ်(ကစော်)ဖောက်ထားသော အရည်များပေါ်တွင်လည်း အခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသော ဥပဒေကို ဖောက်ဖျက်ပါက ဒဏ်ကြေး ဖိလစ်ပိုင် ပီဆို ၁၀ သန်း(အကြမ်းဖျဉ်း အမေရိကန်ဒေါ်လာ ၁၉၆၀၀၀) မှ ပီဆို သန်း ၅၀၀ (၉ ဒသမ ၈၂ သန်း) အထိ ပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် ထောင်ဒဏ် ငါးနှစ်မှ ရှစ်နှစ်အထိ ကျခံရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ဆင်ဟွာ**

# ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ

**— — ထွန်းသစ်စ — —**

### ကမ္ဘာ့အရှည်ဆုံးကိတ်မုန့်ကို လုပ်နိုင်ခဲ့တဲ့ အိန္ဒိယသားများ

အိန္ဒိယနိုင်ငံဟာ ဒီတစ်ခါတော့ ကမ္ဘာ့မှတ်တမ်းတင်ရလောက်အောင်ကြီးမားတဲ့ ကိတ်မုန့်ကြီးကို ဇန်နဝါရီ ၁၅ ရက်က လုပ်ခဲ့ပါတယ်။ ဒီလို ကမ္ဘာ့မှတ်တမ်းတင်ရလောက်တဲ့ ကိတ်မုန့်ကြီးကို လုပ်ဖို့ မုန့်ဖုတ်သမားနဲ့ စားဖိုမှူးပေါင်း ရာချီပါဝင်ခဲ့ကြပါတယ်။ ဒီကိတ်မုန့်ကြီးကို အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းခြေမြို့တစ်မြို့ဖြစ်တဲ့ ကီရာလာထရစ်ဆာမှာ လုပ်ခဲ့တာဖြစ်ပြီး ဒီမုန့်ကြီးဟာ ကမ္ဘာ့အရှည်ဆုံးကိတ်မုန့်ကြီးဖြစ်ကာ ၆ ဒသမ ၅ ကီလိုမီတာ (လေးမိုင်) ရှည်ပါတယ်။

ဒီကိတ်မုန့်ဟာ ဗင်နီလာကိတ်မုန့်ကြီးဖြစ်ပြီး အကျယ်နဲ့ အထုဟာ ၁၀ စင်တီမီတာ (လေးလက်မ) ရှိပါတယ်။ ဒီကိတ်မုန့်ကြီးရဲ့ စုစုပေါင်းအလေးချိန်ဟာ ၂၇၀၀၀ ကီလိုဂရမ် (၅၉၅၀၀ ပေါင်) ရှိပါတယ်။ ရိုးရာဦးထုပ်ကို ဆောင်းထားတဲ့ မုန့်ဖုတ်သမားနဲ့ စားဖိုမှူးပေါင်း ၁၅၀၀ တို့ဟာ သကြားနဲ့ ဂျုံ ၁၂၀၀၀ ကီလိုဂရမ်ကို လေးနာရီကြာနယ်ပြီးတော့မှ အခုလို ကမ္ဘာ့အရှည်ဆုံးကိတ်မုန့်ကြီးကို လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီကိတ်မုန့်ကြီးကို ဖြန့်ခင်းဖို့အတွက် စားပွဲခုံပေါင်း ထောင်ချီ သုံးခဲ့ရပါတယ်။ ကီရာလာမုန့်လုပ်ငန်းရှင်များအဖွဲ့က ဦးစီးကျင်းပတဲ့ မုန့်လုပ်ပွဲတော်မှာ အခုလို ကမ္ဘာ့အရှည်ဆုံးကိတ်မုန့်ကြီးကို လုပ်နိုင်ခဲ့တာဖြစ်ပါတယ်လို့ အဲဒီအဖွဲ့ရဲ့ အတွင်းရေးမှူးချုပ် နော်ရှတ်က ပြောပါတယ်။ ယခုပြုလုပ်ခဲ့တဲ့ကိတ်မုန့်ဟာ ၂၀၁၈ ခုနှစ်က တရုတ်နိုင်ငံသားမုန့်ဖုတ်သမားတွေ ရှီဇီစီရင်စုမှာ ပြုလုပ်ခဲ့ပြီး ဂင်းနက်စ်မှတ်တမ်း ဝင်သွားတဲ့ ၃ ဒသမ ၂ ကီလိုမီတာရှည်တဲ့ သစ်သီးကိတ်မုန့်ထက် ပိုပြီးရှည်ပါတယ်။ ယခု အိန္ဒိယသားများ ပြုလုပ်လိုက်တဲ့ ကမ္ဘာ့အရှည်ဆုံး ကိတ်မုန့်ရဲ့ အရသာနဲ့ သန့်ရှင်းမှုမှာ ဆိုဖွယ်မရှိ အထူးကောင်းမွန်ကြောင်းလည်း သိရပါတယ်။ **အေအက်ဖ်ပီ**



ကမ္ဘာ့အရှည်ဆုံး ကိတ်မုန့်ပြုလုပ်နေသည်ကို တွေ့ရစဉ်။




နေထိုင်ရန်သင့်လျော်သည့် TOI 700 d ကို တွေ့ရစဉ်။

### နာဆာဂြိုဟ်တုရှာဖွေရေးသမားများ ကမ္ဘာ့အရွယ်အစားရှိ နေထိုင်ရန်သင့်တော်တဲ့ နေရာတစ်ခုကိုတွေ့ရှိ

နာဆာရဲ့ နေစကြဝဠာ လေ့လာရေးဂြိုဟ်တုဖြစ်တဲ့ တက်စ်ဟာ ကမ္ဘာ့အရွယ်အစားရှိတဲ့ နေထိုင်ရန် သင့်တော်တဲ့နေရာတစ်ခု (ဂြိုဟ်တစ်ခု)ကို ကြယ်စုကြယ်ဝေးဇုန်တစ်ခုမှာ ရှာဖွေတွေ့ရှိခဲ့ပါတယ်။

သိပ္ပံပညာရှင်တွေက အဆိုပါတွေ့ရှိမှုကို အတည်ပြုခဲ့ကြပြီး TOI 700 d လို့ အမည်မှည့်ခဲ့ကြပါတယ်။ သိပ္ပံပညာရှင်တွေက အဆိုပါနေရာဟာ ကမ္ဘာနဲ့ဆင်တူတဲ့ပတ်ဝန်းကျင်ရှိကောင်းရှိနိုင်ရဲ့လို့ဆိုကာ နောက်ပိုင်းရှာဖွေလေ့လာမှုတွေကို အဲဒီနေရာမှာ ဆက်လက်ပြုလုပ်သွားမယ်လို့ သိရပါတယ်။ **ဆိုင်းရင့်ဒေလီ**

### တက္ကသိုလ်ကျောင်းသားများအကြား အင်တာနက်သုံးစွဲမှုကြောင့် စာကြိုးစားမှုလျော့နည်းလာကြောင်းတွေ့ရှိ

တက္ကသိုလ်ကျောင်းသားများကြား အင်တာနက်သုံးစွဲမှုကြောင့် စာကြိုးစားမှု လျော့နည်းလာတဲ့အချက်ကို ဆွမ်စီးတက္ကသိုလ်နဲ့ မီလန်တက္ကသိုလ်တို့ ပူးပေါင်းပြီး လုပ်ဆောင်ခဲ့တဲ့ သုတေသနစစ်တမ်းတစ်ခုမှာ တွေ့ရှိခဲ့ပါတယ်။

အဲဒီစစ်တမ်းမှာ အင်တာနက်နဲ့ ဒစ်ဂျစ်တယ်နည်းပညာကို လွန်လွန်ကျူးကျူးသုံးစွဲတဲ့ ကျောင်းသားတွေဟာ သူတို့ရဲ့ သင်ခန်းစာတွေမှာ စိတ်ပါဝင်စားမှု အားနည်းလာတာကို ဖော်ပြခဲ့ပါတယ်။ အင်တာနက်နဲ့ ဒစ်ဂျစ်တယ် နည်းပညာကို အသုံးပြုတာများရင် တဖြည်းဖြည်း အထီးကျန်ဆန်သွားတတ်ပြီး ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ဖို့ ခက်ခဲလာတတ်ကြောင်း အဲဒီသုတေသနစစ်တမ်းမှာ ဆက်လက်ဖော်ပြထားပါတယ်။ ပြီးတော့လည်း စာမေးပွဲစစ်ဆေးမှုတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေ ပိုမိုဖြစ်ပွားလာကြောင်းလည်း တွေ့ရှိခဲ့တယ်လို့ အဲဒီသုတေသန စစ်တမ်းမှာ ဖော်ပြထားပါတယ်။ **ဆိုင်းရင့်ဒေလီ**

> **“အဲဒီစစ်တမ်းမှာ အင်တာနက်နဲ့ ဒစ်ဂျစ်တယ် နည်းပညာကို လွန်လွန်ကျူးကျူး သုံးစွဲတဲ့ ကျောင်းသားတွေဟာ သူတို့ရဲ့ သင်ခန်းစာတွေမှာ စိတ်ပါဝင်စားမှု အားနည်းလာတာကို ဖော်ပြခဲ့ပါတယ်”**

### ဂြိုဟ်သားများကမ္ဘာပေါ်တွင် ရှိနိုင်သည်ဟု ပထမဆုံး ဗြိတိန်အာကာသယာဉ်မှူးပြော

မိမိတို့အနေဖြင့် သူတို့ကို မတွေ့မြင်နိုင်သော်လည်း ဂြိုဟ်သားများ တည်ရှိတယ်ဆိုတာ ဖြစ်နိုင်ကြောင်း ပထမဆုံး ဗြိတိန်အာကာသယာဉ်မှူးက ပြောကြားလိုက်ပါတယ်။

အာကာသပေါ်ကိုသွားခဲ့တဲ့ ပထမဆုံးအာကာသယာဉ်မှူးက ဂြိုဟ်သားများ တည်ရှိနိုင်ကြောင်းနဲ့ သူတို့တွေ ကျွန်တော်တို့နားမှာ တည်ရှိနေနိုင်တယ်လို့ ပြောပါတယ်။

စကြဝဠာအပြင်ဘက်မှာ ကြယ်တွေ ဘီလီယံချီရှိကြောင်းနဲ့ ဒါတွေဟာ မတူညီတဲ့ ပုံစံနဲ့ သက်ရှိတွေရှိနေတယ်ဆိုတာ ပြသတာပဲ ဖြစ်တယ်လို့ သူက ပြောပါတယ်။ ဂြိုဟ်သားတွေဟာ လူတွေလို ကာဗွန်နဲ့ နိုက်ထရိုဂျင်တွေနဲ့ ဖွဲ့စည်းထားတာ မဟုတ်ပေမယ့်လည်း သူတို့တွေ တည်ရှိနိုင်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ တွေ့ဖို့မလွယ်ပါဘူးလို့ သူက ပြောပါတယ်။

**စကိုင်းနယူးစ်**

### တိုင်ထိပ်စည်ပိုင်းထဲမှာ ဂင်းနက်စ်မှတ်တမ်းဝင်ဖို့ ကြိုးစားခဲ့တဲ့ တောင်အာဖရိကနိုင်ငံသား

တိုင်ထိပ်စည်ပိုင်းထဲမှာ ခဲရာခဲဆစ်နေပြီး ဂင်းနက်စ်မှတ်တမ်းဝင်ဖို့ ကြိုးစားခဲ့တဲ့ တောင်အာဖရိကနိုင်ငံသားတစ်ယောက်ဟာ ကမ္ဘာ့ထူးခြားသတင်းတွေကြားမှာတော့ ရေပန်းစားလာခဲ့ပါတယ်။

တောင်အာဖရိကနိုင်ငံသားတစ်ယောက်ဖြစ်တဲ့ ဗာနွန်ကရုဂါဟာ ဂင်းနက်စ် မှတ်တမ်းဝင်ဖို့အတွက် ရက်ပေါင်း ၆၇ ရက်တိုင်တိုင် ထိပ်စည်ပိုင်းထဲမှာ ကြိုးကြိုးစားစား နေခဲ့ပါတယ်။ သူဟာ တောင်အာဖရိက မြို့ငယ်လေးတစ်မြို့ဖြစ်တဲ့ ဒါးစထရွမ်းမှာ ဒီလိုမျိုး ဂင်းနက်စ်မှတ်တမ်းဝင်ဖို့ ကြိုးစားနေခဲ့တာဖြစ်ပါတယ်။ ယခင်က အခုလိုမျိုး သီတင်းပတ်တစ်ပတ်ကြာနေပြီး ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့တဲ့စံချိန်ကို ချိုးပြမှာဖြစ်တယ်လို့ ဗာနွန်ကရုဂါက ပြောကြားလိုက်ပါတယ်။

သို့သော်လည်း တိုင်ထိပ်ကို မိုးကြိုးပစ်ခံရမှာ သူအကြောက်ဆုံးပါပဲလို့ ပြောပါတယ်။ သူကြောက်ရွံ့ခဲ့တဲ့အတိုင်း မိုးကြိုးပစ်ခံရမှုက သီသီလေး လွဲခဲ့ရတယ်လို့လည်း သူကပြောပြပါတယ်။ **ယူပီအိုင်**



တိုင်ထိပ်စည်ပိုင်းထဲမှာ ခဲရာခဲဆစ်နေပြီး ဂင်းနက်စ်မှတ်တမ်းဝင်ဖို့ ကြိုးစားခဲ့တဲ့ တောင်အာဖရိက နိုင်ငံသား ဗာနွန်ကရုဂါ။

# မြေယာစီမံခန့်ခွဲမှု စနစ်တကျရှိစေရေး ဝိုင်းဝန်းကြိုးပမ်းပေး အပိုင်း(၁)

ညီညီမင်း(ထွေ/အုပ်)

### မြေအမျိုးအစားများခွဲခြားသတ်မှတ်ခြင်း

**မြေယာစီမံခန့်ခွဲမှုစနစ်များကို သိရှိလေ့လာရန် လိုအပ်**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအတွင်းရှိနိုင်ငံသားများ၊ လူသားအရင်းအမြစ်များကို စီမံခန့်ခွဲမှုသည် အရေးပါသလို နိုင်ငံအတွင်းရှိ မြေယာများကို စနစ်တကျစီမံခန့်ခွဲမှုသည်လည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါလှပါသည်။ မြေယာများကို စနစ်တကျစီမံခန့်ခွဲတတ်ရန်အတွက် မြေယာများ၏ သမိုင်းကြောင်းများကို နှံ့စပ်ကျွမ်းကျင်စွာ သိရှိထားရန် လွန်စွာအရေးပါပါသည်။ မြန်မာနိုင်ငံ၏ဘုရင်ခေတ်တွင် မြေယာစီမံခန့်ခွဲမှုများ၊ ဗြိတိသျှတို့ အုပ်စိုးစဉ်ကာလ မြေယာစီမံခန့်ခွဲမှုများ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလမှ ယနေ့အထိမြေယာစီမံခန့်ခွဲမှုများကို သိရှိအောင် လေ့လာထားရမည်ဖြစ်ပါသည်။

**ရှေးဘုရင်များခေတ် မြေအုပ်စုများ**

ရှေးဘုရင်များခေတ်တွင် မြေပိုင်ဆိုင်မှုအမျိုးအစားကိုလိုက်၍မြေအုပ်စု (၄) စုခွဲခြားသတ်မှတ် ထားပါသည်။ ဘုရင့်မြေ(အရာတော်မြေ)၊ မိဖုရားကြီးမြေ(ယွန်းပေါင်ပါမြေ)၊ လက်အောက်အမှုထမ်းများအား နေရန်အတွက် ပေးသောမြေ(နေမြေ)နှင့် လုပ်ကိုင်စားသောက်ရန်အတွက် ပေးသောမြေ (လုပ်မြေ) ဟူ၍ခွဲခြားထားပါသည်။ ပိုင်ဆိုင်မှုအရ မြေပိုင်ဆိုင်မှုအမျိုးအစားများကို ထပ်မံ၍ ခွဲခြားထားပါသည်။ ရှင်ဘုရင်နှင့်ဆိုင်သော အရာတော်မြေ လေးမျိုး၊ အရာတော်နှင့် စပ်ယှက်ဆက်နွှယ်သောမြေ သုံးမျိုး၊ ဘိုးဘပိုင်မြေ သုံးမျိုး၊ ဘိုးဘပိုင်နှင့်စပ်ယှက်ဆက်နွှယ်သောမြေ လေးမျိုး၊ ဝတ္တကမြေ သုံးမျိုးဟူ၍ ထပ်မံခွဲခြားထားပါသည်။

**ရှေးဘုရင်များခေတ် မြေပိုင်ဆိုင်မှုအမျိုးအစားများ (ရှင်ဘုရင်နှင့်ဆိုင်သောမြေ)**

ရှင်ဘုရင်နှင့်ဆိုင်သော အရာတော်မြေ လေးမျိုးသည် နန်းစဉ်အရာတော်မြေ၊ စုံသေအမွေပြတ် အရာတော်မြေ၊ သိမ်းစုအရာတော်မြေနှင့် ယွန်းပေါင်ပါမြေဟူ၍ ခွဲခြားထားပါသည်။ နန်းစဉ်အရာတော်မြေဆိုသည်မှာ ရှင်ဘုရင်များအဆက်ဆက် ဆင်းသက်ပိုင်ဆိုင်မြဲမြေများဖြစ်ပါသည်။ ယင်းမြေများတွင် ရှင်ဘုရင်များသည် နှစ်စဉ်မိုးဦးကျသည့်အခါ လယ်ထွန်မင်္ဂလာ ပြုလုပ်မြဲဖြစ်ပါသည်။ စုံသေအမွေပြတ် အရာတော်မြေဆိုသည်မှာ အမွေစားအမွေခံမရှိဘဲ သေဆုံးသွားသူတို့ပိုင်ပြီး ကွင်းကျန်ရစ်သဖြင့် ရှင်ဘုရင်က အရာတော်မြေအဖြစ် သိမ်းယူသည့်မြေဖြစ်ပါသည်။ သိမ်းယူသည်မှ ၁၀ နှစ်အတွင်း အမွေဆက်ခံထိုက်သူပေါ်ပေါက်လာလျှင် ရှင်းလင်း၍ ပြန်လည်ရယူခွင့်ရှိပါသည်။ သိမ်းစုအရာတော် မြေဆိုသည်မှာ ဥစ္စာပစ္စည်း၊ မြေများကိုသိမ်းယူထိုက်သောကြီးလေးသည့် ရာဇဝတ်မှုများကို ကျူးလွန်သူများထံမှ မြေများကို အရာတော်မြေအဖြစ်သိမ်းယူထားသည့် မြေများဖြစ်ပါသည်။ ယင်းမြေမျိုးကို အရာတော်မြေအဖြစ် မသိမ်းယူမီက ပေါင်နှံထားပြီးယင်းမြေကို အရာတော်မြေအဖြစ် သိမ်းယူလိုက်သောအခါ အပေါင်ခံထားသူက ရှင်ဘုရင်ထံ အပေါင်ခံထားသောငွေကို ပေးသွင်းလျှင် ယင်းမြေကို ပြန်ရနိုင်ပါသည်။

**နန်းမတော်မိဖုရားကြီးများ ပိုင်ဆိုင်သောမြေများ**

ယွန်းပေါင်ပါမြေဆိုသည်မှာ နန်းမတော်မိဖုရားကြီးများ ပိုင်ဆိုင်မြဲမြေများဖြစ်ပါသည်။ မိဖုရားကြီးအဆက်ဆက် သီးသန့်ပိုင်ဆိုင်ခဲ့သော မြေအမျိုးဖြစ်ပါသည်။ နန်းမတော်မိဖုရားကြီး ပိုင်ဆိုင်သော မြေအရပ်ရပ်ကို ပုရပိုက်ပေါ်တွင် ရေးမှတ်ထားရှိပါသည်။ ယင်းရေးမှတ်ထားသောမြေများကို ယွန်းပေါင်ပါမြေဟုခေါ်ပါသည်။ ယွန်းပေါင်ပါမြေကိုလည်း သုံးမျိုးခွဲခြားထားပါသည်။ နန်းစဉ်ယွန်းပေါင်ပါမြေ (မိဖုရားကြီးများစားမြဲမြေ)၊ ယင်းသီးယွန်းပေါင်ပါမြေ (မိဖုရားကြီးမဖြစ်မီအခြားသူများကပေးသောမြေ၊ ဥပမာ ခမည်းအဖြစ်ပေးသောမြေ) နှင့် အမွေရယွန်းပေါင်ပါမြေ (ဘွားတော်မယ်တော်များထံမှရသောမြေ) ဟူ၍ သုံးမျိုးခွဲခြားထားပါသည်။

**မင်းမှုထမ်းများပိုင်ဆိုင်သော မြေအမျိုးအစားများ**

အရာတော်နှင့် စပ်ယှက်ဆက်နွှယ်သော မြေကို သုံးမျိုးခွဲခြားထားပါသည်။ အစားပေးမြေ၊ အကိုင်စားမြေနှင့် အကြီးစားမြေဟူ၍ ခွဲခြားထားပါသည်။

> "ယနေ့ခေတ်တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ရာသီဥတုနှင့် ကောက်ပဲသီးနှံအစီရင်ခံစာတွင် မြေအုပ်စုကြီးသုံးစုနှင့် မြေအမျိုးအစား ၂၂ မျိုး ဖော်ပြထားရှိပါသည်။ အုပ်စု(၁) အဖြစ် လယ်ယာမြေဆိုသော စကားရပ်တွင် အကျုံးဝင်သော မြေမျိုးများကို သတ်မှတ်ထားပါသည်။ အုပ်စု(၂)အဖြစ် သစ်တောသစ်ပင်ဖုံးလွှမ်းသော မြေမျိုးများကို သတ်မှတ်ထားပါသည်။ အုပ်စု(၃) အဖြစ် အခြားမြေများကို သတ်မှတ်ထားပါသည်"

အစားပေး မြေဆိုသည်မှာ လက်အောက် အမှုထမ်းများအား လစာ ရိက္ခာချထားသောမြေဖြစ်ပြီး ယင်းမြေများကို ရှင်ဘုရင်များ က ပြန်လည်ရယူနိုင်ကာ လဲလှယ်၍လည်း ချထားနိုင်ပါ သည်။ အကိုင်စားမြေဆိုသည်မှာ မြို့ဖြစ်စေ၊ ရွာဖြစ်စေ၊ လက်ရှိ အုပ်ချုပ်နေသမျှ (အကိုင်ပြုလုပ်နေသမျှ) ချထားစားသောက်နိုင်သည့်မြေများဖြစ်ပါသည်။ အကိုင်ဟူသည်မှာ မြို့သူကြီး၊ ရွာသူကြီး၏ လက်ထောက်ဖြစ်ပါသည်။ အကြီးစားမြေဆိုသည်မှာ မြို့ရွာသူကြီး သို့မဟုတ် မြို့ရွာသူကြီးနှင့် အလားတူရာထူးမျိုးဖြင့် မြို့ရွာအုပ်ချုပ်နေသမျှ ကာလပတ်လုံး ချထားစားသောက်နိုင်သောမြေ ဖြစ်ပါသည်။ အကိုင်စားမြေ၊ အကြီးစားမြေများမှာ အကြီးအကိုင်တို့၏ သီးခြားဘိုးဘွားပိုင်မြေများနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်း မရှိပါ။

**ရှေးဘုရင်များခေတ် ဘိုးဘပိုင်မြေ**

ဘိုးဘပိုင်မြေများကို ဓားမ ဦးချမြေ၊ မင်းပေးမြေနှင့် ငွေဝယ်ငွေပေါင်မြေဟူ၍ သုံးမျိုး ခွဲခြားထားပါသည်။ ဓားမ ဦးချမြေဆိုသည်မှာ မြေရိုင်းများထဲမှမြေများကို ဆိုင်ရာမြေတိုင်းတောကဲများကို တိုင်ကြားပြောဆိုပြီး တောရိုင်းကိုခုတ်ထွင်ကာ ဘေးဘိုးစဉ်ဆက် ဓားမ ဦးချ စိုက်ပျိုးလုပ်ကိုင်သော မြေဖြစ်ပါသည်။ ယင်းမြေများကို သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့်ရှိပါသည်။ မင်းပေးမြေဆိုသည်မှာ လစာရိက္ခာအစားမဟုတ်ဘဲ သီးခြား လက်ရောက် ရှင်ဘုရင်ကပေးသောမြေဖြစ်ပါသည်။ ငွေဝယ်ငွေပေါင်မြေဆိုသည်မှာ ဓားမ ဦးချမြေ၊ မင်းပေးမြေများကိုလက်ရှိဆက်ခံပိုင်ဆိုင်သူတို့က ရောင်းချပေါင်နှံသည်ကစ၍ သားစဉ်မြေးဆက်ပိုင်ဆိုင်သော မြေမျိုးဖြစ်ပါသည်။

**ရှေးဘုရင်များခေတ် မင်းမှုထမ်းမဟုတ်သော တိုင်းသူပြည်သားများ ပိုင်ဆိုင်သောမြေ**

ဘိုးဘပိုင်နှင့် စပ်ယှက်ဆက်နွှယ်သောမြေ လေးမျိုးမှာ နေစားမြေ၊ စားမြေ၊ သူရဲမိုး သူရဲမြေနှင့် အသည်မြေတို့ဖြစ်ပါသည်။ နေစားမြေဆိုသည်မှာ နေရန်မြေ၊ စားရန်မြေတို့အတွက် ပေးကမ်းချထားသော မြေဖြစ်ပါသည်။ စစ်ပွဲများတွင်ရသည့် နိုင်ငံခြားသားသုံ့ပန်းများ၊ နိုင်ငံတွင်းအခြားသောနယ်မြေများမှ လူများကိုလွှတ်လပ်သောမြေများတွင် နေထိုင်လုပ်ကိုင်စားသောက်ရန်အတွက် ချထားပေးသော မြေဖြစ်ပါသည်။ သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့်ရှိပါသည်။ မြေရိုင်း၊ အရာတော်မြေ၊ ဝတ္တကမြေနှင့် အကြောင်းအားလျော်စွာ စောင့်ရှောက်သူကင်းမဲ့သောမြေများ အကျုံးဝင်ပါသည်။ စားမြေဆိုသည်မှာ နေစားမြေချထားခံရသူများနှင့် အလားတူသည့်သူကိုလုပ်စားရန် ချထားသောမြေများဖြစ်သည်။ သားစဉ်မြေးဆက်ပိုင်ဆိုင်ခွင့်ရှိသည်။ သူရဲမိုးသူရဲမြေဆိုသည်မှာ မြန်မာစစ်တပ်များအစောင့်ထားသော မြို့ရွာများတွင် တပ်သားများ လယ်ယာမြေတီထွင်လုပ်ကိုင်ခဲ့သော မြေမျိုးဖြစ်ပါသည်။ မြို့စောင့်တပ်များပါသွားသောအခါ မြို့ရွာနေလူတို့ ဝင်ရောက်လုပ်ကိုင်နိုင်ပါသည်။ စစ်တပ်များပြန်ရောက်သည့်အခါ တပ်သားများက ပြန်လည်လုပ်ကိုင်နိုင်ပါသည်။ စစ်တပ်များကိုမြို့စောင့်မထားသည့်အခါ မြို့ခံရွာခံလူတို့သည် သားစဉ်မြေးဆက် ဆက်လက်လုပ်ကိုင်နိုင်ပါသည်။ မြန်မာဘုရင်များလက်ထက်က တိုင်းသူပြည်သားများကို မင်းမှုထမ်းနှင့်အသည်ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ အသည်ဆိုသည်မှာ မင်းမှုထမ်းမဟုတ်သော အရပ်သားများဖြစ်ပါသည်။ အခြားမြို့ရွာကလာသူများမဟုတ်ဘဲ မြို့ရွာတည်ထောင်ရင်း မူလအစကပင် နေထိုင်ကာ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်ပါသည်။ ထိုသူများလုပ်ကိုင်စားသောက်သောမြေကို အသည်မြေဟုခေါ်ပါသည်။ အသည်သားများနှင့်သာဆိုင်သော ရွာကပိုင်သော မြေကိုဆိုလိုပါသည်။

**ဝတ္တကမြေများ**

ဝတ္တကမြေကိုဘုရားနှင့်ဆိုင်သောဝတ္တကံမြေ၊ ပိဋကတ်နှင့်ဆိုင်သော ဝတ္တကမြေနှင့် ကျောင်းနှင့် ဆိုင်သောဝတ္တကံမြေဟူ၍ သုံးမျိုးခွဲခြားထားပါသည်။ ဝတ္တကမြေဆိုသည်မှာ ရတနာသုံးပါး ကြည်ညိုသူ မည်သူကိုမဆို မင်းဖြစ်စေ၊ ဆင်းရဲသားဖြစ်စေ၊ ကိုယ်ပိုင်မြေကို လှူဒါန်းခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော မြေဖြစ်ပါသည်။ ငွေကြေးနှင့်ဝယ်၍ သော်လည်းကောင်း၊ ကိုယ်ပိုင်ဖြစ်၍သော်လည်းကောင်း၊ လှူသောမြေများနှင့် မြေပေါ်မှကောက်ခံ၍ရသော မြေခွန်ကိုသာ လှူသောမြေများပါဝင်ပါသည်။

**ဗြိတိသျှခေတ် မြေယာအုပ်ချုပ်မှုစနစ်များ**

ဗြိတိသျှတို့သည် မြေယာအုပ်ချုပ်မှုတွင် စနစ်ကြီးငါးမျိုးကို ကျင့်သုံးခဲ့ပါသည်။ ၎င်းတို့မှာ စကွာတာစနစ်၊ ပတ္တာစနစ်၊ မြေငှားစနစ်၊ ဂရန်စနစ်နှင့် ကိုလိုနီစနစ်ဟူ၍ မြေယာအုပ်ချုပ်မှုစနစ် ငါးမျိုးကိုကျင့်သုံးခဲ့ပါသည်။ စကွာတာစနစ်(The Squatter System)ဆိုသည်မှာ ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံသို့ အထက်မြန်မာနိုင်ငံမှလူအများအပြားကို သိမ်းသွင်းရန်ရည်ရွယ်လျက် စိုက်ပျိုးရေးကိုအားပေးသည့်အနေဖြင့် လူအများကိုမြေလွတ်မြေလပ်များ၌ လွတ်လပ်စွာနေထိုင်ခွင့်ပေးသည့် စနစ်ဖြစ်ပါသည်။ မိမိတို့နေထိုင်ရာနေအိမ်အကျယ်အဝန်းကိုလိုက်၍ အခွန်တော်ပေးဆောင်ရပါသည်။ နှစ်စဉ် အခွန်ပေးဆောင်သော်လည်း စိုက်ပျိုးရာသီအပြီးတွင် ၎င်းတို့လုပ်ကိုင်ခဲ့သော လယ်ယာမြေများကို လက်လွှတ်ရပါသည်။ အကြောင်းမှာမြေသည် အစိုးရပိုင်မြေအဖြစ် သတ်မှတ်ထားသဖြင့် ပိုင်ဆိုင်ခွင့်မရခြင်းဖြစ်ပါသည်။ လယ်လုပ်ကိုင်ခွင့်သာ အခွင့်အရေးရပါသည်။ ယင်းအချက်ကြောင့် မြေယာအုပ်ချုပ်ရေး မတည်ငြိမ်ခဲ့ပါ။ ၁၈၇၆ ခုနှစ် မြေနှင့်အခွန်တော်ဥပဒေနှင့် ၁၈၇၉ ခုနှစ်မြေနှင့်အခွန် နည်းဥပဒေများကို ပြဋ္ဌာန်း၍ စကွာတာအဖြစ် နေထိုင်လုပ်ကိုင်သူတို့သည် မြေတစ်ကွက်တည်းတွင် တစ်ဆက်တစ်စပ်တည်း ၁၂ နှစ်တိတိ အခွန်မပျက်ပေးဆောင်ပါက မြေပိုင်ဆိုင်ခွင့် (Land Holder's Right) ရရှိပါသည်။ ၎င်းဥပဒေအရ အစိုးရကမြေကို ပြန်လည်ရယူရန် အခွင့်အရေးမရှိပါ။

**ပတ္တာစနစ်**

ပတ္တာစနစ် (The Patta System)သည် ဗြိတိသျှတို့တီထွင်သော စနစ်တစ်ခုဖြစ်ပါသည်။ ယင်းစနစ်မှာ မြေယာများကို စိုက်ပျိုးရေးအတွက်လုပ်ကိုင်ရန် အားပေးသော်လည်း အစိုးရက မြေယာများချထား၍ ပိုင်ဆိုင်ခွင့်ပေးရာတွင် စည်းကမ်းများချမှတ်၍ ထိန်းချုပ်ထားပါသည်။ အချို့သူများသည် မြေယာများကိုငွေဖြင့် ဝယ်ယူသည့်အခါ အစိုးရမြေများ အလွယ်တကူမဆုံးရှုံးစေရန် ရည်ရွယ်၍ စည်းကမ်းချက်များသတ်မှတ်ပြီး ပတ္တာစနစ်ကျင့်သုံး ခြင်းဖြစ်ပါသည်။

**မြေငှားစနစ်**

မြေငှားစနစ်(The Lease System)ကို ၁၈၆၂ ခုနှစ်တွင် အင်္ဂလိပ်တို့က စတင်တီထွင် အသုံးပြုခဲ့ပါသည်။ စကွာတာစနစ်နှင့်ပတ္တာစနစ်သည် လယ်သမားများကို စည်းကမ်းချက်များထား၍ ချုပ်ကိုင်သဖြင့် လယ်သမားများက သဘောမကျခဲ့ကြပါ။ ဤနှစ်ခုကြားအစိုးရနှင့် လယ်သမားများ၏ ဆန္ဒကိုပေါင်းစပ်၍ မြေငှားစနစ် တီထွင်ကျင့်သုံးခြင်းဖြစ်ပါသည်။ မြေငှားစနစ်သည် လယ်သမားများအား ၎င်းတို့စိုက်ပျိုးမြေတွင် အခြေတကျ နေထိုင်စေပြီး ၎င်းတို့စိုက်ပျိုးသော မြေအကျယ်အဝန်းအလိုက် နှစ်စဉ်အခွန်တော် စည်းကြပ်ကောက်ခံနိုင်သည့် အခွင့်အရေးကို အစိုးရက ရရှိသွားခဲ့ပါသည်။

**ဂရန်စနစ်**

ဂရန်စနစ် (The Grant System)သည် မြေကို အမြောက်အမြား လုပ်ကိုင်နေသောအရင်းရှင်ကို အားပေးသည့်အနေဖြင့် တိုင်းပြည်တွင် ဝင်ရောက်လုပ်ကိုင်ရန် သိမ်းသွင်းသည့် စနစ်ဖြစ်ပါသည်။ ဤစနစ်သည် အရင်းအနှီးမြောက်မြားစွာရှိသော ပုဂ္ဂိုလ်များဖြင့် လယ်ယာလုပ်ငန်းတိုးတက်စေရန် ဗြိတိသျှတို့က တီထွင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းစနစ်သည် မြန်မာနိုင်ငံရှိ ဆင်းရဲသား လယ်သမားများနှင့် နိုင်ငံအတွက် အကျိုးမပြုနိုင်ခဲ့ပါ။

**ကိုလိုနီစနစ်**

ကိုလိုနီစနစ်(The Colony System) ဆိုသည်မှာ ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံတွင် အနှစ် ၄၀ နီးပါးမျှ မြေယာအုပ်ချုပ်မှုစနစ် အမျိုးမျိုးကို စမ်းသပ်မှု၏ နောက်ဆုံးစနစ်ဖြစ်ပါသည်။ အစိုးရတွင် နိုင်ငံပိုင်မြေလွတ်မြေလပ်များစွာရှိနေသဖြင့် စိုက်ပျိုးမြေဖြစ်လာစေရန် သမဝါယမကဲ့သို့သော အသင်းအဖွဲ့များဖွဲ့စည်းပြီး အရင်းအနှီးအမြောက်အမြားဖြင့် လုပ်ကိုင်သည့် စနစ်တစ်ခုဖြစ်ပါသည်။

အင်္ဂလိပ်ခေတ်တွင် အထက်မြန်မာနိုင်ငံ၌ အရာတော်မြေနှင့် ဘိုးဘပိုင်မြေဟူ၍ မြေအမျိုးအစား နှစ်မျိုးသတ်မှတ်ခဲ့ပါသည်။ အောက်မြန်မာနိုင်ငံ၌ လက်ဝယ်ထားရှိပိုင်ခွင့်ရှိသော မြေနှင့် အစိုးရချထားပေးပိုင်ခွင့်ရှိသောမြေ (State Land) ဟူ၍ နှစ်မျိုးသတ်မှတ်ခဲ့ပါသည်။ အစိုးရမြေ (အရာတော်မြေ)တွင် ဘုရင့်မြေ၊ ဘုရင့်အမှုတော်ထမ်းမြေ၊ သစ်တောကြိုးဝိုင်းမြေ၊ ကျေးရွာပိုင်သစ်တောမြေ၊ ကျွန်းမြေ၊ မြေနုကျွန်းမြေများပါဝင်ပါသည်။ အစိုးရမဟုတ်သော မြေများတွင် ဘိုးဘပိုင်မြေနှင့် ဝတ္တကမြေ၊ သာသနာ့မြေများ ပါဝင်ပါသည်။

**ဘိုးဘပိုင်မြေနှင့် လက်ဝယ်ထားရှိပိုင်ခွင့်ရှိသောမြေ**

ဘိုးဘပိုင်မြေနှင့် လက်ဝယ်ထားရှိပိုင်ဆိုင်ခွင့်ရှိသော မြေတို့၏ အခွင့်အရေးများသည် အတူတူပင် ဖြစ်ပါသည်။ ၎င်းတို့၏ အခွင့်အရေးများမှာ မြေကို လက်ဝယ် လက်ရှိထားပိုင်ခွင့်ရှိခြင်း၊ မြေပေါ်နေထိုင် အသုံးပြုခွင့်၊ စိုက်ပျိုးခွင့်ရှိခြင်း၊ မြေကိုပေါင်နှံနိုင်ခြင်း၊ မြေကို ရောင်းချနိုင်ခြင်း၊ လွှဲပြောင်းနိုင်ခြင်းနှင့် မြေကို အမွေခွဲဝေပေးနိုင်ခြင်း အခွင့်အရေးများဖြစ်ပါသည်။

**လွတ်လပ်ရေးရပြီးနောက်ပိုင်း မြေအမျိုးအစားများ**

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံမြေစာရင်းလက်စွဲအပိုဒ် (၁၂၆၄) (ခ)အရ မြန်မာနိုင်ငံတွင် မြေအမျိုးအစား ခုနစ်မျိုးသတ်မှတ်ထားပါသည်။ ရွာမြေများ (သုသာန်မြေအပါအဝင်)၊ သာသနာ့မြေများ၊ လမ်းမြေ –တာတမံ–မီးရထားလမ်း– တူးမြောင်း– ရေကန်နှင့် ကန်ပေါင်များ၊ စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်း၊ မစိုက်ပျိုးနိုင်သောမြေလွတ်မြေရိုင်း၊ သစ်တောကြိုးဝိုင်း မြေ – စားကျက်မြေ – ကျွဲနွားလမ်းမြေနှင့် အခွန်ဥပဒေများအရ သတ်မှတ်ထားသော ရွာဘုံမြေ၊ အစိုးရအဆောက်အအုံဆောက်လုပ်ရန်အတွက် သီးသန့်ထားသောမြေများနှင့် ချောင်း၊ အင်းနှင့် ရေလွှမ်းသော အခြား မြေများဟူ၍ ခုနစ်မျိုး ခွဲခြားထားပါသည်။ ယနေ့ခေတ်တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ရာသီဥတုနှင့် ကောက်ပဲသီးနှံအစီရင်ခံစာတွင် မြေအုပ်စုကြီးသုံးစုနှင့် မြေအမျိုးအစား ၂၂မျိုး ဖော်ပြထားရှိပါသည်။ အုပ်စု(၁)အဖြစ် လယ်ယာမြေဆိုသောစကားရပ်တွင် အကျုံးဝင်သော မြေမျိုးများကို သတ်မှတ်ထားပါသည်။ အုပ်စု(၂)အဖြစ် သစ်တောသစ်ပင်ဖုံးလွှမ်းသော မြေမျိုးများကို သတ်မှတ်ထားပါသည်။ အုပ်စု (၃) အဖြစ် အခြားမြေများကို သတ်မှတ်ထားပါသည်။

**မြေအုပ်စု(၃)အုပ်စုနှင့် မြေအမျိုးအစားများ**

အုပ်စု(၁)တွင်လယ်၊ ယာ၊ ကိုင်း/ကျွန်း၊ ဥယျာဉ်၊ ဓနိနှင့်တောင်ယာဟူ၍ မြေအမျိုးအစား ခြောက်မျိုး သတ်မှတ်ထားပါသည်။

*စာမျက်နှာ ၁၈ သို့*

## မကွေးတိုင်းဒေသကြီးတွင် ကြားသီးနှံချည်မျှင်ရှည်ဝါ စိုက်ဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုး

**မကွေး ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီးအတွင်းတွင် ယခုနှစ်ဆောင်းရာသီ၌ ကြားသီးနှံအဖြစ် ချည်မျှင်ရှည်ဝါမျိုးကို စိုက်ဧက ၁၂၀၀၀၀ ကျော်အထိအောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအစီအစဉ်ဖြင့် မျိုးကောင်းမျိုးသန့် ထိန်းသိမ်းဝယ်ယူရေးအပိုင်းတွင် ဝါသီးနှံကို အဓိကထား ဆောင်ရွက်ခဲ့ပြီး ဝယ်ယူခဲ့သော ဝါဂွမ်းများမှ ဝါမျိုးစေ့များ ထုတ်၍ ဝါမျိုးသန့်များကိုပြန်လည်အသုံးချနိုင်အောင် စီမံဆောင်ရွက်ထားရှိကြောင်းနှင့် ယခင်ကရပ်ဆိုင်းထားခဲ့သော စကုမြို့မှ ဝါစက်ရုံအား မျိုးစေ့ထုတ်လုပ်ငန်းအတွက် ပြန်လည်လည်ပတ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် မိုးရာသီတွင် ချည်မျှင်ရှည်ဝါစိုက်ဧက ၂၀၃၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၃၄၂ ဒသမ ၅၉ ပိဿာနှုန်းထွက်ရှိခဲ့သောကြောင့် ယခုအခါ အထွက်နှုန်းကောင်း၍ ဝင်ငွေကောင်းသည့် ဝါသီးနှံကို ပိုမိုစိုက်ပျိုးလာကြသည်။

"ရာသီဥတုစိန်ခေါ်မှုကို ရင်ဆိုင်နိုင်လို့ နွေနှမ်း၊ နွေပဲတီစိမ်းစိုက်မယ့်နေရာမှာ ဝင်ငွေပိုသေချာတဲ့ ဝါသီးနှံကို လေးဧကလောက်စိုက်ထားပါတယ်။ လက်ရှိ ဝါတစ်ပိဿာကို ငွေကျပ် ၁၄၀၀ကနေ ၁၅၀၀ လောက်ပေါက်ဈေးရှိတော့ ဝါစိုက်တောင်သူတွေ အဆင်ပြေမယ်ထင်ပါတယ်" ဟု ဝါစိုက်တောင်သူတစ်ဦးက ပြောသည်။



မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူခရိုင်တွင် ၃၁၂၅ ဧက၊ ဂန့်ဂေါခရိုင်တွင် ၄၀၃၄ ဧက၊ မကွေးခရိုင်တွင် ၆၃၅၂၈ ဧက၊ မင်းဘူး ခရိုင်တွင် ၈၉၁၆ ဧက၊ သရက်ခရိုင်တွင် ၄၃၃၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေး)**

## နေပြည်တော်၌ မျိုးစေ့ပြပွဲ ၂၀၂၀ ကို ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မျိုးစေ့ပြပွဲ ၂၀၂၀ ကို နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအနီးတွင် ဇန်နဝါရီ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ယမန်နေ့က နေပြည်တော်ရုံး အမှတ် ၁၅ အစည်းအဝေးခန်းမ၌ ပြပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် အခမ်းအနား ကျင်းပရေးလုပ်ငန်းအဖွဲ့တာဝန်ရှိသူတို့က မျိုးစေ့ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအသီးသီးမှ တက်ရောက်ဆွေးနွေးကြသည်။



အရည်အသွေးကောင်းမျိုးစေ့များ သုံးစွဲမှုမြှင့်တင်ရေး၊ မျိုးစေ့ထုတ်လုပ်သူသုံးစွဲသူများ ချိတ်ဆက်ဆောင်ရွက်မှု ကောင်းမွန်စေရေး၊ တောင်သူများ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မျိုးစေ့ကဏ္ဍတွင် ပါဝင်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ ယင်းပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် ဌာနဆိုင်ရာပြခန်းများ၊ ပုဂ္ဂလိကပြခန်းများ၊ အရောင်းဆိုင်များ၊ သီးနှံအလိုက် မျိုးစေ့ပျိုးပင်များ၊ စိုက်ခင်းများ၊ နည်းပညာပေး ပြကွက်ပြခန်းများ ခင်းကျင်းပြသမည် ဖြစ်သည်။

ပြပွဲသို့ မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ကြမည်ဖြစ်ပြီး သိရှိလိုသည်များကို သက်ဆိုင်ရာ ပညာရှင်များက ဖြေကြားရှင်းလင်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မေမိုးသဲ**

## ထင်းစိုက်ခင်းဧက ၂၀ အား ကြီးနီကျေးရွာသို့ လွှဲပြောင်းပေးအပ်

**ချောက် ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကြီးနီကျေးရွာ၌ ယမန်နေ့က ကျေးရွာထင်းစိုက်ခင်းဧက ၂၀ အား လွှဲပြောင်းပေးအပ်သည်။

ယင်းသို့ပေးအပ်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးလင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဟန်မင်းထွန်းတို့က ကြီးနီကျေးရွာထင်းစိုက်ခင်းကော်မတီ ရွာခွဲတာဝန်ခံ ဦးသန်းရွှေနှင့် ကော်မတီအဖွဲ့ဝင်အား ထင်းစိုက်ခင်းဧက ၂၀ လွှဲပြောင်းလွှာစာချုပ်မှတ်တမ်းအား ပေးအပ်သည်။

အဆိုပါ စိုက်ခင်းကို ချောက်မြို့နယ် ကြီးနီကျေးရွာ(အပတော)အတွင်း သစ်တောဦးစီးဌာနမှ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်( ၂၀၁၉ခုနှစ် မိုးရာသီ)၌ တည်ထောင်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ပေးအပ်ရာတွင် စိုက်ပင်များသာ လွှဲပြောင်းပေးခြင်းဖြစ်ပြီး စိုက်ခင်းမြေနေရာအား လွှဲပြောင်းပေးအပ်ခြင်း မဟုတ်ကြောင်း၊ ထင်းစိုက်ခင်း၏ ဆက်လက်ဆောင်ရွက်ရမည့် ပေါင်းမြက်ရှင်းခြင်း၊ ပြုစုထိန်းသိမ်းကာကွယ်ခြင်း၊ မီးဘေးကာကွယ်ခြင်းတို့ကို ဒေသခံအုပ်ချုပ်ရေးမှူးနှင့် ထင်းစိုက်ခင်းကော်မတီအဖွဲ့က ကြီးကြပ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း သိရသည်။

ထင်းစိုက်ခင်းဧက ၂၀ တွင် ယူကလစ်ပင် ၂၄၂၀၀ စိုက်ပျိုးထားရာ လက်ရှိ ရှင်သန်မှုအပင် ၂၃၈၆၁ ပင်ရှိကြောင်း စိုက်ပျိုးချိန်မှစ၍ ငါးနှစ်ပြည့်လျှင် ဒေသခံပြည်သူများ ထင်း၊ မျောတိုင်များ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် AUV Geophysical and Geotechnical Site Survey လုပ်ငန်းများအား MV.MP LAGENDA (Call Sign: 9V3831) ရေယာဉ်ဖြင့် ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

AUV Geophysical and Geotechnical Site Survey လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 16' 98' 63.69" N | 93' 71' 37.16" E |
| B | 16' 98' 66.97" N | 94' 23' 03.67" E |
| C | 16' 57' 09.74" N | 94' 15' 81.89" E |
| D | 16' 63' 16.35" N | 93' 71' 23.91" E |

သို့ဖြစ်၍ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် AUV Geophysical and Geotechnical Site Survey လုပ်ငန်းများအား MV.MP LAGENDA (Call Sign:9V3831) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၄၀ ကျပ် | ၉၃၅/၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၅၅ ကျပ် | ၉၅၀/၉၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၆၀ ကျပ် | ၈၇၅/၈၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၅၅ ကျပ် | ၉၇၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၈ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၇ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၈ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၂၈ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၀ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၈ . ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၈၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၀၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၅ . ၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ . ၈၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၁၁၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၄၄၄ | ၄၉၃၆၀၀၀ |
| MTSH | ၃၉၀၀ | ၃၈၅၀ | ၅၇၁၃ | ၂၂၂၅၀၂၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၉၇ | ၂၂၃၁၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၈၄၉ | ၂၄၁၉၆၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS



နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

*စာမျက်နှာ ၁၆ မှ*

အုပ်စု(၂)တွင် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမြေ၊ တောရိုင်းနှင့် မြေရိုင်း ဟူ၍ မြေအမျိုးအစား သုံးမျိုး သတ်မှတ်ထားပါသည်။ အုပ်စု(၃)တွင် သတ္တုတွင်းမြေ၊ ကျွဲနွား စားကျက်မြေ၊ မီးရထားလမ်းမြေ၊ လမ်းမြေ၊ ဆည်မြောင်း–ကန်–တာတမံမြေ၊ မြစ်ချောင်းနှင့် ရေအောက်မြေ၊ အင်းအိုင်မြေ၊ စက်ရုံမြေ၊ မြို့မြေအတွင်း လူနေထိုင်သည့်မြေ၊ ရွာမြေ၊ လေယာဉ်ပျံကွင်း မြေ၊ သာသနာ၊ သုသာန် အဆောက်အအုံ စသည့်မြေများနှင့် ကျန်အခြားမြေများဟူ၍ မြေအမျိုးအစား ၁၃ မျိုးခွဲခြားထားရှိပါသည်။

**အုပ်စု(၁)မြေအုပ်စု**

အုပ်စု(၁)တွင်ပါရှိသည့် လယ်မြေအမျိုးအစားသည် ၁၅၃၁၃၁၄၁ ဧကခန့်ရှိပြီး စုစုပေါင်း မြေဧရိယာ၏ ၉ ဒသမ ၁၆ ရာခိုင်နှုန်းခန့်ရှိပါသည်။ လယ်မြေဆိုသည်မှာ သဘာဝအရသော်လည်းကောင်း၊ လူတို့ဖန်တီးထားသော နည်းလမ်းအရသော်လည်းကောင်း၊ စိုက်ပျိုးရေရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံကို အဓိကစိုက်ပျိုးသော မြေဖြစ်ပါသည်။ ယာမြေအမျိုးအစားသည် ၉၆၂၂၉၄၁ ဧကခန့်ရှိပြီး မြန်မာနိုင်ငံမြေဧရိယာ၏ ၅ ဒသမ ၇၆ ရာခိုင်နှုန်းခန့် ရှိပါသည်။ ယာမြေဆိုသည်မှာ မြေအခြေအနေတည်တံ့ခိုင်မြဲ၍ သာမန်အားဖြင့်မိုးရာသီအတွင်း ရေမကြိုက်နှစ်သက်သည့်သီးနှံများ စိုက်ပျိုးပြီး ရေထိန်းရန်ကန်သင်းမဖို့ထားသည့် မြေဖြစ်ပါသည်။

ကိုင်း/ကျွန်းမြေသည် ၁၂၈၆၄၆၉ ဧကခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ဝ ဒသမ ၇၇ ရာခိုင်နှုန်းခန့်ရှိပါသည်။ ကိုင်း/ကျွန်းမြေဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းနစ်ဖက်တွင်သော်လည်းကောင်း၊ မြစ်ချောင်းများ အတွင်း ကျွန်းအဖြစ်သော်လည်းကောင်း တည်ရှိ၍ မြေအခြေအနေတည်တံ့ခိုင်မြဲသည် ဖြစ်စေ၊ မခိုင်မြဲသည်ဖြစ်စေ၊ ဆောင်းရာသီသီးနှံများစိုက်ပျိုးသည့်မြေများဖြစ်သည်။ ကိုင်းမြေရင့်များတွင် ကန်သင်းများရှိတတ်၍ ကိုင်းမြေနုများမှာ ကန်သင်းများမရှိသည့်အပြင် မြေမျက်နှာပြင်အခြေအနေ တည်တံ့ခိုင်မြဲမှုမရှိသော မြေဖြစ်ပါသည်။

ဥယျာဉ်မြေသည် ၄ဝ၆၄၆၄၆ ဧကခန့်ရှိပြီး စုစုပေါင်း မြေဧရိယာ၏ ၂ ဒသမ ၄၃ ရာခိုင်နှုန်းခန့် ရှိပါသည်။ ဥယျာဉ်မြေဆိုသည်မှာ မြေအခြေအနေတည်တံ့ခိုင်မြဲ၍ နှစ်ရှည်သီးပင်များ (ကြက်ပေါင်စေးမပါ) စိုက်ပျိုးထားသည့်မြေများနှင့် သာမန်အားဖြင့် နှစ်ရှည်သီးနှံစိုက်ပျိုးရန် လျာထားသည့် မြေကိုဆိုလိုပါသည်။ ဓနိမြေသည် ၁ဝ၂၅ဝ၅ ဧကခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ဝ ဒသမ ဝ၆ ရာခိုင်နှုန်းခန့်ရှိပါသည်။ ဓနိမြေဆိုသည်မှာ သာမန်အားဖြင့် ဓနိစိုက်ပျိုးရန် အသုံးပြုထားသောမြေဖြစ်ပါသည်။ တောင်ယာမြေသည် ၅၂၁၅၄၄ ဧကခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ဝ ဒသမ ၃၁ ရာခိုင်နှုန်းခန့်ရှိပါသည်။ တောင်ယာမြေဆိုသည်မှာ တောင်ကုန်းဒေသများတွင် ပြောင်းရွှေ့စိုက်ပျိုးမှုကို အဓိကထားစိုက်ပျိုးသည့် မြေဖြစ်ပါသည်။ မြေသားတင်း၍ အောက်ခံကျောက်သားမြေဖြစ်တတ်ပါသည်။ မြေစေးပါဝင်မှုနည်းပါးပြီး ရေစီးဆင်းမှု ကောင်းပါသည်။

**အုပ်စု(၂)မြေအုပ်စု**

အုပ်စု(၂)တွင် ပါရှိသည့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောမြေသည် ၄၆ဝ၉၉၆၂၃ ဧကခန့်ရှိပြီး စုစုပေါင်း မြေဧရိယာ၏ ၂၇ ဒသမ ၅၇ ရာခိုင်နှုန်းခန့် ရှိပါသည်။ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော မြေသည် ယခင်က သီးသန့်သစ်တောကြိုးဝိုင်းဧရိယာအဖြစ် တည်ရှိခဲ့ပြီး နောက်ပိုင်းကာလတွင် ယနေ့အထိ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောဧရိယာအဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ယင်းသို့ ပြင်ဆင်သတ်မှတ်ခဲ့ခြင်းကြောင့် သီးသန့်သစ်တောကြိုးဝိုင်း ဧရိယာအတိုင်း မှတ်ယူနိုင်ပါသည်။ Reserved Forest ဆိုသည်မှာ သီးသန့်သစ်တောကြိုးဝိုင်းကိုခေါ်ပါသည်။ ယင်းသီးသန့် သစ်တောကြိုး ဝိုင်းတွင် ဘေးမဲ့သစ်တောနှင့် သီးသန့်သစ်တော နှစ်မျိုးပေါင်း ပါဝင်ပါသည်။ အုပ်စု(၂)ဖြစ်သည့် တောရိုင်းမြေ အမျိုးအစားသည် ၃၆၁ဝ၆၉၉ ဧကခန့်ရှိပြီး စုစုပေါင်း မြေဧရိယာ၏ ၂၁ ဒသမ ဝ၆ ရာခိုင်နှုန်းခန့်ရှိပါသည်။

ယခင်ကသီးသန့်မဟုတ်သော သစ်တောဧရိယာအဖြစ် တည်ရှိခဲ့ပြီး နောက်ပိုင်းကာလတွင် ယနေ့အထိ တောရိုင်း မြေအဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ယင်းသို့ ပြင်ဆင် သတ်မှတ်ခဲ့ခြင်းကြောင့် သီးသန့်မဟုတ်သော သစ်တောဧရိယာအတိုင်း မှတ်ယူနိုင်ပါသည်။ သီးသန့်မဟုတ်သော သစ်တောဧရိယာတွင် သီးသန့်ထားသည့် သစ်တောကြိုးဝိုင်းမြေ၊ တည်ဆဲဥပဒေ တစ်ခုခုဖြင့် အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်အရ လွှဲပြောင်း အမွေဆက်ခံခွင့်ရှိသည့် မြေနှင့်လုပ်ပိုင်ခွင့်ရှိသည့် မြေများ၊ အစိုးရကထုတ်ပေးသည့် အပိုင်စာချုပ်နှင့် အငှားစာချုပ်တို့ဖြင့်ရရှိသည့် အခွင့်အရေးနှင့် အကျုံးဝင် သည့်မြေများမှ အပ ကျန်မြေအားလုံးသည် သီးသန့်မထားသည့် သစ်တောမြေဧရိယာဟု အဓိပ္ပာယ်သက်ရောက်မှုရှိပါသည်။

အုပ်စု(၂)တွင်ပါရှိသည့် မြေရိုင်းအမျိုးအစားသည် ၁၂၉၄၅၆၁၉ ဧကခန့်ရှိပြီး စုစုပေါင်းမြေ ဧရိယာ၏ ၇ ဒသမ ၇၆၄ ရာခိုင်နှုန်းခန့်ရှိပါသည်။ မြေရိုင်းဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့်တောရိုင်းမြေများကို ဆိုလိုပါသည်။

အုပ်စု(၂) ဖြစ်သည့် သစ်တောသစ်ပင်ဖုံးလွှမ်းသည့် မြေမျိုးများတွင် ၉၅၁၅၂၂၄၁ ဧကခန့်ရှိပြီး စုစုပေါင်း မြေဧရိယာ၏ ၅၆ ဒသမ ၉၁ ရာခိုင်နှုန်းခန့်ရှိသဖြင့် နိုင်ငံမြေဧရိယာ၏ စုစုပေါင်း ၅၆ ရာခိုင်နှုန်း ကျော်သည် သစ်တောသစ်ပင်များ ဖုံးလွှမ်းလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ သစ်တောသစ်ပင်များ ဖုံးလွှမ်းဧရိယာ လျော့နည်းမှုမရှိစေရေးအတွက် မြေလွတ်မြေရိုင်း အခြားနည်းအသုံးပြုခွင့်ပေးခြင်းကိုလည်းရရှိလာမည့်အကျိုးအမြတ်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝအပေါ် ထိခိုက်မှုများကို လေ့လာဆန်းစစ်မှုများ ပြုလုပ်ပြီးမှသာ ခွင့်ပြုပေးသင့်ကြောင်း သုံးသပ်ရရှိပါသည်။

## “စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် စိုက်ပျိုး မြေအမျိုးအစားခြောက်မျိုးနှင့် ကျန်မြေအမျိုးအစား ၁၆ မျိုး၊ စုစုပေါင်း မြေအမျိုးအစား ၂၂ မျိုးကို အထက်ပါ အတိုင်းခွဲခြား၍ ရာသီဥတုနှင့်ကောက်ပဲသီးနှံ နှစ်ချုပ်အစီရင်ခံစာအဖြစ် နှစ်စဉ်စာရင်းပြုစုဆောင်ရွက်လျက်ရှိ”

**အုပ်စု(၃)မြေအုပ်စု**

အုပ်စု(၃)မြေအုပ်စုတွင် သတ္တုတွင်းမြေ၊ ကျွဲ၊ နွား စားကျက်မြေ၊ မီးရထားလမ်းမြေ၊ လမ်းမြေ၊ အင်းအိုင်မြေ၊ မြို့မြေ၊ ရွာမြေ၊ လေယာဉ်ပျံကွင်းမြေ၊ သာသနာ၊ သုသာန် အဆောက်အအုံ စသည့်မြေများနှင့် ကျန်အခြားမြေအမျိုးအစားများပါဝင်ပါသည်။ သတ္တုတွင်းမြေအမျိုးအစားသည် ၉၂၂၅၉၂ ဧက ခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ဝ ဒသမ ၅၅ ရာခိုင်နှုန်းခန့်ရှိပါသည်။ သတ္တုတွင်းမြေဆိုသည်မှာ သက်ဆိုင်ရာ အက်ဥပဒေနှင့် နည်းဥပဒေများအရ ခရိုင်အတွင်း သတ္တုတူးဖော်ရန်စမ်းသပ်ရန်ဖြစ်စေ၊ အငှားဂရန်ဖြင့် ဖြစ်စေ၊ ခွင့်ပြုထားသည့်မြေများကိုခေါ်ပါသည်။ လိပ်ကျောက်၊ ဂဝံကျောက်စသည့်တို့ တူးဖော်ရန် ခွင့်ပြုထားသည့် ဧရိယာများလည်းပါဝင်ပါသည်။ ကျွဲ/နွားစားကျက်မြေအမျိုးအစားသည် ၇၃၈၇၇၂ ဧကခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ဝ ဒသမ ၄၄ ရာခိုင်နှုန်းခန့်ရှိပါသည်။ ကျွဲ/နွားစားကျက်မြေဆိုသည်မှာ ကျွဲ/နွားများအတွက် စားကျက်မြေအဖြစ် သတ်မှတ်ထားသောမြေဖြစ်ပြီး ကျွဲ/နွားများသွားသည့်လမ်းဧရိယာများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ အုပ်စု(၃)တွင်ပါရှိသည့် မီးရထားလမ်းမြေ အမျိုးအစားသည် ၆၇၂၅၅ ဧကခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ဝ ဒသမ ဝ၄ ရာခိုင်နှုန်းခန့်ရှိပါသည်။ မီးရထားလမ်းမြေဆိုသည်မှာ မီးရထားလမ်းမြေများနှင့် မီးရထားလမ်းနှင့် ယှဉ်လျက် ဘူတာရုံ၊ အလံပြရုံ၊ ကုန်ရုံ၊ လမ်းပြင်ရန် ပစ္စည်းထား သိုလှောင်သောဂိုဒေါင်၊ အလုပ်သမားအဆောက်အအုံ စသည်များအတွက် သီးခြားသတ်မှတ်ထားသော မြေများ ပါဝင်ပါသည်။

လမ်းမြေအမျိုးအစားတွင် ၆၇၄၇၉၈ ဧကခန့်ရှိပြီး စုစုပေါင်းမြေ ဧရိယာ၏ ဝ ဒသမ ၄ ရာခိုင်နှုန်း ခန့်ရှိပါသည်။ လမ်းမြေဆိုသည်မှာ အစိုးရလမ်းဌာနနှင့် ခရိုင်များကသော်လည်းကောင်း၊ အခြားနည်း ဖြင့်သော်လည်းကောင်း၊ ဖောက်လုပ်ထားသော တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ် သောလမ်းမကြီးများ၏ ဟိုက်ဝေးဧရိယာကိုသာ ထည့်သွင်းဖော်ပြထားပါသည်။ မြို့တွင်းရွာတွင်းတို့မှ လမ်းနယ်များကို ထည့်သွင်းထားခြင်းမရှိပါ။ သို့သော် မြို့ရွာမြေများကို ဖြတ်သန်းသွားသော လမ်းမကြီးများ၏ မြို့ရွာမြေအတွင်းကျသောဧရိယာကို ထည့်သွင်းဖော်ပြထားပါသည်။

ဆည်မြောင်း၊ ကန်၊ တာတမံမြေအမျိုးအစားသည် ၆၄၂၃၆၁ ဧကခန့်ရှိပြီး စုစုပေါင်းမြေ ဧရိယာ၏ ဝ ဒသမ ၃၈ ရာခိုင်နှုန်းခန့်ရှိပါသည်။ ဆည်မြောင်း၊ ကန်၊ တာတမံမြေဆိုသည်မှာ အစိုးရ ဆည်၊ ကန်၊ မြောင်းမကြီး၊ မြောင်းမငယ်၊ တာတမံများ၊ ပုဂ္ဂလိကဆည်၊ ကန်၊ မြောင်းမကြီး၊ မြောင်းမငယ်နှင့် တာတမံများအဖြစ်သတ်မှတ် အသုံးပြုလျက်ရှိသည့် မြေဧရိယာများပါဝင်ပါသည်။ အစိုးရဆည်မြောင်း ဌာနက တည်ဆောက်ထားသော ဆည်၊ ကန်၊ မြောင်းမကြီး၊ မြောင်းမငယ်နှင့် တာတမံမြေများနှင့် ကပ်လျက်တစ်စပ်တည်း တည်ရှိနေသည့် ဆည်မြောင်းတာတမံများ၊ ထိန်းသိမ်း ပြုပြင်လုပ်ကိုင်ရေးနှင့် သက်ဆိုင်သောရေကာတာ၊ ရေတံခါး၊ ပစ္စည်းသိုလှောင်သောဂိုဒေါင်၊ အလုပ်သမား နယ်မြေစသော အဆောက်အအုံမြေများ ပါဝင်ပါသည်။ မြို့ရွာမြေများကိုဖြတ်သန်းသွားသောမြောင်းမကြီး၊ မြောင်းမငယ်နှင့် တာတမံအတွက် မြို့ရွာမြေတွင်ကျရောက်သော ဧရိယာများကို ထည့်သွင်းတွက်ချက်ထားပါသည်။

မြစ်ချောင်းနှင့် ရေအောက်မြေအမျိုးအစားသည် ၄၈၃၅၄၃၉ ဧက ခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ၂ ဒသမ ၈၉ ရာခိုင်နှုန်းခန့်ရှိပါသည်။ မြစ်ချောင်းနှင့် ရေအောက်မြေဆိုသည်မှာ ဆည်၊ မြောင်း၊ ကန်၊ တာတမံမြေခေါင်းစဉ်နှင့် အင်းအိုင်စသည့်မြေများခေါင်းစဉ်အောက်တွင် ဖော်ပြသော ဧရိယာများမှအပ အခြားအင်းအိုင်ရေအောက်မြေဧရိယာ များ ပါဝင်ပါသည်။

အင်းအိုင်မြေအမျိုးအစားသည် ၄ဝ၄၈၉၃ ဧကခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ဝ ဒသမ ၂၄ ရာခိုင်နှုန်း ခန့်ရှိပါသည်။ အင်းအိုင်ရေအောက်မြေဧရိယာများပါဝင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ရေချိုငါးလုပ်ငန်း ဥပဒေနှင့်အညီ စီမံခန့်ခွဲပါသည်။ စက်ရုံမြေအမျိုးအစားသည် ၇၄ဝ၁၂၈ ဧကခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ဝ ဒသမ ၄၄ ရာခိုင်နှုန်းခန့်ရှိပါသည်။ မြို့ရွာအတွင်း၌ဖြစ်စေ၊ မြို့ရွာ အပြင်၌ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေအရ စက်ရုံနေရာဟု သတ်မှတ်ထားပြီးသော ဧရိယာနှင့် ယင်းသို့ သတ်မှတ်ထားရှိခြင်း မရှိသေးသော်လည်း စက်ရုံနေရာအဖြစ် မြေပေါ်တွင် လက်ရှိအသုံးပြုနေသော ဧရိယာများပါဝင်ပါသည်။

မြို့မြေအတွင်း လူနေထိုင်သည့်မြေအမျိုးအစားသည် ၄၉၇၄၄၆ ဧကခန့်ရှိပြီး စုစုပေါင်း မြေဧရိယာ၏ ဝ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိပါသည်။ ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေအရ မြို့ဆိုသည်မှာ ဤအက်ဥပဒေအရ အစိုးရကမြို့ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော၊ စည်ပင်သာယာရေး အက်ဥပဒေအရ သို့မဟုတ် ယခင်မြို့များအက်ဥပဒေ၊ ယခုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ မြို့အဖြစ် သတ်မှတ်ထားသော ဧရိယာအပိုင်းအခြားကို ဆိုလိုပါသည်။ သက်ဆိုင်ရာ ဥပဒေများအရ မြို့ သို့မဟုတ် ရွာအဖြစ် အစိုးရ ပြန်တမ်းဖြင့်ကြေညာပြီးသော မြို့ရွာများအပြင် အစိုးရပြန်တမ်းနှင့် ကြေညာပြီးခြင်းမရှိသေးသော်လည်း မြေပေါ်တွင် မြို့ရွာအဖြစ် အကွက်ရိုက်ပြီး လက်ရှိလူနေထိုင်ရန်အတွက် အသုံးပြုလျက်ရှိသောဧရိယာများပါဝင်ပါသည်။ မြို့မြေအတွင်း မီးရထားလမ်းမြေ၊ ဆည်မြောင်း၊ ကန်၊ တာတမံမြေ၊ စက်ရုံမြေ၊ သာသနာ၊ သုသာန် အဆောက်အအုံနှင့် အခြားမြေများခေါင်းစဉ် အသီးသီးအောက်တွင် ဖော်ပြထားသော ဧရိယာများ ထုတ်ပယ်၍ ကျန်ရှိသောလူနေထိုင်သည့် မြို့မြေ၊ ရွာမြေ ဧရိယာများကိုသာ ထည့်သွင်း တွက်ချက်ထားပါသည်။ အုပ်စု(၃)တွင်ပါရှိသည့် ရွာမြေအမျိုးအစားသည် ၁၂၃၅၈၇၇ ဧကခန့်ပါရှိပြီး စုစုပေါင်းမြေဧရိယာ၏ ဝ ဒသမ ၇၄ ရာခိုင်နှုန်းခန့်သာရှိပါသည်။ မြို့မြေ၊ ရွာမြေမှာ စုစုပေါင်းမြေဧရိယာ၏ ၁ ဒသမ ဝ၄ ရာခိုင်နှုန်းခန့်သာရှိသည့်အတွက် နောင်အနာဂတ်တွင် တိုးပွားလာသည့် လူဦးရေနှင့်အညီ စနစ်တကျ နေရာချထားနိုင်ရေးအတွက် မြို့မြေ၊ ရွာမြေ စီမံကိန်းများကို စနစ်တကျ ရေးဆွဲထားသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

လေယာဉ်ပျံကွင်းမြေအမျိုးအစားသည် ဧက ၅၂၆၂ဝ ခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ဝ ဒသမ ဝ၃ ရာခိုင်နှုန်းခန့်ရှိပါသည်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနှင့် မြေသိမ်းအက် ဥပဒေများအရ လေယာဉ်ပျံကွင်းမြေနေရာဟု သတ်မှတ်ပေးထားပြီး လက်ရှိအသုံးပြုသည်ဖြစ်စေ၊ အသုံးမပြုသည်ဖြစ်စေ၊ ယင်းဧရိယာများ သို့မဟုတ် ယင်းသို့သတ်မှတ်ပေးထားခြင်းမရှိသေးသော်လည်း လက်ရှိမြေပြင်ပေါ်တွင် လေယာဉ် ပျံကွင်းအဖြစ် အသုံးပြုလျက်ရှိသည့်ဧရိယာကို လေယာဉ်ပျံကွင်းမြေ ဟုခေါ်ပါသည်။ လေယာဉ်ကွင်းနှင့် ပတ်သက်သည့် အဆောက်အအုံဧရိယာများကိုလည်း ထည့်သွင်း တွက်ချက်ထားပါသည်။

သာသနာ၊ သုသာန် အဆောက်အအုံ စသည့် မြေအမျိုးအစားသည် ၁၉၂၄၁၈၂ ဧကခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ၁ ဒသမ ၁၅ ရာခိုင်နှုန်းခန့် ရှိပါသည်။ ယခင်က သာသနာ၊ သုသာန်အဆောက်အအုံနှင့် အခြားမြေများဟု ခေါင်းစဉ်တပ်၍ မှတ်တမ်းရေးသွင်းအသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် သာသနာ၊ သုသာန်အဆောက်အအုံ စသည့် မြေများခေါင်းစဉ်ဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ်အသုံးပြုခဲ့ပါသည်။ ယင်းခေါင်းစဉ်အောက်တွင် သာသနာ့မြေအဖြစ် ဘုရား၊ ကျောင်း၊ သိမ်စသည့် သာသနာ့အဆောက်အအုံများနှင့် ပရိဝုဏ်မြေများပါဝင်ပါသည်။ ရဟန်းသံဃာ၊ အခြားသာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်များနှင့် သာသနာရေး အဆောက်အအုံများအတွက် လှူဒါန်းထားသော လယ်ယာမြေများ မပါဝင်ပါ။ သုသာန်မြေအဖြစ် သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသည့်မြေများအပြင် ယင်းသို့သတ်မှတ်ထားရှိခြင်း မရှိသေးသော်လည်း သုသာန်မြေအဖြစ် လက်ရှိအသုံးပြုထားသော မြေများပါဝင်ပါသည်။

အထက်ပါခေါင်းစဉ် မြေအမျိုးအစားအောက်တွင် အခြားအဆောက်အအုံမြေများပါဝင်ပြီး ယင်းမြေများတွင် တပ်မတော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနများအပါအဝင် အစိုးရ၊ ဘုတ်ကော်ပရေးရှင်းများနှင့် အခြားအဖွဲ့အစည်းများမှ တည်းခိုရန်ဘိုတဲ၊ ရိပ်သာ၊ စခန်းအဆောက်အအုံများ အတွက်သော်လည်းကောင်း၊ အသုံးပြုလျက်ရှိသော သို့မဟုတ် အသုံးပြုရန် သီးသန့်သတ်မှတ်ထားသောမြေများပါဝင်ပါသည်။ သာသနာ၊ သုသာန်အဆောက်အအုံ စသည့်မြေအမျိုးအစားတွင် ဆားချက်မြေနှင့် အုတ်ဖုတ်မြေများပါဝင်ပါသည်။ ဤမြေများကို သာမန်နည်းအတိုင်း မှတ်ပုံတင် စာရင်း ၁–က၌ ထည့်သွင်းရေးမှတ်၍ အခွန်စည်းကြပ် ထိုက်သင့်လျှင် လယ်ယာစိုက်ပျိုးသော ဦးပိုင်များကဲ့သို့ အခွန်စည်းကြပ်ရမည်ဖြစ်ပါသည်။ ကောက်ပဲသီးနှံနှစ်ချုပ်အစီရင်ခံစာတွင် ၎င်းတို့၏ဧရိယာကို ဖော်ပြလျှင် မထွန်းမြေအဖြစ်ပြရမည်ဖြစ်ပါသည်။ ဆားချက်ရန်အတွက် အသုံးပြုသောမြေကို ဆားခွန်စည်းကြပ်သဖြင့် မြေခွန်မစည်းကြပ်ထိုက်ပါ။ ဆားချက်မြေနှင့် အုတ်ဖုတ်မြေသည်လည်း သာသနာ၊ သုသာန် အဆောက်အအုံနှင့် အခြားမြေများ ခေါင်းစဉ်အောက်တွင် ပါဝင်ပါသည်။

ကျန်အခြားမြေအမျိုးအစားသည် ၂၈၃၈၅၉၉၄ ဧကခန့်ရှိပြီး စုစုပေါင်းမြေဧရိယာ၏ ၁၆ ဒသမ ၉၈ ရာခိုင်နှုန်းခန့်ရှိပါသည်။ ကျန်အခြားမြေဆိုသည်မှာ လယ်ယာလုပ်ကိုင်ခြင်း မပြုနိုင်သည့် သဲကန္တာရ၊ ကျောက်ကုန်း၊ ပြောင်တလင်းပြင်၊ ကျောက်တောင်၊ ကျောက်ဆောင်၊ ကျောက်ကမ်းပါး၊ ကျောက်စရစ်ကုန်း၊ ဂဝံကုန်း၊ ဂျင်းကျောက်မြေ၊ ကျက်တီးကုန်း၊ ဆားပေါက်မြေ၊ ဆပ်ပြာပေါက်မြေ၊ စိမ့်ပေါက်မြေ၊ နွံပေါက်မြေ၊ ရေခဲတောင်နှင့် ဖွတ်ချေးမြေစသည့် လုံးဝစိုက်ပျိုးခြင်း မပြုနိုင်သည့် ဧရိယာ များပါဝင်ပါသည်။ ၎င်းဧရိယာသည် စုစုပေါင်းမြေဧရိယာ၏ ၁၆ ဒသမ ၉၈ ရာခိုင်နှုန်းခန့် ရှိသည့်အတွက် အလွန်များပြားသည့် မြေဧရိယာဖြစ်ပြီး ၎င်းမြေဧရိယာများတွင် ပြည်တွင်းပြည်ပ ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ အဖိုးတန် ဓာတ်သတ္တုများ၊ ရေနံသဘာဝဓာတ်ငွေ့၊ ကျောက်မျက်များကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးမှုမရှိအောင် ထုတ်လုပ်နိုင်ရေး၊ တည်ဆောက်ရေးအတွက် လိုအပ်သောပစ္စည်းများထုတ်လုပ်နိုင်ရေးနှင့် အခြားစက်မှုလုပ်ငန်းများအတွက် အကျိုးရှိအောင်ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ရာသီဥတုနှင့် ကောက်ပဲသီးနှံနှစ်ချုပ်အစီရင်ခံစာပါ မြေအမျိုးအစား ၂၂ မျိုး**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် စိုက်ပျိုးမြေအမျိုးအစားခြောက်မျိုးနှင့် ကျန်မြေအမျိုး အစား၁၆ မျိုး၊ စုစုပေါင်း မြေအမျိုးအစား ၂၂ မျိုးကို အထက်ပါအတိုင်းခွဲခြား၍ ရာသီဥတုနှင့်ကောက်ပဲသီးနှံ နှစ်ချုပ်အစီရင်ခံစာအဖြစ် နှစ်စဉ်စာရင်းပြုစုဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ အထက်ပါမြေ အမျိုးအစား ၂၂ မျိုးကို မြန်မာနိုင်ငံ၏ မြေအမျိုးအစား၂၂ မျိုးအဖြစ် ယူဆနိုင်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## 2019-20 Carabao Cup

# အိမ်ကွင်းမှာမန်ယူကိုထပ်မံအနိုင်ယူမယ့်မန်စီးတီး

ဝေမိုးဆက်

ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲတွေကို လာမယ့် ဇန်နဝါရီ ၂၉၊ ၃၀ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ပထမအကျော့တုန်းက မန်ယူက မန်စီးတီးကို အိမ်ကွင်းမှာ အရေးနိမ့်ခဲ့တာကြောင့် ဒီဒုတိယအကျော့ပွဲစဉ်မှာ ဘယ်လိုအနိုင်ကစားမလဲဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။

### Etihad Stadium Etihad Stadium

**မန်စီးတီး - မန်ယူ**

ပထမအကျော့ရလဒ် - မန်ယူ ၁-၃ မန်စီးတီး

**မန်စီးတီး၏ ကာရာဘောင်ဖလားခြေစွမ်း**

| | | |
|---|---|---|
| မန်ယူ | ၁-၃ | မန်စီးတီး |
| အောက်စဖို့ဒ် | ၁-၃ | မန်စီးတီး |
| မန်စီးတီး | ၃-၁ | ဆောက်သမ်တန် |
| ပရက်စတန် | ၀-၃ | မန်စီးတီး |

**မန်ယူ၏ ကာရာဘောင်ဖလားခြေစွမ်း**

| | | |
|---|---|---|
| မန်ယူ | ၁-၃ | မန်စီးတီး |
| မန်ယူ | ၃-၀ | ကိုချက်စတာ |
| ချယ်လ်ဆီး | ၁-၂ | မန်ယူ |
| မန်ယူ | ၁-၁ | ရိုချဒဲလ် |

မန်ယူအနေနဲ့ ပထမအကျော့မှာ အိမ်ကွင်းပွဲစဉ်အတွင်း ၁-၃ ဂိုးနဲ့ အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲမှာ နှစ်ဂိုးပြတ်အနိုင်ရဖို့ လိုအပ်နေပါတယ်။ ဒီပြိုင်ပွဲမှာ အဝေးဂိုးစည်းမျဉ်း မရှိတာကြောင့် မန်ယူအနေနဲ့ ၀-၂ ဂိုးနဲ့သာ အနိုင်ရရှိခဲ့မယ်ဆိုရင် ပယ်နယ်တီအဆုံးအဖြတ် ခံယူခွင့်ရရှိသွားမှာဖြစ်လို့ တိုက်စစ်ဖွင့်ကစားလာဖို့ရှိနေပါတယ်။ ဒါပေမယ့် မန်ယူမှာ အဓိကတိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ပါဝင်နိုင်ဖို့မရှိတာကြောင့် တိုက်စစ်ပိုင်း အားနည်းလာနိုင်ပါတယ်။ မန်စီးတီးကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု အနည်းငယ်အားနည်းနေပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ အသင်းလိုက် စွမ်းဆောင်ရည် ကောင်းမွန်မှုရှိပါတယ်။ တိုက်စစ်ပိုင်းမှာလည်း အဂူရို၊ ဒီဘရူနီတို့ ခြေစွမ်းပြနေတာကြောင့် တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုရှိနေပါတယ်။ အထူးသဖြင့် မန်စီးတီးအနေနဲ့ ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ ခက်ခဲနေတာကြောင့် ဆုဖလားတစ်လုံးအတွက် ဒီပြိုင်ပွဲကို အားစိုက်လာမှာလည်းဖြစ်ပါတယ်။ မန်ယူတို့ ပထမအကျော့ ရှုံးကြွေးကို ပြန်ဆပ်နိုင်ဖို့ ခက်မယ်။

### Villa Park

**ဗီလာ - လက်စတာ**

ပထမအကျော့ရလဒ် - လက်စတာ ၁-၁ ဗီလာ

**ဗီလာ၏ ကာရာဘောင်ဖလားခြေစွမ်း**

| | | |
|---|---|---|
| လက်စတာ | ၁-၁ | ဗီလာ |
| ဗီလာ | ၅-၀ | လီဗာပူး |
| ဗီလာ | ၂-၁ | ဝုဖ် |
| ဘရိုက်တန် | ၁-၃ | ဗီလာ |
| ခရူဝီလ် | ၁-၆ | ဗီလာ |

**လက်စတာ၏ ကာရာဘောင်ဖလားခြေစွမ်း**

| | | |
|---|---|---|
| လက်စတာ | ၁-၁ | ဗီလာ |
| အဲဗာတန် | ၂-၂ | လက်စတာ |
| ဘာတန် | ၁-၃ | လက်စတာ |
| လူတန်တောင်း | ၀-၄ | လက်စတာ |
| ကာဆယ် | ၁-၁ | လက်စတာ |

ဗီလာဟာ ပထမအကျော့အဖြစ် လက်စတာရဲ့အိမ်ကွင်းမှာ သွားရောက်ကစားခဲ့တုန်းက တစ်ဂိုးစီ သရေကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီပြိုင်ပွဲက အဝေးဂိုးစည်းမျဉ်းမရှိတာကြောင့် ဒီပွဲစဉ်မှာ ဗီလာတို့ သရေကျရုံနဲ့ နောက်တစ်ဆင့်တက်ခွင့်ရရှိမှာ မဟုတ်ဘဲ နိုင်ပွဲရမှသာ နောက်တစ်ဆင့်ကို တက်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဗီလာတို့ အိမ်ကွင်းမှာ နိုင်ပွဲရရှိရေး အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် သတိပြုရမှာက ဗီလာရဲ့ ခံစစ်ပိုင်းက အားနည်းမှုတွေ ရှိနေတဲ့အချက်ပဲဖြစ်ပါတယ်။ လက်စတာကလည်း ဒီရာသီမှာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို ဆုဖလားတစ်လုံး မျှော်လင့်ချက်လည်း ရှိနေတာကြောင့် ဒီပွဲစဉ်မှာ အများအယွင်း အဖြစ်ခံမှာမဟုတ်ပါဘူး။ လက်စတာတို့ ခြေစွမ်းပိုင်းလည်း ဗီလာထက် ပိုမိုကောင်းမွန်နေလို့ လက်စတာပဲ နိုင်ပွဲရမယ်။

## ရီးရဲမက်ဒရစ်တွင် ဂါရတ်ဘေးလ် ဆက်ရှိနေမည်ဟု ၎င်း၏အေးဂျင့်ဖြစ်သူ ပြောဆို




စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်း တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ရီးရဲအသင်းတွင် စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ ရှိနေမည်ဖြစ်ကြောင်း ဂါရတ်ဘေးလ်၏ အေးဂျင့်ဖြစ်သူက အတည်ပြုပြောဆိုလိုက်သည်။

ဝေလကစားသမား ဂါရတ်ဘေးလ် (၃၀နှစ်)နှင့် ရီးရဲမက်ဒရစ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၂ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်ပြီး ဂါရတ်ဘေးလ်သည် အဆိုပါစာချုပ်အရ ရီးရဲအသင်းထံမှ တစ်ပတ်လုပ်ခငွေ ပေါင် ၆၅၀၀၀၀ ရရှိနေသူဖြစ်သည်။ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ရီးရဲအသင်းနည်းပြ ဇီဒန်းနှင့် အချင်းပွားမှုဖြစ်ခဲ့ခြင်းကြောင့် ဂါရတ်ဘေးလ်သည် ပြီးခဲ့သည့် နှစ်အတွင်းတွင် ရီးရဲအသင်းမှ ထွက်ခွာရန် နီးစပ်ခဲ့ဖူးသူဖြစ်သည်။ ဂါရတ်ဘေးလ်သည် တရုတ်ကလပ် ကျန်စုဆန်းနင်းအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သော်လည်း အပြီးသတ်စာချုပ် ချုပ်ဆိုခါနီး အချိန်တွင် အပြောင်းအရွှေ့ကိစ္စ ပျက်ပြယ်ခဲ့ရသည်။ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာရရှိမှု၊ နာမကျန်းဖြစ်မှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲအသင်းအတွက် စုစုပေါင်း ၁၅ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားပြီး သုံးဂိုး သွင်းယူထားသူဖြစ်သည်။

လန်ဒန်တွင် ကျင်းပခဲ့သော ဘောလုံးအေးဂျင့်များအဖွဲ့ တွေ့ဆုံပွဲသို့ တက်ရောက်လာခဲ့သူ တောင်ပံကစားသမား ဂါရတ်ဘေးလ်၏ အေးဂျင့် ဂျိုနသန်ဘားနက်က "ဂါရတ်ဘေးလ်ဟာ ရီးရဲအသင်းနဲ့ စာချုပ်သက်တမ်း နှစ်နှစ်ခွဲ ကျန်ရှိနေပါသေးတယ်။ သူအားလုံး အဆင်ပြေပါတယ်။ ဂါရတ်ဘေးလ်အနေနဲ့ ရီးရဲအသင်းမှာ စာချုပ်သက်တမ်းကုန်ချိန်အထိ ဆက်ရှိနေပါလိမ့်မယ်။ ဒါကိုလည်း ကျွန်တော်အမြဲပြောခဲ့ပါတယ်"ဟု ပြောဆိုခဲ့သည်။

ဂါရတ်ဘေးလ်၏ အသင်းဟောင်းဖြစ်သည့် စပါးအသင်းမှ တာဝန်ရှိသူများသည် တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဂါရတ်ဘေးလ်အား ကာလတိုအငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။

သို့သော်လည်း အာဆင်နယ်အသင်း ပရိသတ်တစ်ဦးဖြစ်သူ အေးဂျင့်ဘားနက်က "ဂါရတ်ဘေးလ်ဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားတွေအနက်က တစ်ဦးပါ။ ဘာကြောင့်သူဟာ ရီးရဲကနေ အခြားအသင်းတစ်သင်းဆီ အငှားနဲ့ ပြောင်းရွှေ့ရမှာလဲ။ ဒါက အဓိပ္ပာယ်မရှိတဲ့ ကိစ္စသာဖြစ်ပါတယ်။ ဂါရတ်ဘေးလ်က ရီးရဲအသင်းအတွက် ပါဝင်ကစားပြီး နောက်ထပ်ဆုဖလားတွေ ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု ဆက်လက်ပြောဆိုခဲ့သည်။

**ထက်အောင်**

## အက်ဖ်အေဖလား

| သောကြာနေ့ | | | ၂၄-၁-၂၀ |
|---|---|---|---|
| နံနက် ၂:၃၀ | ကျူပီအာ | - | ရှက်ဖီးလ်ဝင့်စ်ဒေး |
| နံနက် ၂:၃၀ | နော့တင်ဟမ် | - | ဒါဘီ |
| **စနေနေ့** | | | **၂၅-၁-၂၀** |
| ည ၇:၁၅ | ဘရန့်ဖို့ဒ် | - | လက်စတာ |
| ည ၉:၃၀ | ရက်ဒင်း | - | ကာဒစ်ဖ် |
| ည ၉:၃၀ | ဝက်စ်ဟမ်း | - | ဝက်စ်ဘရွန်း |
| ည ၉:၃၀ | ဘန်လေ | - | နော့ဝှစ်ချ် |
| ည ၉:၃၀ | ကိုဗင်ထရီ | - | ဘာမင်ဂမ် |
| ည ၉:၃၀ | ကာဆယ် | - | အောက်စ်ဖို့ဒ် |
| ည ၉:၃၀ | ပို့စ်မောက် | - | ဘန်စလေ |
| ည ၉:၃၀ | ဆောက်သမ်တန် | - | စပါး |
| ည ၉:၃၀ | မီလ်ဝေါလ် | - | ရှက်ဖီးလ်ယူ |
| နံနက် ၀၀:၀၀ | ဟားလ် | - | ချယ်လ်ဆီး |
| **တနင်္ဂနွေနေ့** | | | **၂၆-၁-၂၀** |
| ည ၇:၃၀ | မန်စီးတီး | - | ဖူလ်ဟမ် |
| ည ၉:၃၀ | ဝတ်ဖို့ဒ်/ထရန်မီယီ | - | မန်ယူ |
| ည ၁၁:၃၀ | ရှဝ်ဘရီ | - | လီဗာပူး |
| **တနင်္လာနေ့** | | | **၂၇-၁-၂၀** |
| နံနက် ၂:၃၀ | ဘုန်းမောက် | - | အာဆင်နယ် |

## စီးရီးအေပွဲစဉ်(၂၁)

| သောကြာနေ့ | | | ၂၄-၁-၂၀ |
|---|---|---|---|
| နံနက် ၂:၁၅ | ဘရက်ရှား | - | မီလန် |
| **စနေနေ့** | | | **၂၅-၁-၂၀** |
| ည ၈:၃၀ | SPAL | - | ဘိုလော့နာ |
| ည ၁၁:၃၀ | ဖီအိုရင်တီးနား | - | ဂျီနိုအာ |
| နံနက် ၂:၁၅ | တိုရီနို | - | အတ္တလန္တာ |
| **တနင်္ဂနွေနေ့** | | | **၂၆-၁-၂၀** |
| ည ၆:၀၀ | အင်တာ | - | ကက်ဂလီယာရီ |
| ည ၈:၃၀ | ဗီရိုနာ | - | လေချီ |
| ည ၈:၃၀ | ဆမ်ဒိုးရီးယား | - | ဆာစူအိုလို |
| ည ၈:၃၀ | ပါးမား | - | အူဒီးနီးစ် |
| ည ၁၁:၃၀ | ရိုးမား | - | လာဇီယို |
| နံနက် ၂:၁၅ | နာပိုလီ | - | ဂျူဗင်တပ် |

## ပြင်သစ်ပထမတန်းပွဲစဉ်(၂၁)

| သောကြာနေ့ | | | ၂၄-၁-၂၀ |
|---|---|---|---|
| နံနက် ၂:၁၅ | နိုက်စ် | - | ရိန်းနက်စ် |
| **စနေနေ့** | | | **၂၅-၁-၂၀** |
| ည ၁၁:၀၀ | မာဆေး | - | အန်ဂျာစ် |
| နံနက် ၁:၃၀ | ဘရက်စ် | - | အာမီယန် |
| နံနက် ၁:၃၀ | မိုနာကို | - | စထရက်ဘော့ချ် |
| နံနက် ၁:၃၀ | မောင့်ပယ်လီယာ | - | ဒီဂျွန် |
| နံနက် ၁:၃၀ | ရိမ်းစ် | - | မက်ဇ် |
| နံနက် ၁:၃၀ | စိန့်အေတီယန် | - | နီမက်စ် |
| **တနင်္ဂနွေနေ့** | | | **၂၆-၁-၂၀** |
| ည ၈:၃၀ | လိုင်ယွန် | - | တူးလောက်စ် |
| ည ၁၀:၃၀ | နန့်စ် | - | ဘော်ဒိုး |
| နံနက် ၂:၃၀ | လေလီ | - | ပီအက်စ်ဂျီ |

## လာလီဂါပွဲစဉ်(၂၁)

| သောကြာနေ့ | | | ၂၄-၁-၂၀ |
|---|---|---|---|
| နံနက် ၂:၃၀ | အိုဆာစူနာ | - | လီဗန်တေး |
| **စနေနေ့** | | | **၂၅-၁-၂၀** |
| ည ၆:၃၀ | အက်စ်ပန်ညော | - | ဘီလ်ဘို |
| ည ၉:၃၀ | ဗလင်စီယာ | - | ဘာစီလိုနာ |
| နံနက် ၀၀:၀၀ | အလာဗက်စ် | - | ဗီလာရီးရဲ |
| နံနက် ၂:၃၀ | ဆီဗီးလ် | - | ဂရန်နာဒါ |
| **တနင်္ဂနွေနေ့** | | | **၂၆-၁-၂၀** |
| ည ၅:၃၀ | အက်သလက်တီကို | - | လီဂါနက်စ် |
| ည ၇:၃၀ | ဆယ်တာဗီဂို | - | အီဘာ |
| ည ၉:၃၀ | ဂီတာဖေး | - | ဘက်တစ် |
| နံနက် ၀၀:၀၀ | ဆိုစီဒက်စ် | - | မာယော့ကာ |
| နံနက် ၂:၃၀ | ဗယ်လာဒိုးလစ် | - | ရီးရဲ |

## ကာရာဘောင်ဖလား ဆီမီးဖိုင်နယ်ဒုတိယအကျော့

| အင်္ဂါနေ့ | | | ၂၈-၁-၂၀ |
|---|---|---|---|
| နံနက် ၂:၁၅ | ဗီလာ | - | လက်စတာ |
| **ဗုဒ္ဓဟူးနေ့** | | | **၂၉-၁-၂၀** |
| နံနက် ၂:၃၀ | မန်စီးတီး | - | မန်ယူ |

## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## သမဝါယမဘဏ်လီမိတက်(CB Bank)၏ CB Pay & Internet Banking များကို အသုံးပြု၍ Online မှအခွန်ပေးဆောင်နိုင်ပြီ ဖြစ်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ငွေပေးသွင်းရာတွင် အီလက်ထရောနစ်စနစ်များကို အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ပေးဆောင်နိုင်ရေးအတွက် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ်ရှိ Customer Credit Transfer(CCT) Function အသုံးပြု၍ ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် Over the counter (OTC) ဖြင့် အခွန်ငွေပေးသွင်းခြင်းနှင့် IRD Website (www.ird.gov.mm) သို့ဝင်ရောက်၍MPU e-Commerce မှတစ်ဆင့် MPU Debit Card အသုံးပြု၍ Online မှအခွန်ပေးသွင်းခြင်းကို အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများ အသုံးပြု ပေးဆောင်လျက်ရှိပါသည်။

၂။ ထို့ပြင် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် အခွန်ပေးဆောင်နိုင်ရန် ဆောင်ရွက်ခဲ့ရာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)နှင့် (၄) တို့ရှိ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းကုမ္ပဏီများ အနေဖြင့် ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့မှစ၍ သမဝါယမဘဏ်လီမိတက် (CB Bank) ၏ CB Pay & Internet Banking စနစ်များကို အသုံးပြု၍ အခွန်ငွေပေးဆောင်နိုင်ပြီ ဖြစ်ပါသည်။

၃။ ထိုသို့ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် သမဝါယမဘဏ်လီမိတက် (CB Bank)အနေဖြင့် အခွန်ထမ်းသို့ ဘဏ်ငွေလက်ခံဖြတ်ပိုင်း ကနဦး ထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET မှတစ်ဆင့် အခွန်ငွေလွှဲပြောင်းပေးပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေလွှဲပြောင်းပေးသွင်းပြီးကြောင်း အထောက်အထားများကို email အသုံးပြုပေးပို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၄။ အခြားသော ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ချိန်တွင်လည်း ထပ်မံအသိပေး အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် ဘဏ်များသို့ကိုယ်တိုင်(သို့) ကိုယ်စားလှယ်မှ ငွေသား/ချက်လက်မှတ်ဖြင့် သွားရောက်ပေးသွင်းမည့်အစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များ အသုံးပြု၍ လုံခြုံစိတ်ချစွာဖြင့် အခွန်ငွေများကို ပေးဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ အသေးစိတ်အချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm၊ သက်ဆိုင်ရာအခွန်ရုံးများနှင့် သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ (e-Payment Section၊ရန်ကုန်)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်-၀၁-၈၃၇၉၀၂၂ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

(ပုံ)
(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့၊ အောင်သီရိရပ်၊ အမက(မူလွန်)၊ မူလတန်းပြဆရာမ ဒေါ်ယုယုထွန်း(ခ)ဒေါ်ယုရီရီထွန်း ၅/ခဥန(နိုင်)၀၁၄၄၇၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ယုယုထွန်း(ခ)ဒေါ်ယုရီရီထွန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့၊ အထက အလယ်တန်းပြဆရာမ ဒေါ်မာမာ(ခ)ဒေါ်မာမာအေး ၅/ခဥန(နိုင်) ၀၀၁၃၇၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မာမာ(ခ)ဒေါ်မာမာအေး**

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ စက်မှုလယ်ယာဦးစီးဌာနမှ ဒေါ်သန္တာဦး ၇/ကတခ(နိုင်)၀၇၃၇၈၅ စာရင်းကိုင်-၃ ၏ အမည်မှန်မှာ ဒေါ်သန္တာဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၀-၄-၁၉၇၅ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးဇာနည်လင်း-ဒေါ်ဥမ္မာဝင်းတို့၏သမီး ဖားကန့်မြို့နယ်၊ မှော်ဂလုံကျေးရွာ၊ မူလွန် KG တန်းမှ မဆုပြည့်လင်းအား ယနေ့မှစ၍ မဆုပြည့်ရတနာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၂/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၃၆၁)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရစ်သစ်)လျှောက်ထားနိုင်ရေး ဦးခင်မောင်မျိုး ၉/မရတ(နိုင်) ၀၄၇၇၁၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန
ပြင်ဦးလွင်မြို့**

### ပခုက္ကူမြို့နယ်သမဝါယမအသင်းစု ဇက်ရေယာဉ်ငှားရမ်းရန်ကြော်ငြာ

၁။ ပခုက္ကူမြို့နယ်သမဝါယမအသင်းစုပိုင် မြေလတ်ရောဇက်ရေယာဉ်(၂) (မှတ်ပုံတင်အမှတ် ၈-၂၃၄၇ မနစ/ပခုက္ကူ)အား ငှားရမ်းအသုံးပြုလိုသည့် ကုမ္ပဏီများ/အဖွဲ့အစည်းများ ဆက်သွယ်ငှားရမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) ရေယာဉ်အမည် | - | မြေလတ်ရော(၂)ဇက်ရေယာဉ် (၉၀၀၉) |
| (ခ) အတိုင်းအတာ | - | အလျား ၁၁၆'xအနံ၄၃'xအမြင့် (ရေစူး)၆' |
| (ဂ) ရေယာဉ်၏စုစုပေါင်းတန်ချိန် | - | (၁၉၇.၅)တန် |
| (ဃ) စက်အမျိုးအစား | - | YAMAHA (၅)လုံးထိုးအင်ဂျင် (၂)လုံး |

(င) အသေးစိတ်သိရှိလိုပါက မြို့နယ်သမဝါယမအသင်းစု ပခုက္ကူမြို့သို့ အောက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဖုန်း-၀၉-၄၃၀၀၈၃၀၄၊ ၀၉-၄၀၁၆၄၂၈၉၈၊ ၀၉-၄၀၁၆၄၈၂၇၂၊ ၀၆၂-၂၁၀၇၄

**အမှုဆောင်ဒါရိုက်တာအဖွဲ့
ပခုက္ကူမြို့နယ်သမဝါယမအသင်းစု**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မင်းကင်းမြို့နယ်တရားရုံးတော်
### ၂၀၁၉ခုနှစ် တရားမကြီးအမှုအမှတ် ၃၀

မခင်မာတူး(ခ)မေဇင်ကျော် နှင့် ကိုရန်ငြိမ်းအောင်
တရားလို တရားပြိုင်

ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ သကြားစက်ရုံအနီး၊ နမ့်အွန်ကျေးရွာနေ ကိုရန်ငြိမ်း အောင်(ယခုနေရပ် လိပ်စာမသိသူ)သိ စေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၈၁ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက် )မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွက်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေရည်ဦး)
မြို့နယ်တရားသူကြီး
မင်းကင်းမြို့နယ်တရားရုံး**

### (၇၃)ကြိမ်မြောက်မွန်အမျိုးသားနေ့ အကြိုမီနီမာရသွန်ပြေးပြိုင်ပွဲ

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလ (၂)ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကျင်းပပြုလုပ်မည့် မွန်အမျိုးသားနေ့အထိမ်းအမှတ်အကြို Mini Marathon 2020 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ Mini Marathon 2020 ပြိုင်ပွဲ (၁၀ကီလိုမီတာ) ကို ဖေဖော်ဝါရီလ(၂)ရက် နံနက် ၅:၀၀ မှ ၈:၀၀နာရီ အချိန်ထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အသက်(၁၀)နှစ် အထက်စိတ်ပါဝင်စားသည့် မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း အသိပေးအပ်ပါသည်။ (ဆုကြေးများအနေနှင့်)

| | | |
|---|---|---|
| ပထမဆု | - | ၅၀၀၀၀၀ကျပ် |
| ဒုတိယဆု | - | ၃၀၀၀၀၀ကျပ် |
| တတိယဆု | - | ၂၀၀၀၀၀ကျပ်အပြင်အခြား |

ဆုလက်ဆောင်များကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် မွန်အမျိုးသားနေ့ ကျင်းပမည့် ကွင်းရှိ ကွပ်ကဲရေးရုံးတွင် စာရင်းပေးသွင်းနိုင်ပါသည်။ ၃၁-၁-၂၀၂၀ရက်ကို နောက်ဆုံးထား၍ စာရင်းပေးသွင်းရပါမည်။

| | | |
|---|---|---|
| တည်နေရာ | - | သံလွင်ဥယျာဉ်မြေကွက်လပ်(မွန်ပြည်နယ်လွှတ်တော်ရုံး အနောက်ဘက်)ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ |
| နေ့ရက်အချိန် | - | ၂-၂-၂၀၂၀ရက်၊ နံနက် ၆:၀၀နာရီတွင် တာစလွှတ်မည်။ |
| ဆက်သွယ်ရန်ဖုန်း | - | ၀၉-၄၄၉၀၀၀၇၅၈၊ ၀၉-၂၅၅၉၀၄၅၉၈ |
| Email | - | www.minimarathon.orgmea.com |

### ရန်ကုန်တိုင်းဒေသကြီး၊ အိမ်ရာစီမံကိန်းများ ရောင်းချရေးကြီးကြပ်မှုကော်မတီမှ စတုတ္ထအသုတ် အိမ်ခန်းများရောင်းချပေးခြင်းကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အိမ်ရာစီမံကိန်းများရောင်းချရေးကြီးကြပ်မှုကော်မတီမှ စတုတ္ထအသုတ်အဖြစ် အိမ်ခန်းလက်ကျန်(၂၁၁)ခန်းကို ကော်မတီ၏ ၈-၁-၂၀၂၀ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ တန်းစီဇယားပါ စိစစ်ဝယ်ယူခွင့်ပြုထားသူ(၆၉၆)ဦးအား ရောင်းချပေးမည်ဖြစ်ပါသည်။
၂။ စတုတ္ထအသုတ်ရောင်းချပေးမည့်အိမ်ခန်း(၂၁၁)ခန်းစာရင်းနှင့်ဝယ်ယူခွင့်ပြုထားသူ(၆၉၆)ဦးစာရင်းတို့ကို အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး မြေညီထပ် Yangon City Gallery တွင် ၂၇-၁-၂၀၂၀ရက်မှ ၂၁-၂-၂၀၂၀ရက်ထိ ကြေညာထားမည်ဖြစ်ပါသည်။
၃။ ဝယ်ယူခွင့်ရရှိသူများသည် ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(CHID Bank)တွင် Housing Saving Account ကျပ်(၃၀)သိန်းကို ပေးသွင်းပြီးမှ ဝယ်ယူလိုသော အိမ်ရာကို Yangon City Gallery တွင် ဆန္ဒပြုကြရမည်ဖြစ်ပါသည်။
၄။ ဆန္ဒပြုအိမ်ရာအလိုက် ရောင်းရန်ကျန်အိမ်ခန်းများကို မဲစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။မဲ မပေါက်သူများသည် အခြားအိမ် ခန်းများရောင်းရန်ကျန်ရှိပါက ဆက်လက်ဆန္ဒပြုဝယ်ယူနိုင်ပါသည်။
၅။ ၂၁-၂-၂၀၂၀ရက်အထိ ငွေသွင်းခြင်း၊ ဆန္ဒပြုခြင်းများဆောင်ရွက်ခြင်းမရှိပါက အိမ်ခန်းဝယ်ယူခွင့်အားလုံး ပျက်ပြယ်မည်ဖြစ်ပါ သည်။

**ရန်ကုန်တိုင်းဒေသကြီးအိမ်ရာစီမံကိန်းများရောင်းချရေးကြီးကြပ်မှုကော်မတီ
ဖုန်း-၀၉-၄၄၈၁၄၄၇၅၅**

### နေပြည်တော်စည်ပင်သာယာရေးကော်မတီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံး စရိတ်ဖြင့် ဝယ်ယူရန်အတွက် လိုအပ်သည့် ပြည်ပနိုင်ငံထုတ်မော်တော်ယာဉ် ၁၅စီးနှင့် အမှိုက်ကန် ၄ကန်အား မြန်မာကျပ်ငွေဖြင့် ဝယ် ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသူများ အောက်ပါအတိုင်းအိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံစတင်ဝယ်ယူရမည့်ရက် | - | ၂၇-၁-၂၀၂၀ရက် |
| တင်ဒါပုံစံစတင်သွင်းရမည့် နောက်ဆုံးရက် | - | ၁၄-၂-၂၀၂၀ရက် |
| တင်ဒါပေးသွင်းရမည့်နေရာ | - | စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းနိုင်ပါသည်-
စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၆၇-၃၄၃၂၀၈၁၊ ၀၆၇-၃၄၃၂၀၈၃

**တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်တီ**

### မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တာမွေမြို့နယ်ရှိအသင်းပိုင်ရှစ်ထပ်ခွဲနှင့် Basement (Office Tower) အဆောက်အအုံငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ဗညားဒလလမ်းနှင့်(၁၄၈)လမ်းထောင့်၊ အမှတ်(၃၄၁)ရှိ မြေ(၂၈၇၅) စတုရန်းပေနှင့် ၎င်းမြေပေါ်တွင် တည်ဆောက်ထားသော ရှစ်ထပ်ခွဲနှင့် Basement (Office Tower)အဆောက်အအုံကို ၂၀၂၀ပြည့်နှစ်မှ စတင်ကာ ၅နှစ်မှ ၁၀နှစ်အထိ ငှားရမ်းမည်ဖြစ်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သုခမလမ်း၊ ဒက္ခိဏသီရိ မြို့နယ်၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာပုံစံများ ဝယ်ယူနိုင်ကြောင်းနှင့် တင်ဒါရွေးချယ်မှုလုပ်ငန်းစဉ်အား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | နေ့ရက်/အချိန်ကာလ |
|---|---|---|
| (က) | တင်ဒါအဆိုပြုလွှာများဝယ်ယူခြင်း | ၃-၂-၂၀၂၀ရက်မှ ၁၄-၂-၂၀၂၀ ထိ(ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါအဆိုပြုလွှာများလက်ခံခြင်း | ၄-၃-၂၀၂၀ရက်ထိ (ရုံးချိန်အတွင်း) |
| (ဂ) | တင်ဒါဖွင့်ဖောက်ခြင်းနှင့် တင်ဒါစိစစ်ရွေးချယ်ခြင်း | ၁၃-၃-၂၀၂၀ရက်မှ ၁၉-၃-၂၀၂၀ ရက်ထိ(ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါအောင်မြင်သည့် ကုမ္ပဏီအား အကြောင်းကြားခြင်းနှင့်အသင်းရုံး၊ Website တွင်ကြော်ငြာခြင်း | ၂၁-၃-၂၀၂၀ရက် |

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၉၀၀၂ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/7296, Nissan Vanette SKFZTN Pick up(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုးကျော် ၉/မကန(နိုင်)၀၈၈၂၂၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့ အမှတ်စဉ်(၂/၂၀၁၉-၂၀၂၀)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါပုံစံအဆိုပြုလွှာနောက်ဆုံးရောင်းချမည့်ရက်နှင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်အား ပြောင်းလဲပြင်ဆင်ခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)၊နေပြည်တော်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဝယ်ယူမည့်ဘေလီနှင့်ဆက်စပ်ပစ္စည်းများအား ဌာနဂိုဒေါင်နှင့်ကွင်းနေ ရာများအရောက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါအား ၂၇-၁၂-၂၀၁၉ရက်နှင့် ၁၀-၁-၂၀၂၀ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာခေါ်ယူခဲ့ပြီးဖြစ်ပါသည်။
၂။ ၎င်းအိတ်ဖွင့်တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက်နှင့်တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်တို့အား အောက်ပါအတိုင်း ပြောင်းလဲပြင်ဆင် သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ၃။ ယခင်တင်ဒါနောက်ဆုံး ရောင်းချမည့်ရက်/အချိန် | - | ၂၄-၁-၂၀၂၀ရက်(တနင်္လာနေ့)မှ |
| ပြောင်းလဲပြင်ဆင်သည့်နောက်ဆုံး ရောင်းချမည့်ရက်/အချိန် | - | ၃၁-၁-၂၀၂၀ရက်(သောကြာနေ့)ထိ (ရုံးချိန်အတွင်း) |
| ၄။ ယခင်တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက်/အချိန် | - | ၂၈-၁-၂၀၂၀ရက်(အင်္ဂါနေ့)(ရုံးချိန်အတွင်း) |
| ပြောင်းလဲပြင်ဆင်သည့် နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် | - | ၃-၂-၂၀၂၀ရက်(တနင်္လာနေ့)(ရုံးချိန်အတွင်း) |
| ၅။ တင်ဒါပုံစံရောင်းချမည့်နေရာ/ တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နေရာ | - | တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်အောင်(၂)၊ နယ်မြေ(၆)၊ရှမ်းကန်အနီး၊ ပျဉ်းမနားမြို့၊ ၀၆၇-၂၄၈၂၈။ |
| ၆။ တင်ဒါဖွင့်မည့်ရက် | - | ကြေညာပါမည်။ |

၇။ အသေးစိတ်အချက်အလက်များကို အထက်စာပိုဒ်(၅)ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော သစ်အုပ်ကြီးရာထူး လစာနှုန်း (ကျပ်-၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)(၆၄)နေရာ အတွက်လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သိပ္ပံ (သစ်တော)ဘွဲ့ B.Sc (Forestry) ရရှိသူ ဖြစ်ရမည်။
(ဂ) ၃၁-၁-၂၀၂၀ရက် တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) သစ်တောအတွင်း၌ အချိန်မရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာများကို မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများတွင်ရယူ၍ ကိုယ်ရေးမှတ် တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများပူတွဲလျက် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနရုံးချုပ်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ၂၄-၂-၂၀၂၀ ရက်အရောက် ပေးပို့လျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ(စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်။)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန်(စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြနိုင်ရမည်။)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့်ပြစ်မှု/မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း ရိုက်ကူးထားသောရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံ (နောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အသားဖော်ပြရန်။)
(င) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်။
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

၄။ ရေးဖြေစာမေးပွဲကို ရန်ကုန်တွင် ၂၀၂၀ခုနှစ် မတ်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့် ရက်၊ အချိန်နှင့်နေရာတို့ကို သ တင်းစာများ၌ အချိန်မီကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ်များ ဖြေဆိုရပါမည်-
(က) အင်္ဂလိပ်စာ
(ခ) အထွေထွေဗဟုသုတ

၆။ စည်းကမ်းနှင့်မကိုက်ညီသော သို့မဟုတ် မပြည့်စုံသော သို့မဟုတ် သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ် ဖြင့်လာရောက်ကြရပါမည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်ထုတ်ရေးရုံးချုပ်၊ အနောက်ကြို့ကုန်း၊ အင်းစိန်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ -ဖုန်း၀၁-၃၅၂၈၇၈၅၊ ၀၁-၃၅၂၈၇၉၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပါမောက္ခ(မြန်မာစာဌာန)ငြိမ်း၊ အမျိုးသားစာပေဆုများနှင့် တစ်သက်တာအမျိုးသားစာပေဆုရှင်၊ မြန်မာစာအဖွဲ့ဝင်၊ စာပေပညာရှင် ဒေါက်တာဦးခင်အေး၊ မောင်ခင်မင်(ဓနုဖြူ)သို့ အသက် ၈၀ ပြည့်ကန်တော့ပန်း

"အတတ်လည်းသင်၊ပွဲပြင်ဆုံးမ သိပ္ပမကျန်၊ဘေးရန်ဆီးကာ သင့်ရာအပ်ဖို့၊ ဆရာတို့ဝတ်" ယွင်းချွတ်မရှိ၊ပြည့်စုံဘိ၍ တတ်သိစုံလင်၊စာပေတွင်လည်း အောင်မြင်ကာလေ၊ ကျော်ပါပေ၏ ဆုတွေရထား၊အမျိုးသားစာ တစ်သက်တာနှင့် ပညာတစ်ရာထိပ်တန်းမှာတည့်၊စာပေများစွာရေးသားကာလျှင်၊ ပညာရှင်အဆင့် ဂုဏ်ရည်တင့်ကာ၊ ကျန်းမာပြည့်ကြွယ် သက်ရှစ်ဆယ်တည့်၊ပြည့်ကာလျှောက်လှမ်း ဘဝလမ်းလျှင်၊ရွှင်လန်းကြည်သာ ရေတွေ့ကြာသို့၊ ပမာပြုကာ ဦးခိုက်ပါသည်...ရာထောင်အသက်ရှည်စေသော်။ ။

**ချစ်တပည့် သန်းသန်းဦး**

**မြန်မာစာဌာနရန်ကုန်တက္ကသိုလ်**

## ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းခြင်း



ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် စံချိန်မီရပ်ကွက်အမှတ်- ၃၆၆ နေ ဦးသန်းထွဋ်(လျှပ်စစ်အင်ဂျင်နီယာ)-ဒေါ်စုစုနိုင် သား မောင်မြတ်မင်းဟိန်းမိသားစုမှ ကင်ဆာဝေဒနာရှင်များအတွက် ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ ကျပ် ၁၂၃၉၅၀၀ တန်ဖိုးရှိ အောက်ဆီဂျင်များ လှူဒါန်းရာ ဥက္ကဋ္ဌ၊ ပါမောက္ခဒေါက်တာ မျိုးညွန့်နှင့် အုပ်ချုပ်ရေးမှူးဦးပြုံးတို့မှ လက်ခံယူပါသည်။

**လှူဒါန်းမှုအပေါ် နတ်လူသာခုခေါ်စေသော်**

## ရိုးရာနှစ်သစ်ကူးပွဲတော် ဖိတ်ကြားလွှာ

ရန်ကုန်မြို့ ယူနန်မိသားစုဝင်များ၏ ရိုးရာနှစ်သစ်ကူးပွဲတော်တွင် အသက်(၇၅)နှစ်အထက် အသင်းဝင်သက်ကြီးရွယ်အို မိဘ/ဆရာများအား ကန်တော့ခြင်းနှင့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြီး ညနေစာကို ဘူဖေးဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပါ၍ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အသင်းဝင်မိသားစုများနှင့် မိတ်ဆွေသင်္ဂဟများအား ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပြီး အသင်းသားများ လိပ်စာပြောင်းခြင်းနှင့် အသင်းမဝင်ရသေးသော ယူနန်မိသားစုများရှိပါက လိပ်စာပါအတိုင်း ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - ညနေ ၃ နာရီမှ ည ၉ နာရီအထိ

**ကျင်းပမည့်နေရာ** - လှိုင်မင်္ဂလာခန်းမ၊ အမှတ်(၂၂/က)၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီး၊ သမိုင်းဆေးရုံမျက်နှာချင်းဆိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

**မှတ်ချက်**

၂၉-၁-၂၀၂၀ ရက်မတိုင်မီ အသက်(၇၅)နှစ်အထက် အသင်းဝင်များမှ စာရင်းပေးပို့ရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင် ကျောင်းသား/သူများသည် ဂုဏ်ပြုချီးမြှင့်ရန်အတွက် ကာလာလိုင်စင် ဓာတ်ပုံ(၂)ပုံဖြင့် ဘုံကျောင်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးပါရန် အသင်းသူ/သားများအား အကြောင်းကြားအပ်ပါသည်။

**ရန်ကုန်-ယူနန်လူမှုကူညီရေးအသင်း**

**အမှတ်(၂၂/က)၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီး၊ သမိုင်းဆေးရုံမျက်နှာချင်းဆိုင်**

**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၁-၆၅၃၂၂၅၊ ၀၁-၆၅၃၂၂၆၊ ၀၁-၆၆၀၂၀၃**

**၀၉-၇၃၀၁၂၂၈၊ ၀၉-၇၃၀၁၂၂၉**

## အမည်ပြောင်း

ပျဉ်းမနားမြို့ပညာ့ပန်းတိုင်ကိုယ်ပိုင် အထက်တန်းကျောင်း စတုတ္ထတန်း (Grade-5) မှ ဦးအာကာထွန်း ၉/ပသဘ(နိုင်)၀၆၆၀၁၈၏ သမီးမခိုင်ဖူးဖူးသန့်အား ယနေ့မှစ၍ မဖူးပြည့်စုံဟုပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ကိုမြင့်သည် လုပ်ငန်းများ လုပ်ကိုင်နေစဉ်အတွင်း Mann Myittar Trading Co.,Ltd အမည်ရှိသွင်းကုန်လိုင်စင်အမှတ် ILV 16-17 12866 23-1-2017 နှင့် Import Declaration No-100024275263 မှာ ပျောက်ဆုံးသွားပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၈၃၀၂၇၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့ သလ္လာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅၁၊အေးရိပ်ငြိမ်)၊ ဦးပိုင်အမှတ် (၂)၊ဧရိယာ ၀ ဒသမ ၀၂၇၅ ဧကအား ဦးအေးကို အမည်ဖြင့် မြေငှားစာချုပ် (အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/8287 MAZDA DEMIO HATCH BACK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ကျော် ၁၂/တမန(နိုင်)၀၉၂၄၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီတွင် ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း SSC ဆေးရုံကြီးရှေ့ ခြောက်ထပ်ကြီးဘုရားဝင်းရှိ ဘိုကလေးမြို့နယ်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။ အသင်းသူအသင်းသားများ၊ မြို့နယ်သူမြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်ဘိုးဘွားများနှင့် ၂၀၁၈-၂၀၁၉ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် ၁၀-၂-၂၀၂၀ ရက် နောက်ဆုံးထား၍ ဦးစိန်မြင့် ဖုန်း-၀၉-၅၀၂၉၆၂၆၊ ဦးတင်သောင်း ဖုန်း-၀၉-၅၀၄၂၁၇၀၊ ဦးဝင်းမော်ဦး ဖုန်း-၀၉-၄၀၁၅၂၃၂၃၆၊ ဦးဝင်းဇော် ဖုန်း-၀၉-၇၉၉၄၇၈၄၉၉ တို့ထံ ဆက်သွယ်စာရင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့၊**

**ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ အိုင်တောင်ရွာ၊ အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ် (၀၂၈) Grade-2 မှ ဦးသန့်ဇင်ထွန်း-ဒေါ်မေသူကျော်တို့၏ သား မောင်ဘုန်းသန့်မင်း၏ အမည်မှာ မောင်ဘုန်းတေဇာဖြိုး ဖြစ်ကြောင်း။

**မောင်ဘုန်းတေဇာဖြိုး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/1340၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ရုံး အိတ်ဖွင့်တင်ဒါ (OPEN TENDER) ခေါ်ယူခြင်း

လုပ်ငန်း(၁)။ ။ ကျိုက္ကစံဆံတော်ရှင်စေတီတော်၏ ဒုတိယပစ္စယံအခြေမှ ဖိနပ်တော်အထိအပိုင်းအားရွှေချရန်အတွက် မြန်မာနိုင်ငံသားရွှေလုပ်ငန်းရှင်များထံမှ အရည်အသွေး၊ အဆင့်မီရွှေဆိုင်းများကို ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

လုပ်ငန်း(၂)။ ။ ကျိုက္ကစံဆံတော်ရှင်စေတီတော်၏ ဒုတိယပစ္စယံအခြေမှ ဖိနပ်တော်အထိအပိုင်းအား လက်ခစားရွှေချရန်အတွက် မြန်မာနိုင်ငံသားရွှေချလုပ်ငန်းရှင်များထံမှ ဆောင်ရွက်ပေးရန် တောင်းခံလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

လုပ်ငန်း(၂)မျိုးစလုံးအတွက်

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၂၈-၁-၂၀၂၀ ရက် |
| တင်ဒါပိတ်မည့်ရက်/အချိန် | - | ၁၀-၂-၂၀၂၀ရက် ညနေ ၁၆:၀၀နာရီ |
| တင်ဒါသွင်းရမည့်နေရာ | - | ဂေါပကအဖွဲ့ရုံး၊ ကျိုက္ကစံဆံတော်ရှင် စေတီတော် |
| တင်ဒါဖွင့်မည့်ရက်၊ အချိန်နှင့်နေရာ | - | ဆက်သွယ်အကြောင်း ကြားပါမည် |

[အသေးစိတ်အချက်အလက်များကို ရုံးဖုန်း-၀၉-၄၄၆၈၉၀၀၁၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။]

**တင်ဒါကော်မတီ**

## (၇၁)နှစ်မြောက် အမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ် အမြောက်တပ်ဖွဲ့ဝင်ဟောင်းများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ဆွမ်းကျွေးအလှူပွဲနှင့် ဂုဏ်ပြုညစာစားပွဲဖိတ်ကြားလွှာ

(၇၁)နှစ်မြောက် အမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် အမြောက်တပ်ဖွဲ့ဝင်ဟောင်းများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ဆွမ်းကျွေးအလှူပွဲနှင့် ဂုဏ်ပြုညစာစားပွဲတို့အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | ဂေါက်သီးရိုက်ပြိုင်ပွဲ | ဆွမ်းကျွေးအလှူပွဲ(ဇနီးများ) | ဂုဏ်ပြုညစာစားပွဲ(အမျိုးသားများ) |
|---|---|---|---|
| **ကျင်းပမည့်ရက်** | ၂-၂-၂၀၂၀ (တနင်္ဂနွေနေ့) | ၃-၂-၂၀၂၀(တနင်္လာနေ့) | ၃-၂-၂၀၂၀(တနင်္လာနေ့) |
| **ကျင်းပမည့်အချိန်** | နံနက် ၆:၃၀ နာရီ | နံနက်(၁၀)နာရီမှ(၁၂)နာရီထိ | ညနေ(၆)နာရီမှ ည(၉)နာရီထိ |
| **ကျင်းပမည့်နေရာ** | တပ်မတော်ဂေါက်ကွင်း | မြန်မာနိုင်ငံဗုဒ္ဓဂါယာ ကျောင်းတိုက်ကျောင်းလမ်းနှင့် အောင်တော်မူလမ်းကြား၊ မြေနီကုန်း | M3 Food Center |

**အမြောက်တပ်ဖွဲ့နေ့ကျင်းပရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းကောလိန် ၁၃/မစန(နိုင်)၀၀၂၉၈၉ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၆၀၇၆၆၅၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ ရူပဗေဒ အထူးပြု ၄ရပ-၁၂ ဖြင့် ဖြေဆိုအောင်မြင်ထားသော စိုင်းလောင်ရှဲန်၏ဖခင် ဦးစိုင်းဆမ်တစ်နှင့် ဦးစိုင်းဆမ်တစ်နွဲ့ ၁၃/ကတန(နိုင်)၀၀၂၅၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးစိုင်းထွန်းအောင် ၁၃/ကတလ(နိုင်)၀၁၅၂၀၅ ၏သမီး တာချီလိတ်မြို့၊ ဆန်ဆိုင်း(အထက)ကျောင်း၊ စတုတ္ထတန်း (ခ)မှ နန်းဖွေးငင်းမွေး၏ မွေးသက္ကရာဇ် အမှန်မှာ ၃၀-၁၂-၂၀၁၀ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ အကွက်အမှတ် (၅၉၉)ငန်းတေး၊ ဦး ပိုင်အမှတ် (၁၅/က/၄/၅)၊ ဧရိယာ ၀ ဒသမ ၂၅ဧကရှိအနှစ်(၃၀)အငှားဂရန်အမှတ် (ငါး) ၈၇/၂၀၁၈-၂၀၁၉ မြေကွက်အနက် လမ်းမဘက်မျက်နှာမူလျက်လက်ဝဲဘက် အခြမ်းမြေပုံပေါ်(ဘီ)အမှတ်ပြဧရိယာ ၀ ဒသမ ၁၄ဧကရှိမြေကွက်နှင့် အနောက်ပိုင်းရှိပုံစံ (၃၀-က) ထွက်ရှိပြီးမြေကွက်မျက်နှာဝ (၆၀)ပေ၊ အနောက်အဝ (၆၀)ပေနှင့် အရှည်ဘေးတစ်ဖက် (၂၁)စီရှိသောမြေကွက်တို့နှင့် ၎င်းမြေကွက်တို့ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှဝင်းညွှန့်၏ တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြတ်မျိုးသွယ် ၉/ရမသ(နိုင်)၀၈၅၁၀၀ ထံမှဝယ်ယူရန်ကျွန်ုပ်တို့၏မိတ်ဆွေ ဦးခင်စိုးကစရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်တို့ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ ဦးခင်စိုးထံသို့ဖြစ်စေ ဤကြော်ငြာပါရှိပြီးသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်မြင့် (LL.B,H.G.P)** | **ဦးပြည့်ဖြိုးဟိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)** | **အထက်တန်းရှေ့နေ(စဉ်-၄၅၀၁၂)** |
| **ဖုန်း-၀၉-၈၇၀၀၇၄၉** | **ဖုန်း-၀၉-၄၃၀၀၅၆၀၅** |

**ဦးနေလင်းထက် (LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၅၀၉၅၆)**

**ဖုန်း-၀၉-၄၄၉၂၄၉၃၅၀**

**အမှတ်(၁၆)၊ ကျိုက္ခမီလမ်း၊**

**ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)**

**ပုသိမ်ကြီးမြို့နယ်တရားရုံးတော်၌**

**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၅၄**

| | | |
|---|---|---|
| ဦးအေးရွှေ | နှင့် | ဒေါ်သန်းနွဲ့ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးအုပ်အုပ်စု၊ ကံကြီးကုန်းကျေးရွာနေ ဒေါ်သန်းနွဲ့(ဘ)ဦးပေါ သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအေးရွှေက မြေကွက်ရောင်းကြေးငွေ ၃၅၀၀၀၀၀/-(သုံးဆယ့်ငါးသိန်း)ကျပ်တိတိနှင့် နစ်နာကြေးငွေ ၃၀၀၀၀၀၀/-(သိန်းသုံးဆယ်)ကျပ် စုစုပေါင်းငွေကျပ် ၆၅၀၀၀၀၀/- (ခြောက်ဆယ့်ငါးသိန်း)ကျပ်တိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၄ရက် (၁၃၈၁ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေမွန်သက်နွယ်)**

**တွဲဖက်မြို့နယ်တရားသူကြီး(၃)**

**ပုသိမ်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (UE/၂/၄)၊ မြေကွက်အမှတ်(၈၇၃)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်တို့အား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းမြ ၁၂/လမန(နိုင်)၀၅၀၁၂၆ (ISN-093841) ထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဦးမျိုးခိုင် ၁၂/ဗဟန(နိုင်)၀၇၇၂၃၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စိမ့်ဇာဦး(စဉ်-၃၄၇၈၂)အထက်တန်းရှေ့နေ**

**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ ၃၄-ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း ၀၉-၅၄၀၁၁၀၄၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

Myanmar Beans & Timber Trading Company Limited၏ သစ်တောထောက်ခံချက်အမှတ် - ၀၄၁/၃၂ နှင့် DOပြေစာအမှတ်-040/16-17(L)၊ 041/16-17(L)၊ 2203/16-17(L) များနှင့် ခွဲသားထွက်ရှိ ရာခိုင်နှုန်းအတည်ပြုချက်ရပြီးသော အစီရင်ခံစာစာအုပ်၊ အတိုင်းစာရင်းများ၊ Exportလိုင်စင်မူရင်း၊ မြန်မာ့သစ်လုပ်ငန်းပြေစာအမှတ်-၆၇၇၆၅၈ မူရင်းနှင့် DOပြေစာအမှတ်-၆၇၈မူရင်းတို့ကို ဝယ်လက်ပြသရန် သစ်ပွဲစားတစ်ဦးထံ ၁၃-၁-၂၀၁၇ရက်တွင် MBTTကုမ္ပဏီမှ အပ်နှံခဲ့ရာ ယနေ့အချိန်အထိ ပိုင်ရှင်ဖြစ်သူ Myanmar Beans &Timber Trading Company Limitedထံသို့ အဆိုပါသစ်ပွဲစားမှ ပြန်လည်ပေးအပ်ခြင်းမရှိသည့်အပြင် အဆိုပါစာရွက်စာတမ်းများ၏မူရင်းများ မည်သည့်နေရာသို့ ရောက်ရှိနေမှန်းမသိရှိဘဲ ပျောက်ဆုံးနေပါသဖြင့် သစ်တောဦးစီးဌာနတွင် အဆိုပါစာရွက်စာတမ်းများကို ပြန်လည်လျှောက်ထားနိုင်ရန်အတွက် အဆိုပါစာရွက်စာတမ်းများ၏မူရင်းများ လက်ဝယ်ရှိသူများအနေဖြင့် အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုမ္ပဏီ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝေလင်းဌေး(LL.B,DIL)တရားလွှတ်တော်ရှေ့နေ**

**(စဉ်-၈၄၁၈)အမှတ်-၅၆၁၊ (ပ)ထပ်၊ အခန်း-၁၀၁/၂၊**

**ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း ၀၉-၇၆၅၀၉၉၀၉၈၊ ၀၉-၅၀၉၉၀၉၈**

## အမှန်ဖတ်ရှုပါရန်

၁၄-၁၂-၂၀၁၉ရက် ဤသတင်းစာ(၂၁)ပါ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ၄၁ယ/၈၂၄၀၆အား ယာဉ်အမှတ်-၄၁ယ/၈၂၄၈၆ သို့ အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ အထက(ခွဲ) ညောင်ကုန်း၊ တတိယတန်းမှ မကြည်သဇင်သင်း၏ ဖခင်အမည်မှန်မှာ ဦးသက်မွန် ၁၀/မဒန(နိုင်)၁၅၉၈၃၉ဖြစ်ပါကြောင်း။

**ဦးသက်မွန်**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ အထက(၂) နဝမတန်းမှ မောင်ဝေသူထွဋ်နှင့် တတိယတန်းမှ မောင်ဖြိုးထွဋ်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းထွန်း ၅/ကလထ(နိုင်) ၂၁၂၃၁၁ ဖြစ်ပါကြောင်း။ **ဦးအေးမင်းထွန်း**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမက(၂၀) ဥမ္မာဒန္တီကျောင်း Grade-3(A)မှ မအေးသီရိထွန်းအား မမေမီကို ဟု ပြောင်းလဲခေါ်ပါရန်။

**မမေမီကို**

## ခြံအမြန်ရောင်းမည်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီးဆေးရုံအနီး၊ တောင်ငူတန်းရပ်ကွက် (ပေ၄၀x၃၀၀)

Ph:09-661416186

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးဝင်း

### သံအမတ်ကြီး(ငြိမ်း)(ဒုတိယဗိုလ်မှူးကြီး)

### DSAအမှတ်စဉ်(၉)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အမှတ်(၃၀)ရပ်ကွက်၊ နှင်းဆီလမ်း(၉၈)နေ ဦးစိုးဝင်း (သံအမတ်ကြီး-ငြိမ်း)သည် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်း နည်းကြေကွဲရပါသည်။

**DSA အမှတ်စဉ်(၉)ကျောင်းဆင်း**

**အရာရှိများနှင့်မိသားစုများ**

## မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းဇော်အောင်(ခ)ဦးတူး

## ဥက္ကဋ္ဌ-ငွေအိမ်မင်းကုမ္ပဏီလီမိတက်

## အသက်(၅၆)နှစ်

ငွေအိမ်မင်းကုမ္ပဏီလီမိတက်၏ ဦးစီးဦးဆောင် ဥက္ကဋ္ဌကြီး ဦးဝင်းဇော်အောင်(ခ)ဦးတူးသည် ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့) ည ၆:၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**KMA Group of Companies**

**မိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းဇော်အောင်(ခ)ဦးတူး

## Chairman Of Ngwe Eain Min Co,Ltd

## အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ကြည်)-ဒေါ်ခင်စုတို့၏သား ရွှေသရဖီရိပ်မွန်၊ ရွှေသရဖီလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးကျော်-ဒေါ်တင်အေးတို့၏ သားသမက်၊ မောင်ဝေယံမိုးဦး၊ မမေကြော့ဆုလာဘ်၊ မတင်မြင့်မိုရ်ထက်တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်သီတာကျော်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့) ည ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(ရွှေသရဖီရိပ်မွန်နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် စတင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသိဒ္ဓိရပ်ကွက်၊ မြဝတ်မှုံ(၂)လမ်း၊ တိုက်(၃၃၆၆)၊ အခန်း(၀၃)နေ ဦးဆန်နီမော်၏ သမီး မအောင်သပြေနှင့် နန်းသားလောင် ၁၂/တမန(နိုင်) ၁၀၀၀၆၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မအောင်သပြေ(ခ)နန်းသားလောင်**

## ပျောက်ဆုံးကြောင်း

MIN GALAR OKE KAN COMPANY LIMITED၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကတ်မှာ ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်နှင့် ကျေးဇူးဆပ်ပါမည်။

**ဦးလှဆွေ**

**မန်နေဂျင်းဒါရိုက်တာ**

**၀၉-၄၀၇၄၄၄၆၁၄**

## အထူးကျေးဇူးတင်ရှိပါကြောင်း

ရန်ကုန်မြို့နေ (ဦးမောင်မောင်ဝင်း)-ဒေါ်စန်းမြင့်တို့၏သား၊ ဒေါ်သီတာအေး[W & T International Trading Pte.Ltd.(Sin gapore),FRONTIER 360 (Asia) Co.,Ltd(Myanmar)]၏ခင်ပွန်း၊ မဟေမာန်ဝင်း၊ မောင်ဝေယံဝင်းတို့၏ဖခင် ဦးညီညီဝင်း[ FRONTIER 360 (Asia) Pte.Ltd (Singapore), FRONTIER 360(Asia)Co.,Ltd(Myanmar)]သည် ၁၈-၁-၂၀၂၀ ရက် (စနေနေ့) နံနက် ၂:၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့ပြီး မကွယ်လွန်စဉ်က ကူညီစောင့်ရှောက်ပေးခဲ့ကြသူများ၊ နောက်ဆုံးခရီးကို ပို့ဆောင်ကာ နာရေးကိစ္စအဝဝအတွက် ပံ့ပိုးဆောင်ရွက်ပေးကြသူများ၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ပစ္စည်းများ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ RIT နှင့် AIT သူငယ်ချင်းများ၊ ပြည်တွင်း ပြည်ပမှ မိတ်ဆွေ သူငယ်ချင်းများ၊ Telephone, Email နှင့် Social Media များမှတစ်ဆင့် နှစ်သိမ့်အားပေးကြသူများ၊ လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီအသီးသီးမှ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဇနီး ဒေါ်သီတာအေးနှင့်**

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၃၁)၊ ဦးပိုင်အမှတ် (၁၄၅/ခ)၊ မြေရေိယာ(၀ဒသမ၀၇၃)ကေအား ဒေါ်နီနီ ပိုင်ဆိုင်သော မြေငှားဂရန် မူရင်းပျောက်ဆုံးသွားပါသည်။ အဆိုပါမြေကွက်ကို ဒေါ်နီနီထံမှ တရားဝင်ဝယ်ယူခဲ့သူ ဦးခင်မောင်ဆွေ ၁/မမန(နိုင်)၀၀၀၀၄၃အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးခင်မောင်ဆွေ ၁/မမန(ဧည့်)၀၀၀၀၄၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၃)၊ မြေကွက် အမှတ်(၉၉၀)၊ အလျားပေ(၄၀)၊အနံပေ(၆၀)၊ဧရိယာ၀ဒသမ၀၅၅ကေရှိနှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သော စက်မှုဇုန်မြေနှင့် ယင်းမြေပေါ်ရှိ သုံးထပ်အဆောက်အအုံသည်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေငှားစာချုပ် ၁၉၉၇ ခုနှစ် မြေငှားအမှုတွဲအမှတ်-ဒ၀(စက်မှု)၁၄၂၅/၉၇ဖြင့် ဦးနေဝင်း(ဘ)ဦးဖောင် ၁၂/သဃက(နိုင်)၀၅၅၉၁၈ အမည်ပေါက်ပြီး မူလအမည် ပေါက်ဦးနေဝင်းထံမှ ရန်ကုန်မြို့မှတ်ပုံတင်စာချုပ်စာတမ်းများရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၃၄၇/၂၀၁၂ဖြင့် ဝယ်ယူပြီး လက်ရှိဖြစ်သူ ကိုယ်စားလှယ်စာရသူ ဒေါ်ဝင်းဝင်းကြိုင် ၁၂/သဃက(နိုင်)၁၂၈၁၇၉က ရောင်းချရန်ကမ်းလှမ်းကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အပါအဝင်(၃)ထပ်တိုက်အဆောက်အအုံနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၃)**

**တိုက်အမှတ်-၉/၁၁၊ ၃/ခ၊ မြေညီ၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အလက(ခွဲ) တောင်ကလေး အဋ္ဌမတန်းမှ မောင်စည်သူဖြိုးနှင့် ဆဋ္ဌမတန်းမှ မအိခိုင်မွန်တို့၏ဖခင် ဦးအောင်ကျော်မိုး ၁၄/မမန(နိုင်)၂၈၃၀၇၁ ၏အမည်မှန်မှာ ဦးကျော်ကြီးဖြစ်ပါကြောင်း။

**ဦးကျော်ကြီး**

## မောင်ဖိုးလပြည့်နှင့် အများသိစေရန်

လယ်ဝေးမြို့နယ်၊ သာဝတ္ထိအုပ်စု၊ အင်းသာကျေးရွာရှိ မိဘများဖြစ်သော ဦးလှမောင်-ဒေါ်တင်ရွှေတို့ပိုင်ဆိုင်သည့် အမှတ်(၄၇၅)၊ ရန်ကုန်-မန္တလေးကားလမ်း နောက်ဘက်ဘေးတွင်တည်ရှိသော အရှေ့ဘက်-ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ အနောက်ဘက်-ဦးစိုးသိန်း၊ တောင်ဘက်-လမ်းကြား၊ မြောက်ဘက်-ဦးစိန်ထွန်း အလားလေးရပ်အတွင်းရှိ ဝိုင်းခြံမြေပေါ်တွင် မောင်အငယ်ဆုံးဖြစ် သူ မောင်ဖိုးလပြည့်သည် မိခင်နှင့်အတူ နေထိုင်ခဲ့ပါသည်။ မောင်ဖိုးလပြည့်သည် မိခင်ဖြစ်သူ ဒေါ်တင်ရွှေကွယ်လွန်ပြီးနောက်တွင် လည်းမိခင်ပိုင်ဝိုင်းခြံမြေတွင် ဆက်လက်နေထိုင်လျက်ရှိပါသည်။ ယနေ့အချိန်မှစ၍ အမွေဆိုင်အိမ်ဝိုင်းခြံမြေအား မောင်ဖိုးလပြည့် အ နေဖြင့် အခြားသူများသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန်ကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိန်းသိန်းညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်ရွှေ LL.B(Advocate)**

**တရားလွှတ်တော်ရှေ့နေ**

**စဉ်-၄၇၇၃(၉-၁-၁၉၈၉)**

**စက်ရုံလမ်း၊ သာဝတ္ထိ၊ လယ်ဝေးမြို့၊ ဖုန်း-၀၉-၄၂၀၇၄၉၇၁၆**

## ၁၄-၁-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်ဦးသိန်းမြ ရှင်းလင်းကြေညာခြင်းကို ဒေါ်ဦးသိန်းမြက ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

(၁)အထက်ကြေညာချက်ပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်မ ဒေါ်ဦးသိန်းမြနှင့် ဦးအောင်ထိန်လင်း ၁၁/စတန(နိုင်)၀၆၂၉၅၅တို့ ပြုလုပ်ခဲ့ကြသည့် ၇-၁၁-၂၀၁၉ ရက်စွဲပါ မြေကွက်အရောင်းအဝယ်စာချုပ်ကို ၂၂-၁-၂၀၂၀ရက်၌ နှစ်ဦးသဘောတူ ပြန်လည်ဖျက်သိမ်းပြီးဖြစ်ပါသည်။

(၂) မြေကွက်ပိုင်ရှင် ဦးမောင်သန်းဝင်း ၁၁/စတန(နိုင်)၀၃၄၃၉၀က ကျွန်မ ဒေါ်ဦးသိန်းမြသို့ ပေးဆပ်ရန်ရှိသော ခေတ္တချေးငွေများကို အကြေအလည်ပေးဆပ်ပြီးဖြစ်သဖြင့် မြေကွက်၏ ဂရန်စာချုပ်မူရင်းနှင့်ထိုမြေကွက်ကိုရောင်းချရန် ဦးမောင်သိန်းဝင်းက ကျွန်မဒေါ်ဦး သိန်းမြသို့ပြုလုပ်ထားသည့် မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာ(စာချုပ်အမှတ်-၁၁၄/၂၀၁၉)ဦးမောင်သန်းဝင်းသို့ ၂၂-၁-၂၀၂၀ရက်၌ ပြန်လည်ပေးအပ်ပြီး ဖြစ်ပါသည်။

(၃) ကျွန်မ ဒေါ်ဦးသိန်းမြ၊ ဦးအောင်ထိန်လင်းနှင့်ဦးမောင်သန်းဝင်းတို့အကြားတွင် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပတ်သက်ဆက်စပ်မှု မရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဦးသိန်းမြ(ဘ)ဦးမောင်ထွီးချေ**

**၁၁/စတန(နိုင်)၀၅၆၁၀၄**

**အမှတ်(၄/၁၂)၊ဝက်ဘာလမ်း၊ ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့။**

## ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့်တောင်းပန်ခြင်း

ကျွန်တော် ဦးတင်အောင်စိုး စဉ်-၅၀၂၂၅/၂၀၁၈၊ အထက်တန်းရှေ့နေသည် ကလေးခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်-၂/၂၀၂၀ (တရားလိုဗိုလ်ကြီးလင်းအာကာထွန်းနှင့် တရားပြိုင်ဒေါ်ခင်စုဆွေ)"လင်မယားကွာရှင်းပြတ်စဲလိုမှုတွင် တရားလိုရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ပါသည်။ ထိုသို့လိုက်ပါဆောင်ရွက်ရာတွင် တရားပြိုင်အားချိန်းရက်တွင် မလာရောက်ပါက တရားပြိုင်၏ မျက်ကွယ်တွင် အမှုအား တစ်ဖက်သတ်စစ်ဆေးပေးပါရန် လျှောက်ထားသွားမည်ဖြစ်ကြောင်း တရားပြိုင်ထံ အသိပေးအကြောင်းကြားစာအား ၂၂-၁-၂၀၂၀ရက်ထုတ် မြန်မာ့အလင်း သတင်းစာ (ကြော်ငြာစာကော်လံ-၂၉)တွင် ကျွန်တော်မှ ထည့်သွင်းကြော်ငြာခဲ့ပါသည်။

ထိုသို့ကြော်ငြာရာတွင် ခေါင်းစီးပိုင်း၌ ကလေးမြို့ ခရိုင်တရားရုံးတော်၌ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂" ဟုကလေးခရိုင်တရားရုံး၏ အမည်ကိုဖော်ပြခဲ့ခြင်းမှာ သဘောရိုးဖြင့် မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတောင်းပန်အပ်ပါသည်။

**ဦးတင်အောင်စိုး**

**အထက်တန်းရှေ့နေ(စဉ်-၅၀၂၂၅/၂၀၁၈)**

**အမှတ်(၆/၈၄)၊ အောင်ဇေယျရပ်ကွက်၊ ကလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းဇော်အောင်(ခ)ဦးတူး

## ဥက္ကဋ္ဌ ငွေအိမ်မင်း ကုမ္ပဏီ လီမိတက်

## အသက်(၅၆)နှစ်

ငွေအိမ်မင်း ကုမ္ပဏီလီမိတက်၏ ဦးစီးဦးဆောင် ဥက္ကဋ္ဌကြီး ဦးဝင်းဇော်အောင်(ခ)ဦးတူး ကွယ်လွန်ခြင်းမှာ ငွေအိမ်မင်း ကုမ္ပဏီဝန်ထမ်း မိသားစုအတွက် ဖော်ပြ၍မရနိုင်သော ဆုံးရှုံးမှုတစ်ခုဖြစ်ပြီး မိသားစုနှင့်ထပ်တူ ထပ်မျှ ပူဆွေးဝမ်းနည်းကြေကွဲကြရပါသည်။

ဦးဝင်းဇော်အောင် အလှန်ဖြစ်စေချင်သော ဆန္ဒ(စီမံကိန်းလုပ်ငန်းကြီးများ)အား ဥက္ကဋ္ဌကြီး မိသားစုနှင့်အတူ မိမိတို့ဝန်ထမ်းများအားလုံးမှ အောင်မြင်အောင် တက်ညီလက်ညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစား၍ ဆောင်ရွက်သွားပါမည်ဟု ဥက္ကဋ္ဌကြီးအား ကတိသစ္စာပြုပါသည်။

ဦးဝင်းဇော်အောင်(ခ)ဦးတူး ကောင်းရာသုဂတိ ရောက်ရှိစံစားနိုင်ပါစေ။

**ဝန်ထမ်းမိသားစု**

**ငွေအိမ်မင်းကုမ္ပဏီလီမိတက်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/6379, Nissan Vanetla SKE ZIN P/U(၄x၂)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင်၉/ပမန(နိုင်)၁၅၉၀၈၇က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး ( မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ် (၁၀၀၁) အမည်ပေါက် ဦးကျော်ဝင်း (ဘ)ဦးရှိန် (AA-၀၀၆၅၂၈)မြေချပါမစ်မူရင်းအား ပြန်လည်အပ်နှံ၍ ဦးကျော်ဝင်း(ဘ)ဦးရှိန် (AA-၀၀၆၅၂၈)မှ ဘဏ်ငွေကျေကြောင်း ဘဏ်ထောက်ခံစာတင်ပြ၍ မြေချပါမစ်မူရင်းကို မြေငှားစာချုပ်(ဂရန်)မူရင်းဖြင့် လဲလှယ်ခွင့်ပြုပေးပါရန် လိုအပ်သော စာရွက်စာတမ်းများတင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါက ပြောင်းနှင့်သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းကို မြေငှား စာချုပ်(ဂရန်)မူရင်းဖြင့် လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**မြေယာဌာနခွဲ**

**ရန်ကုန်တိုင်းဒေသကြီး**

# "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀" ပွဲတော်နှင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀" ပွဲတော်နှင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များဖြစ်ကြသည့် ဦးဖြိုးမင်းသိန်းနှင့် ဦးအယ်လ်ဖောင်းရှို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်း၊ ဒေါက်တာ မြလေးစိန်နှင့် ဦးတင်လတ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသ ဦးစီးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✻



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀" ပွဲတော်နှင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## မြန်မာနှင့် ထိုင်း အမျိုးသမီးအသင်း ခြေစမ်းပွဲကို ကွင်းဝင်ကြေးအခမဲ့သတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၂၂ တိုကျိုအိုလံပစ် အမျိုးသမီးခြေစစ်ပွဲ တတိယအဆင့်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းတို့ မန္တလေးမြို့၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းနှစ်ပွဲစလုံးကို မြန်မာဘောလုံးပရိသတ်များ တစ်ခဲနက်အားပေးနိုင်ရန် ကွင်းဝင်ကြေးအခမဲ့ သတ်မှတ်ထားသည်။

မြန်မာအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့သည် ဇန်နဝါရီ ၂၅၊ ၂၈ ရက်တွင် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး ယင်းခြေစမ်းပွဲများကို ညနေ ၅ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဖေဖော်ဝါရီလ ပထမပတ်တွင် ယှဉ်ပြိုင်ရမည့် အိုလံပစ် တတိယအဆင့် ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် *စာမျက်နှာ ၁၂ ကော်လံ ၁* ❍

## AFC Cup ခြေစစ်ပွဲအောင်ရန် သေချာသလောက်ရှိသွားသည့် ရန်ကုန်အသင်း



ဇန်နဝါရီ ၂၂ ရက်က ကစားသည့် ပထမအကျော့တွင် ရန်ကုန်အသင်းသားများ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။
ဓာတ်ပုံ- ရန်ကုန်ယူနိုက်တက်

ရန်ကုန် ဇန်နဝါရီ ၂၃

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၂၀ AFC Cup ပြိုင်ပွဲ အာဆီယံဇုန်ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် ဘရူနိုင်းကလပ် အင်ဒရာအသင်းကို အဝေးကွင်း၌ ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

အာဆီယံဇုန် နောက်ဆုံးအဆင့်ခြေစစ်ပွဲတွင် သုံးပွဲပါဝင်ပြီး ရန်ကုန်(မြန်မာ)က အင်ဒရာ(ဘရူနိုင်း)ကို အဝေးကွင်း၌ ခြောက်ဂိုး-တစ်ဂိုး၊ မာကာဆာ(အင်ဒိုနီးရှား)က လာလီနော့ယူနိုက်တက်(တီမော)ကို အဝေးကွင်း၌ လေးဂိုး-တစ်ဂိုး၊ ဆာဖေ(ကမ္ဘောဒီးယား)က မာစတာ-7 (လာအို)ကို အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းသုံးပွဲစလုံး ဂိုးပြတ်ရလဒ်များ ထွက်ပေါ်ခဲ့သောကြောင့် အနိုင်ရရှိသည့်အသင်းများမှာ ခြေစစ်ပွဲအောင်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ ခြေစစ်ပွဲဒုတိယအကျော့ကို *စာမျက်နှာ ၁၂ ကော်လံ ၁* ❖


